www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်

တာပေ



ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်တာပေ၊

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၁ ခုနှစ် (ဩဂုတ်လ)၊ အုပ်ရေ (၅၀၀)၊

၈၉၅.၈၃
ကြည်ကျွ
မြန်မာ့ရှင်ဝဒီ/ ကြည်ကျွ။ - ရန်ကုန်
အောင်မြင်တာပေ၊ ၂၀၁၁။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြည်ကျွ

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ နာရီလက်တံတွေရှေ့ကို သွားနေသမျှ
အခက်အခဲတွေကို ရင်ဆိုင်ဖြေရှင်းကြရတယ်
အကယ်၍သာ
နာရီလက်တံတွေ နောက်ပြန်လည်နေရင်တော့
ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေကို
လှမ်းမြင်ကြရပါလိမ့်မယ်…။

❖ ခြေတစ်ချောင်းသာရှိတဲ့
တိရစ္ဆာန်တစ်ကောင်နဲ့ အပြေးပြိုင်ရင်
အနိုင်ရဖို့ မခက်ခဲလှပါဘူး
ခြေလေးချောင်းရှိတဲ့
သတ္တဝါတစ်ကောင်နဲ့ အပြေးပြိုင်ရင်တော့
ကြိုးစားအားထုတ်မှုများစွာ ပြုရပါမယ်…။

❖ မိမိကိုယ်ကို အကောင်းမမြင်ပဲ
အများအတွက် ကြိုးစားကြသူတွေကို
အများက အကောင်းမြင်တတ်ကြပါတယ်။

# ဒဿနလက်ဆောင်

❖ ဆင်းရဲသူနစ်ယောက် ပေါင်းမိရုံနှင့်
ချမ်းသာလာမည် မဟုတ်ပေ၊
ချမ်းသာသူနှင့် အတတ်ပညာရှိသူ
ပေါင်းမိလျှင်တော့
ကြီးစွာသော ချမ်းသာခြင်းကို ရစေနိုင်ပါတယ်။

❖ ကောက်ကွေ့နေတဲ့ သစ်လုံးကို
တန်ပေတွက်ရာ၌ ခက်ခဲသော်လည်း
ဖြောင့်စင်းနေသည့် သစ်ကို
တန်ဖွဲ့သောအခါ အလွယ်တကူ အဖြေရစေသည်။

❖ သတ္တိဆိုတာ စိတ်ရဲ့လျို့ဝှက်ချက်ဖြစ်တယ်
သတ္တိကို ထွက်ပေါက်ပေးခြင်းဟာ
အောင်မြင်မှုရစေရန်
လမ်းစရှာဖွေခြင်းပဲဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ ပေါ့ပေါ့လေး နေတတ်သူတွေဟာ
ပါးလျာတဲ့အချစ်မျိုးနဲ့ပဲ တွေ့ရတယ်၊
ပါးလျာတဲ့အချစ်ရဲ့အောက်မှာ
အပြစ်အနာအဆာတွေ
အများကြီးရှိတတ်ပါတယ်…။

❖ အတော်များများကတော့
ချစ်သူနှင့်လက်ထပ်ဖို့ပဲ ဆုတောင်းကြတယ်၊
ချစ်သူက အမြဲတစေ ချစ်နေစေဖို့
အရေးကြီးတဲ့ ဆုတောင်းကိုတော့
မေ့လျော့နေတတ်ကြတယ်…။

❖ ကျေးဇူးဆပ်ခြင်းသည်
မိမိအပေါ်ကျေးဇူးရှိခဲ့ဖူးသူရှိစဉ်က
ကျေးဇူးဆပ်နိုင်လျှင် ကောင်းပါသည်။
သူမရှိတော့သော်လည်း
သူ့ကို ရည်မှန်းပြီး ကျေးဇူးဆပ်လျှင်လည်း
ကောင်းပါသည်။

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

❖ ကိတ်မုန့်လုပ်တဲ့နည်းနဲ့
ရွှေဖြစ်အောင် မလုပ်နိုင်ပေ၊
ချမ်းသာကြီးပွားလိုလျှင်
ဆင်းရဲသော လမ်းစဉ်များမှ စွန့်ခွာရပေမည်။

❖ ချစ်သူဖြစ်စမှာ
အချစ်အကြောင်းများများ ပြောကြသော်လည်း
အချိန်ကြာသောအခါ
အခြားအကြောင်းအရာတို့က
ဝင်ရောက်နေရာယူလာလေ့ရှိပါတယ်…။

❖ လူ့ဘဝရဲ့အချိန်အတော်တော်များများမှာ
အဖြေရှာသောအလုပ်ကိုသာ လုပ်ခဲ့ကြရတယ်။
ထိုအဖြေရဲ့လျှို့ဝှက်ချက်ကိုတော့
ရှိလျက်နဲ့ မေ့လျော့နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ဆရာမင်းသိခ်၏ကျေးဇူးတရား၊
အခန်း(၂) ရာဇဝတ်မှုပေါများသောနေရာ၊
အခန်း(၃) နာမည်ဆိုးသော်လည်းလူမဆိုးသည့်လူမိုက်များ
အခန်း(၄) ဦးဇန်ကောင်းနှင့်တွေ့ကြရခြင်း၊
အခန်း(၅) ဦးဇန်ကောင်းနှင့်ဘဝဒဿနများ၊
အခန်း(၆) အန္တရာယ်ကြားမှကယ်တင်ရှင်၊
အခန်း(၇) စေတနာမှန်သောဘဝတစ်ဆစ်ချိုးများ၊
အခန်း(၈) စိုင်ကော်သဖြင့်ချုပ်ပေါ်ရောက်ရခြင်း၊
အခန်း(၉) အမှောင်ထဲမှဗိညာဉ်ပုံရိပ်၊
အခန်း(၁၀) ပြဿနာများကိုစတင်ရှင်းလင်းရခြင်း၊
အခန်း(၁၁) မြန်နန်းရှင်ဒေဝီအစီအရင်
အခန်း(၁၂) မြန်နန်းရှင်ဒေဝီနှင့်တွေ့ရခြင်း၊
အခန်း(၁၃) ဘဝဟောင်းကပါရမီကြိုး၊
အခန်း(၁၄) ဝက်နွှကျောကွင်းသို့တိုးဝင်မိခြင်း၊
အခန်း(၁၅) ဒုက္ခတွင်းမှကယ်တင်ပေးမည့်သူ၊
အခန်း(၁၆) မာယာကွန်ရက်ထဲမှသဲလွန်စများ၊
အခန်း(၁၇) ဥပဒေစက်ကွင်းမှမလွတ်ကင်းကြသူများ၊
အခန်း(၁၈) ပြက္ခဒိန်မလိုသောချစ်ခြင်းမေတ္တာ။




# အခန်း(၁)

## ဆရာမင်းသိခ်၏ ကျေးဇူးတရား

တစ်နေ့သ၌ ကျွန်ုပ်သည် ဗိုလ်ကလေးမြို့ (ယခု ဘိုကလေး)၏ ကမ်းနားလမ်းဘက်သို့ တစ်ဦးတည်း လျှောက်လာခဲ့ပေသည်။ ကျွန်ုပ်ဟူသော နာမ်စားကို သုံးစွဲပြီး ရေးရစေကာမူ ထိုအချိန်မှာ ကျွန်ုပ်၏အသက်သည် (၃၀)ကျော်မျှသာ ရှိပေသေးသည်။ အချိန်ကာလမှာ (၁၉၈၄)ခုနှစ်ခန့်က ဖြစ်သောကြောင့် ကျွန်ုပ်အနေဖြင့် စာပေလောကသို့ ခြေချကာစအချိန်သာသာ ပင် ရှိသေးပြီး မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ အတန်အသင့်



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှုရရှိနေသော အချိန်လည်း ဖြစ်ပေသည်။ ပြောရလျှင်တော့ စာရေးဆရာပေါက်စဘဝတွင် မြောက်ကြွမြောက်ကြွဖြစ်နေသော အချိန်မျိုးဆိုပါကလည်း မှားမည်မထင်ပါချေ။

ထိုခေတ် အချိန်အခါက မဂ္ဂဇင်းအရေအတွက် မများလှသေးပဲ ဂျာနယ်များမရှိသေးသောကြောင့် မဂ္ဂဇင်းရွှေခေတ်ဟုပင် ပြောနိုင်ပါသည်။

ထိုအချိန်အခါမျိုးတွင် နာမည်ကျော်မဂ္ဂဇင်းများဖြစ်ကြသည့် မြဝတီ၊ ငွေတာရီ၊ ပေဖူးလွှာ၊ မဟေသီ၊ ချယ်ရီ၊ စံပယ်ဖြူ မိုးဝေအစရှိသော မဂ္ဂဇင်းကြီးများမှာ ဝတ္ထုတို၊ ဝတ္ထုရှည်များ လစဉ်လိုလို ဖော်ပြခြင်းခံခဲ့ရသောကြောင့် နယ်မှာနေပြီး စာရေးနေသော ကျွန်ုပ်အဖို့ သွေးနားထင်ရောက်သည်ဆိုပါက အပြစ်ဆိုစရာတော့ ရှိမည်မထင်ကြပေ။

တိုက်ပုံအင်္ကျီဝတ်၊ လွယ်အိတ်တစ်လုံးလွယ်ပြီး မျက်မှန်တပ်ထားကာ (မျက်စိကကောင်းသေးသော်လည်း စာရေးဆရာအင်္ဂါနှင့် ညီညွတ်အောင် ဒီဂရီအနည်းသာရှိသော မျက်မှန်ကိုတပ်ထားခြင်းသာဖြစ်၏) စာရေးဆရာတစ်ယောက်၏ ပုံပန်းသဏ္ဍာန်မျိုးဖြင့်ရှိနေသော အချိန်မျိုးဖြစ်သည်။

အထက်ကဆိုခဲ့သည့်အတိုင်း (၁၉၈၃)ခုနှစ်လား . . (၁၉၈၄)ခုနှစ်လား အသေအချာ မမှတ်မိတော့ပါချေ။

ဆရာမင်းသိခ်သည် ကျွန်ုပ်တို့ဗိုလ်ကလေးမြို့သို့ ရောက်လာလေသည်။

စာပေဟောပြောပွဲအတွက်သော်လည်းကောင်း၊ စာပေ





ကိစ္စမျိုးဖြင့် ရောက်လာခြင်းတော့ မဟုတ်ပါချေ. . . .။

မြို့ခံ ဗေဒင်ဆရာတစ်ယောက်နှင့် ခင်မင်သိကျွမ်းကြသောကြောင့် ထိုလူထံသို့ ရောက်လာခြင်းသာဖြစ်၏။

၎င်းတည်းခိုသောနေရာမှာ ကမ်းနားလမ်းဘက်မှာ ရှိသော သစ်စက်ဝန်းအတွင်းရှိသော အိမ်တစ်လုံး၌ ဖြစ်သည်။

သို့ကြောင့် ကျွန်ုပ်သည် ဆရာမင်းသိခ်အား တွေ့ဆုံရန် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

ဆရာမင်းသိခ်နှင့် ကျွန်ုပ်သည် အသက်အရွယ်က (၁၀) နှစ်ခန့်ကွာပြီး စာပေဝါအရလည်း အတော်ကလေး ကွာလှပါသည်။

(၁၉၇၈)ခုနှစ် ဝန်းကျင်လောက်က ဆရာမင်းသိခ် ရေးသားသော မနုစာရီ ဝတ္ထုထွက်ပြီး အောင်မြင်စပြုနေသော အချိန်မှာ ကျွန်ုပ်က စာရေးသူတစ်ယောက်ဘဝ မရောက်သေးပဲ စာကြမ်းပိုးဘဝမှာ ရှိပေသေးသည်။

ထိုခေတ်အခါက အချစ်ဝတ္ထုတို့သာ လုံးချင်းလောကမှာ နေရာရနေခဲ့ရာ ဆရာမင်းသိခ်ရေးသော မနုစာရီဝတ္ထုသည် ယခုလူကြိုက်များလှသော ဂမ္ဘီရဝတ္ထု အမျိုးအစားကို အစပျိုးခဲ့ခြင်း ဖြစ်ပေသည်။

မနုစာရီဝတ္ထု ထွက်ကာစကတော့ စာဖတ်သူများက နှစ်သက်မှု မရှိလှပေ။

အချစ်ဝတ္ထု၊ စုံထောက်ဝတ္ထု၊ ဆွေလှိုင်ဦးရေးသော ဂျက်မလို ဝတ္ထုမျိုးကို ကြိုက်နှစ်သက်သဖြင့် အလုအယက် ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်နေသောအချိန်မျိုးမှာ ထွက်လာသော မနုစာရီဝတ္ထုမှာ အသွင်တစ်မျိုး ဖြစ်နေသောကြောင့် စာဖတ်သူများက လက်မခံကြခြင်းဖြစ်သည်။

ပြောရလျှင်တော့ ထိုအချိန်က 'ဂမ္ဘီရ'ဆိုသောအသုံးအနှုန်းကိုပင် စာဖတ်ပရိတ်သတ်များက မသိကြသေးပေ။

သို့ကြောင့် ဂမ္ဘီရဆန်ဆန် ရေးထားသော 'မနုစာရီ'ဝတ္ထု ထွက်လာတော့ မနှစ်သက်ကြခြင်း ဖြစ်ပေသည်။

နောက်တော့ 'ဆားပုလင်းနှင့်မောင်နှင့် ပိတုံးသုံးကောင်' ဝတ္ထု ထွက်လာပြန်သည်။

ထိုဝတ္ထုထွက်လာတော့ စာဖတ်ပရိတ်သတ်များက လက်ခံကြသည်။ အဘယ်ကြောင့်ဆိုသော် ပင်တိုင်ဇာတ်လိုက်ပါပြီး၊ စုံထောက်ဝတ္ထုဖြစ်သောကြောင့်ပင်ဖြစ်၏။

သို့သော် ဆရာမင်းသိင်္ခက စုံထောက်ဝတ္ထုရေးရင်းနှင့်ပင် ၄င်းပေးလိုက်သော 'ဂမ္ဘီရ' နှင့်ပတ်သတ်သော အချက်အလက်အချို့ ထည့်ပေးသွားသည်။

စာဖတ်သူက ဝတ္ထုကိုကြိုက်တော့ စာရေးသူကိုပါ သဘောကျလာသည်။

စာရေးဆရာကို နှစ်သက်တော့ စာရေးဆရာပေးသော အချက်အလက်တို့ကိုပါ နှစ်သက်လက်ခံခဲ့ကြသည်။

နောက်တော့ စာရေးဆရာပေးလိုသော ဂမ္ဘီရအကြောင်းအရာတို့ကို နှစ်သက်သဘောကျ လက်ခံလာသောအခါ ၄င်းရေးသောဝတ္ထုများ တဖြည်းဖြည်း ရောင်းအားကောင်းလာသည်။

ထိပ်တန်းစာရင်းဝင် ဖြစ်လာခဲ့တော့သည်။

'ပုဏ္ဏားဘကွန်း'သည် ဆရာမင်းသိင်္ခ၏ မှတ်တိုင်တစ်ခု ဖြစ်ခဲ့လေသည်။

ထိုအချိန်ကတည်းက ကျွန်ုပ်တို့သည် ဆရာမင်းသိင်္ခ၏ စာဖတ်ပရိသတ် ဖြစ်ခဲ့ကြသည်။

အချက်အလက် အကြောင်းအရာ စုဆောင်းရှာဖွေတတ်မှုနှင့် ရေးသားတင်ပြသော အတတ်ပညာကို လေးစားခဲ့ရသည်။

နောက်ပိုင်းမှာတော့ ရန်ကုန်ကိုရောက်ခိုက်မှာ ဆရာနှင့် တစ်ကြိမ်နှစ်ကြိမ် တွေ့ရသည်။

တစ်ကြိမ်က သူ၏ ဗေဒင်ဟောခန်းမှာဖြစ်ပြီး၊ နောက်တစ်ကြိမ်က "စစ်ပြန်မဂ္ဂဇင်း"တိုက်၌ ဖြစ်သည်၊

သို့သော် အေးအေးဆေးဆေး စကားပြောခွင့်တော့ မရခဲ့ပေ။ ယခု ကျွန်ုပ်နေသော ဘိုကလေးမြို့သို့ ရောက်လာပြီ သတင်းကြားရသဖြင့် ဆရာနှင့်တွေ့ရန် သွားခဲ့ခြင်းဖြစ်သည်။

၄င်းတည်းခိုသောအိမ်မှာပင် အေးအေးဆေးဆေး စကားပြောခွင့် ရလေသည်။

ထိုအချိန်က ဆရာ့အသက်အရွယ်မှာ (၄၀)ကျော်ကျော်သာ ရှိသေးသောကြောင့် လူလတ်ပိုင်းအရွယ်သာ ရှိသေးသည်။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများရှိသော်လည်း ထူးမြားထက်ထန်သော အမူအရာမျိုး မတွေ့ရဘဲ ဖော်ဖော်ရွေရွေနှင့်







www.burmeseclassic.com

www.burmeseclassic.com



ပင် လက်ခံစကား ပြောလေသည်။

တကယ်ဆိုလျှင် ထိုအချိန်က ဆရာမင်းသိင်္ခမှာ လုံးချင်းလောကမှာ (Best Seller)တစ်ဦးဖြစ်နေပြီး ကျွန်ုပ်မှာ သာမန်စာရေးသူတစ်ယောက်မျှသာ ရှိသေးသော ကျွန်ုပ်တို့ကို အချိန်ပေးနိုင်စရာ အကြောင်းမရှိပါချေ။

သို့သော် သူက ကျွန်ုပ်ကို အချိန်ပေးပြီး စကားပြောခဲ့သည်။

"ကျွန်တော့်နာမည် အောင်ခိုင်လင်းပါဆရာ မဂ္ဂဇင်းတွေမှာတော့ ဝတ္ထုတွေ ရေးနေပါပြီ၊ ဒါပေမယ့် စာရေးဆရာတစ်ယောက်တော့ မဟုတ်သေးပါဘူး"

"လုံးချင်းပဲရေးရေး၊ မဂ္ဂဇင်းမှာပဲရေးရေးပေါ့ဗျာ စာရေးနေတဲ့သူဟာ စာရေးဆရာတစ်ယောက်ပဲပေါ့ တိုတာနဲ့ ရှည်တာသာကွာတယ်၊ စာရေးရတာတော့ အတူတူပဲ မဟုတ်လား"

"မှန်ပါတယ်ဆရာ ကျွန်တော်ကဆရာရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ ဆရာရေးတဲ့ ဝတ္ထုတွေဟာ စကားပြောဖွဲ့စည်းတာသိပ်ပြီး ပြေပြစ်တာပဲ အဲဒီလို ပြေပြစ်ချောမွေ့အောင် ဘယ်လိုများ ဖန်တီးယူတာပါလဲ"

ကျွန်ုပ်က စာရေးသူအချင်းချင်း သိလိုသောအချက်ကို ဦးစွာမေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်က ဒီလောက်ကြီး စာရေးကျွမ်းကျင်တဲ့သူမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဝါကျတစ်ပိုဒ်ကိုရေးတော့မယ်ဆိုရင် ပါးစပ်ကအရင် ရွတ်ကြည့်တယ်၊ ဥပမာ. . . 'တနေ့





သဉ္ဇ ကျွန်ုပ်သည်. . .' ဆိုပြီး ကိုယ်ရေးချင်တဲ့စာပိုဒ်ကို ရွတ်ကြည့်တယ်၊ ရွတ်ကြည့်လို့ချောရင် ဝါကျချောတာပဲ၊ ရွတ်ကြည့်လို့ မချောရင် သဒ္ဒါမမှန်ဘူးဆိုတာ သိရရင် ပြင်ပြီးရေးကြည့်တာပါပဲ၊ ကျွန်တော့်အယူအဆကတော့ စာချောရင် သဒ္ဒါချောမယ်၊ သဒ္ဒါချောရင် စာချောတာပဲလို့ ယူဆပြီး ဒီအတိုင်းရေးတာပါပဲ. . . ."

ဟု ပွင့်ပွင့်လင်းလင်းပြောလေသည်။

"ဆရာရေးခဲ့တဲ့ မနုစာရီဆိုတဲ့ ဝတ္ထုထဲက နာမည်ကို ကျွန်တော် တစ်နေရာမှာ တွေ့ဖူးဖတ်ဖူးသလိုပဲ"

ဆရာမင်းသိင်္ခ တစ်ချက်ရယ်လိုက်သည်။

"စာပေသမားအချင်းချင်းပဲဗျာ၊ ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ခင်ဗျားတွေ့ဖူးတယ်ဆိုတာ စစ်ကိုင်းဦးဘိုးသင်းရေးတဲ့ ငမဲကျွန်ဝတ္ထုထဲမှာ မဟုတ်လား"

ကျွန်ုပ်လည်း မငြင်းသာတော့သဖြင့် ဟုတ်မှန်ကြောင်း ဝန်ခံလိုက်ရသည်။

"မနုစာရီဝတ္ထုက ထွက်ကာစက ဒီလောက်လူသိမများခဲ့ပါဘူး၊ နောက်ပိုင်းဝတ္ထုတွေ ထွက်ပြီးတော့မှာ ပြန်ရှာဖတ်ကြလို့ တဖြည်းဖြည်း သိလာကြတာပါ ဒီလို သိလာတာနဲ့အမျှ ဝေဖန်တဲ့ အသံတွေလည်း ညံထွက်လာတော့တာပါပဲ"

"ဒီလိုပါပဲ မအောင်မြင်ခင်မှာ ဘယ်သူမှ အရေးစိုက်ပြီး မဝေဖန်ချင်ပေမယ့်. . အောင်မြင်လာရင်တော့ ရှုထောင့်အမျိုးမျိုးနဲ့ ဝေဖန်ချင်တဲ့သူတွေ. . အများကြီး ပေါ်လာကြတာ



www.burmeseclassic.com

www.burmeseclassic.com

ခမ္မတာပါပဲ"

"အတော်များများက မနုစာရီဟာ ငမဲကျွန် ဝတ္ထုထဲက ယူပြီး ရေးတယ်လို့ ဝေဖန်ကြတယ်၊ ဒါကို ကျွန်တော်မငြင်းပါဘူး၊ ငမဲကျွန်ဝတ္ထုထဲက 'မနုစာရီ' ဆိုတဲ့နာမည်နဲ့ 'Idea' တစ်ခုကိုတော့ ယူပြီးရေးခဲ့တာ အမှန်ပါပဲ၊ ဒါပေမယ့် ဝတ္ထုဇာတ်လမ်းကိုတော့ ကျွန်တော်စိတ်ကူးနဲ့ ဖွဲ့ခဲ့တာပါပဲ. . ."

"ဒါဖြင့် နောက်ရေးတဲ့ဝတ္ထုတွေလည်း ဒီလိုပဲယူပြီး ရေးခဲ့တာပဲလားဆရာ"

ဆရာမင်းသိခ်က ဆေးလိပ်ကို မီးညှိဖွာပြီးမှ စကားပြန်ဆက်လေသည်။

"အမှန်အတိုင်းပြောရရင် ကျွန်တော်တို့က စာရေးဆရာသာ ဆိုပေမယ့် ဒီလောက်ဝမ်းစာပြည့်ကြသေးတာ မဟုတ်ဘူး၊ ဒီတော့ ရှေးကဆရာကြီးတွေကို အတုယူရတယ်၊ ဒါပေမယ့် ကိုယ်က 'Idea' လောက်သာယူပြီး ကျန်တာကိုတော့ ကိုယ့်မှာရှိတာတွေနဲ့ ပေါင်းစပ်ပြီး ဖန်တီးနိုင်အောင်တော့ ကြိုးစားရတယ်"

"ဟုတ်ကဲ့"

"ကျွန်တော်တို့ ရှေ့မှာ စစ်ကိုင်းဦးဘိုးသင်း၊ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှားတို့ ရေးခဲ့တဲ့ စာတွေအများကြီးရှိတယ်၊ သူတို့ရေးခဲ့တဲ့စာတွေကို များများဖတ်ရတယ် အတုယူရတယ်၊ ကြိုက်တာတွေ့ရင် မှတ်ထားရတယ်၊ ကျွန်တော်ဝတ္ထုတွေမှာ အစပျိုးတဲ့ 'တစ်နေ့သ၌ကျွန်ုပ်သည်' ဆိုတဲ့ ဝါကျပိုဒ်





တောင် ဆရာကြီးရွှေဥဒေါင်းရဲ့ ဟန်ကိုအတုယူပြီး ရေးခဲ့တာပဲ"

"မှန်ပါတယ်ဆရာ၊ ဆရာကြီးတွေရဲ့ဝတ္ထုတွေကို အတုယူတော့. . ဝေဖန်မယ့်သူတွေက ထောက်ပြီး ဝေဖန်ကြဦးမှာပေါ့"

"ဒါကတော့ဗျာ သူတို့အလုပ် သူတို့လုပ်တာပဲ လုပ်ပေစေပေါ့၊ ကိုအောင်ခိုင်လင်းက စာပေလောကသားဖြစ်ဖို့ ကြိုးစားနေတဲ့သူဆိုတော့ ကြုံကြိုက်တုန်း ပြောစရာရှိတာပြောခဲ့ရဦးမယ်ဗျ. . ."

"ပြောပါ ဆရာ. . ."

"ကလေးတစ်ယောက်ဟာ သူခြေထောက်ပေါ်မှာ မရပ်နိုင်ခင်မှာ အမှီပြုရတယ် ကိုယ့်ဘာသာ လျှောက်နိုင်တော့မှ ကျန်တာကို လက်လွှတ်ရတယ် မဟုတ်လား၊ ဒါကို ကျွန်တော်တို့စာပေသမားတွေမှာလည်း 'စု၊ တု၊ ပြု' ဆိုတာရှိတယ်၊ ပထမတွေ့သမျှစာကိုဖတ်ပြီး ကြိုက်တာတွေ့ရင် စုထားရတယ်၊ နောက်အဲ့ဒါကို တုပပြီးတော့ ရေးသားပြုစုရတယ် မဟုတ်လား"

"မှန်ပါတယ်"

"ဆရာကြီးတွေတောင် အောင်မြင်ကျော်ကြားမှု မရခင်မှာ ဒီလိုပဲ ကြိုးစားခဲ့ကြတယ်၊ ဆရာကြီးရွှေဥဒေါင်းတို့ ဒဂုန်ရွှေမျှားတို့ဆိုရင် ပထမနိုင်ငံခြား ဝတ္ထုတွေရေးခဲ့ကြတယ်၊ နောက်ပိုင်း အရှိန်ရလာတော့မှ ကိုယ်ပိုင်ဇာတ်လမ်းတွေ ကိုယ်ပိုင်ဝတ္ထုတွေ ရေးခဲ့ကြတာကိုး"

"ဟုတ်ပါတယ်ဆရာ"


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ရေးတဲ့ ပိတုံးသုံးကောင် ဝတ္ထုကို ဆရာကြီး ရွှေဥဒေါင်း မြန်မာမှုပြုထားတဲ့ ဘောင်ဒရီလမ်း လူသတ်မှုဝတ္ထုက 'Idea' ယူပြီး ရေးခဲ့တာပဲ၊ မြိုင်ရာဇာတာတေကိုတော့ ဝက်ဒ္ဒဝတ္ထုကိုဖတ်ပြီး ကိုယ်စိတ်ကူးနဲ့ ပြန်ရေးတာပါပဲ"

"ပုဏ္ဏားဘကွန်းဆိုတဲ့နာမည်နဲ့ အကြောင်းအရာကရော ဘယ်ကရပါသလဲဆရာ"

"ပုဏ္ဏားဘကွန်းဆိုတာ ရှေးတုန်းက လမ်းမတော်တစ်ဝိုက်မှာ လမ်းမတော်ဖိုးတုတ် မပေါ်ခင်ကရှိခဲ့တဲ့ လူမိုက်တစ်ဦးရဲ့နာမည်ပါ၊ ဇာတ်လမ်းကတော့ စစ်ကိုင်းဦးဘိုးသင်းရေးတဲ့ ငမဲကျွန် ဝတ္ထုထဲမှာ 'သူဌေးသား'ဆိုတဲ့ အကြောင်းအရာကို မှီးပြီး ရေးတာပါ၊

ဝတ္ထုတစ်အုပ်စာ ဖြစ်အောင်တော့ ကျွန်တော်ထောင်ထဲမှာနေခဲ့ရစဉ်က စုဆောင်းထားခဲ့တဲ့ အကြောင်းအရာတွေကို ဖြည့်စွက်ပြီးရေးခဲ့လို့ 'ပုဏ္ဏားဘကွန်း'ဝတ္ထု ဖြစ်လာခဲ့ရတာပါပဲ"

ဟု ရိုးသားပွင့်လင်းစွာပင် ပြောပြလေသည်။

"ဆရာရေးခဲ့တဲ့ ဝတ္ထုတွေက တစ်ခုခုကို အမှီပြုပြီး ရေးတယ်ဆိုပေမယ့် မူလအကြောင်းအရာတွေနဲ့ မတူတော့ပဲ ကိုယ်ပိုင်ဖန်တီးတဲ့ ဝတ္ထုတွေလို ဖြစ်နေတာကတော့ ချီးကျူးရမှာပဲ"

"အဲဒါကတော့ စာရေးခြင်းရဲ့ အတတ်ပညာတစ်ခုလို့ပဲ ဆိုရမှာပဲဗျ၊ ကျွန်တော်က ပုဏ္ဏားဘကွန်းဆိုတဲ့ နာမည်ကို သဘောကျလို့ ယူရေးတယ်ဆိုပေမယ့် လမ်းမတော်လူမိုက် ပုဏ္ဏားဘကွန်းအကြောင်းကို ရေးတာမှမဟုတ်တာ လမ်းမတော် တစ်





ဝိုက်မှာ ဇာတ်လမ်းအခြေခံခဲ့တယ်ဆိုပေမယ့် ကျွန်တော်ရေးတဲ့ ပုဏ္ဏားဘကွန်းဇာတ်ကောင်က ကူလီလို့ခေါ်တဲ့ ကုန်ထမ်းသမားတစ်ယောက်ပဲ မဟုတ်လား"

"မှန်ပါပေတယ်"

"ငမဲကျွန်ထဲက သူဌေးသားဆိုတဲ့ ဇာတ်လမ်းအကြောင်းအရာကို သဘောကျလို့ ယူတယ်ဆိုပေမယ့် မတူဘူးလေ၊ သူဌေးသားဇာတ်လမ်းက ချမ်းသာကြွယ်ဝတဲ့ မိသားစုက မွေးဖွားခဲ့ပေမယ့် ပညာမရှိတော့ ဆင်းရဲသွားတယ် ပညာရှိငမဲကျွန်နဲ့ တွေ့တော့မှ ကြိုးစားရမယ့် နည်းလမ်းတွေသိလို့ ပြန်ကြိုးစားတော့မှ ပြီး ချမ်းသာလာပုံပဲ ပါတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဆရာကြီး စစ်ကိုင်းဦးဘိုးသင်းက သူဌေးသားဝတ္ထုကို ရေးတဲ့အခါ ရှေးက ဆီးဘန်းနီ ဆရာတော်ကြီးရေးခဲ့တဲ့ 'ပညာမဲ့သော သူဌေးသားတစ်ယောက်အကြောင်း' ဆိုတဲ့ ကဗျာကို စိတ်ဉာဏ်ကွန့်ပြီး ရေးခဲ့တာပဲလေ မူလကဗျာမှာက ပညာမဲ့တော့ ဆင်းရဲပြီး သေရတယ်၊ သူဌေးသားဝတ္ထု ပြန်ရေးတော့ ပညာရှိနဲ့ ဆုံးကာပ်မိလို့ ပြန်ပြီးချမ်းသာခဲ့ပုံကို ရေးထားတယ်မဟုတ်လား၊ ဒါ စာရေးဆရာတစ်ယောက်မှာ ရှိသင့်တဲ့ ဉာဏ်ပညာမျိုးလို့ ဆိုမယ်၊ တစ်ထွာလောက်ရတဲ့ အကြောင်းအရာကို ကိုယ့်စိတ်ကူးနဲ့ ချဲ့ထွင်ပြီး တစ်လံနှစ်လံဖြစ်အောင် ရေးနိုင်မှ စာရေးဆရာပေါ့ဗျ"

ဟု ပြောပြခဲ့ဘူးပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အနေဖြင့် ဆရာမင်းသိမ်နှင့် တွေ့ဆုံခဲ့ရသည် နှစ်ပေါင်း (၃၀)ကျော်ခဲ့ပြီဖြစ်သော်လည်း သူပြောသွားသော ကြောင်းအရာတို့ကို ယခုအချိန်ထိ မမေ့ပဲရှိလေသည်။ ယခုဆ မင်းသိမ် မရှိတော့ပေ။

ကျွန်ုပ်သည်ပင် နှစ်ပေါင်း(၃၀)ကျော်ကြာခဲ့ပြီးနော တွင် လုံးချင်းလောကတွင် နေရာတစ်ခုရကာ အခိုင်အမာ တည်နိုင်ခဲ့သော ဘဝအခြေအနေသို့ ရောက်ခဲ့ပေပြီ။

ဆရာမင်းသိမ် စတင်ဖောက်ခဲ့သော 'ဂမ္ဘီရ'ဆိုသေ စာပေခရီးလမ်းကို လူသိများအောင်၊ လူကြိုက်များအောင် စားဆောင်ရွက်ပေးနိုင်ခဲ့ချေပြီ။

သို့သော်လည်း ကျွန်ုပ်အနေဖြင့် လွယ်ကူချောမွေ့ ဖြင့် ယခုအောင်မြင်မှုမျိုး ရခဲ့သည်တော့မဟုတ်ပေ။

မိမိနှစ်ပေါင်းများစွာ အသုံးပြုလာခဲ့သော 'သူရ သော ကလောင်အမည်ကို နောက်မှပေါ်သော မဂ္ဂဇင်းတ တစ်ခုက ဖယ်ပေးခိုင်းသဖြင့် ပထမလုံးချင်းထွက်ပြီးမှ ရပ် ရသည်။

ပထမဆုံးရေးသော 'စက္ကောပါလသံသေဓား' ဝတ္ထု နိုင်ငံခြားဝတ္ထုတစ်အုပ်မှ မှီငြမ်းပြုပြီး ရေးသားခဲ့သော်လ ဘာသာပြန်ဆရာကြီးတစ်ဦးက သူ့ဝတ္ထုကိုခိုးယူပါသည် ဆို သဖြင့် တောင်းပန်ခဲ့ရသည်။

ထိုစာအုပ်ကို ဘာသာပြန်စဉ်က မူရင်းစာရေးဆရာ မှ ခွင့်တောင်းပြီး ပြန်ခဲ့လေသလားတော့ မပြောတတ်ပါ





ကျွန်ုပ်ဖြတ်သန်းခဲ့ရသော စာပေခရီးလမ်းကတော့ ခက် ကြမ်းတမ်းခဲ့ပါသည်။

သို့သော်လည်း မဆုတ်မနစ် ကြိုးစားဆောင်ရွက်ခဲ့သော ကြောင့် စာပေလောကတွင် ခိုင်မာမှုတစ်ခု ရခဲ့ခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ အောင်မြင်မှုရခဲ့ခြင်းမှာ သင်ဆရာမြင်ဆရာ ကြောင့်ပင် ဖြစ်ပါသည်။

ထိုအထဲတွင် လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်အချိန် တ်အားဖြင့် နည်းလမ်းညွှန်ပြပေးခဲ့သော ဆရာမင်းသိမ်၏ ရှုသည်လည်း အဓိကနေရာမှ ပါဝင်ခဲ့ပါသည်။

ထိုကျေးဇူးကို ယနေ့အချိန်အထိ ကျွန်ုပ်မမေ့နိုင်ခဲ့ပါ။ ရေးသားသော ဝတ္ထုမှာလည်း ဆရာမင်းသိမ်အား အောက် သတိရခြင်းဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

(၁၉၃၀)ပြည့်နှစ်နောက်ပိုင်းကာလ ရန်ကုန်မြို့



ဆူးလေဘုရားလမ်း



ကမ်းနားလမ်း



# အခန်း(၂)

# ရာဇဝတ်မှု ပေါများသောနေရာ

အချိန်ကာလမှာ ဗြိတိသျှနယ်ချဲ့များ မြန်မာနိုင်ငံတစ်ခုလုံး သိမ်းပိုက်အုပ်စိုးထားသော (၁၉၃၀)ပြည့်နှစ် နောက်ပိုင်းကာလ ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ရန်ကုန်မြို့၏ အစည်ကားဆုံးနေရာတို့ကို ပြပါဆိုလျှင် လသာ၊ လမ်းမတော်၊ သံဈေး၊ မော်တင် ကီလီစသော နေရာတစ်ပိုက်ပင် ဖြစ်ပေသည်။

ထိုနေရာများမှာ အဘယ်ကြောင့် လူစည်ကားမှုများ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရသနည်းဆိုလျှင် ဆိပ်ကမ်းနှင့်နီးသောကြောင့် ဖြစ်သည်။

ထိုနေရာတို့မှာ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာတို့လည်းဖြစ်ကြသည်။

ထိုနေရာများမှာ လမ်းမတော်နယ်မြေတစ်ဝိုက်မှာ ပိုပြီး အချက်အချာကျသော နေရာတစ်ခုဆိုက မှားမည်မထင်ပေ။ ရန်ကုန်မြို့အကြောင်းကို ရေးမည်ပြောမည်ဆိုပါက လမ်းမတော်နှင့် ပတ်သက်သည့် အကြောင်းများကလည်း မလွှဲမသွေပါရမည်သာ ဖြစ်၏။

လမ်းမတော်သည် ရန်ကုန်မြို့ တည်ထောင်စကတည်းက အချက်အချာကျသော နေရာတစ်ခုအဖြစ်နှင့် ပါဝင်ခဲ့သောနေရာဖြစ်သည်။

(၁၈၄၁)ခုနှစ်က သာယာဝတီမင်း ရန်ကုန်သို့ ကြွရောက်လာစဉ် ဘုရင့်ဖောင်တော်ဆိပ်မှ အောင်မြေရန်နှင့် နန်းမြို့တော်သို့ သွားသောလမ်းမှာ လမ်းမတော်လမ်းပင်ဖြစ်၏။

ရှေးကအခါကတော့ လမ်းမတော်ဟုမခေါ်ပဲ ဘုရင်ဖောင်တော်ဆိုက်ကပ်ရာနေရာ ဖြစ်သောကြောင့် ဖောင်တော်ဆိပ်လမ်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုလမ်းသည် ဖောင်တော်ဆိုက်ရာကမ်းဆိပ်မှ မြို့တော်အတွင်းရောက်အောင် တောက်လျှောက်ပေါက်နိုင်သော လမ်းလည်းဖြစ်ပေသည်။

(၁၈၅၂)ခုနှစ် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး၌ ရန်ကုန်မြို့သည် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရပေသည်။





ဗြိတိသျှတို့က ရန်ကုန်မြို့တော်ကို မြို့ကွက်သစ်ဖော်ထုတ်သောအခါ 'လမ်းမတော်'သည် ပထမဦးစွာ ဖောက်လုပ်သော လမ်းဖြစ်သည်။

ရှေးအခါက ဖောင်တော်ဆိပ်လမ်းဟု ခေါ်ခဲ့ရာမှ အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး နောက်ပိုင်းတွင် ဗိုလ်ချုပ်ဂေါ်ဒွင်ကို ဂုဏ်ပြုသောအားဖြင့် 'ဂေါ်ဒွင်လမ်း'ဟု အမည်ပေးခဲ့ကြသည်။

ဂေါ်ဒွင်လမ်းဟူသော အမည်ကို အင်္ဂလိပ်များ အုပ်ချုပ်သိမ်းပိုက်ထားသော ကာလတစ်လျှောက်လုံး၌ အသုံးပြုခဲ့လေသည်။

နောက်ပိုင်း အမည်ပြောင်းလဲလိုက်ပြီး နောက်ပိုင်းမှာပင် ထိုလမ်းပေါ်မှာရှိသော ကဇာတ်ရုံအား 'ဂေါ်ဒွင်လမ်းဇာတ်ရုံ' ဟုပင် ဆက်လက်ခေါ်ဝေါ်ခဲ့ကြသည်။

လမ်းမတော်တစ်ဝိုက်သည် ရန်ကုန်မြို့ကွက်စတင်တည်ထောင်စဉ်က အစပြုခဲ့သည့်နေရာဖြစ်သောကြောင့် လမ်းများကို စတင်ရာ၌ ထိုနေရာမှပင် စတင်ခဲ့ခြင်း ဖြစ်ပေသည်။

(၁)လမ်းမှ(၁၆)လမ်းအထိ လမ်းမတော်မြို့နယ် အတွင်း၌ ပါဝင်လေသည်။

ရန်ကုန်မြို့အတွင်း အခြားနာမည် တပ်ထားသော လမ်းများမပါဝင်ပဲ ဂဏန်းအမည်ဖြင့် ပေးထားသော လမ်းပေါင်း (၁၆၉)လမ်းရှိပါသည်။

(၁)လမ်းက လမ်းမတော်မြို့နယ်၌ ပါဝင်ပြီး (၁၆၉) လမ်းက တာမွေမြင်းပြိုင်ကွင်းရပ်ကွက်၌ ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်မြို့နယ်အတွင်း၌ ပါဝင်သောလမ်းများမှာ ရှေးက နာမည်ဟောင်းများ ရှိသော်လည်း ယခင်ရေးသားခဲ့သော ဝတ္ထုများ၌ အကြိမ်ကြိမ် ရေးသားခဲ့ပြီဖြစ်သောကြောင့် ထပ်မံမရေးသားတော့ပြီ။

(၁၃)လမ်းမှာ ယခင်က ခေါင်ချုပ်တန်း၊ ငါးရှဉ့်တန်း

(၁၄)လမ်းမှာ ကြောင်တစ်ရာတန်း၊

(၁၅)လမ်းမှာ သုံးပင်တန်း၊

(၁၆)လမ်းမှာ ထန်းပင်ကုန်းတန်း၊ ကြက်သွန်တန်း. . စသောရှေးအမည်တို့မှာ ယခုခေတ် လူငယ်အတော်များများ မသိမမှီလိုက်သော ရှေးအမည်များပင် ဖြစ်သည်။

လမ်းအမည်များကို တစ်ခုချင်းမဖော်ပြတော့သော်လည်း နံပါတ်ပါသောလမ်းများကို ဦးတည်ပြီး ရန်ကုန်မြို့ရပ်ကွက်များ သတ်မှတ်ထားခဲ့သည်ကိုတော့ ဗဟုသုတအဖြစ် ဖော်ပြပေးပါမည်။

(၁)လမ်းမှ (၁၆)လမ်းအထိ လမ်းမတော်ရပ်ကွက်။

(၁၇)လမ်းမှ (၂၄)လမ်းအထိ တရုတ်တန်း၊ တရုတ်ရပ်ကွက်။

(၂၅)လမ်းမှ (၄၃)လမ်းအထိ အလယ်ပိုင်း။

(၄၄)လမ်းမှ (၅၆)လမ်းအထိ အရှေ့ပိုင်း။

(၅၇)လမ်းမှ (၇၂)လမ်းအထိ ဘိုတစ်ထောင်(ဗိုတစ်ထောင်)

(၈၇)လမ်းမှ (၉၄)လမ်းအထိ ကန်တော်လေး။





(၉၅)လမ်းမှ (၁၀၀)လမ်းအထိ ဘန်ဂါလီစု။

(၁၀၁)လမ်းမှ (၁၀၃)လမ်းအထိ ဖို့မြေ။

(၁၀၄)လမ်းမှ (၁၁၃)လမ်းအထိ တောင်ညွန့် (ယခုမင်္ဂလာတောင်ညွန့်)

(၁၁၄)လမ်းမှ (၁၁၇)လမ်းအထိ ပါတာနီကုန်း။

(၁၁၈)လမ်းမှ (၁၂၁)လမ်းအထိ ကလားဘားစတီး။

(၁၂၂)လမ်းမှ (၁၂၈)လမ်းအထိ မအူကုန်း။

(၁၂၉)လမ်းမှ (၁၄၆)လမ်းအထိ ဗျားရည်ကုန်း။

(၁၅၁)လမ်းမှ (၁၅၃)လမ်းအထိ ဗျိုင်းရေအိုးစင်။

(၁၅၄)လမ်းမှ (၁၅၇)လမ်းအထိ အုပ်ကျင်း။

(၁၅၈)လမ်းမှ (၁၆၉)လမ်းအထိ မြင်းပြိုင်ကွင်းရပ်ကွက်ဟု သတ်မှတ်ခေါ်ဆိုခဲ့ကြရာ ယခုကာလတွင် အနည်းငယ်အပြောင်းအလဲ ဖြစ်သည်မှအပ မူလအမည်ဟောင်းများကို ခေါ်ဝေါ်သုံးစွဲနေကြသည်ကို တွေ့ရပေမည်။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နီးစပ်မှုရှိခဲ့သောကြောင့် ရှေးခေတ်အချိန်ကာလကပင် ကုလားလူမျိုး အတော်များများ အခြေချနေထိုင်ခဲ့ကြလေသည်။

ရှေးခေတ်အချိန်က ကူလီထမ်း၊ လံချားဆွဲ၊ အမှိုက်ကျုံးချေးကျုံး အလုပ်များအထိ ကုလားလူမျိုး အလုပ်သမားများကသာ လုပ်ကိုင်ခဲ့ကြသည်။

မြန်မာများသည် စားစရာမရှိလျှင် တောမှာ [illegible]ာက်သင်းကောက်ငါးဖမ်းပြီး စားသောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မြို့ပေါ်မှာ ကူလီထမ်းသော အလုပ်မျိုး မလုပ်ကြပေ။
ကိုယ်မှာစိုးသည်ကတစ်ကြောင်း၊ မလုပ်ဝံ့သည်ကတစ်
ကြောင်း ပါဝင်သော်လည်း အဓိကအကြောင်းရင်းကတော့ ထိုသို့
ဘုတ်ပေ။

ထိုအချိန်က ရန်ကုန်မြို့မှာ ကုလားသူဌေးများ ကြီးစိုး
နခဲ့သောအချိန်ဖြစ်ရာ ၎င်းတို့က ကုလားအလုပ်သမားများကို
ာ စေခိုင်းသောကြောင့်ဖြစ်သည်။

ထိုအထဲသို့ မြန်မာလူမျိုး အလုပ်သမားအချို့ ရောက်
ပါက သူဌေးများက လက်သပ်မွေးထားသော ကုလားလူ
က်တို့က ဝိုင်းဝန်းနှိပ်စက်ကြသဖြင့် ကြာကြာမခံပဲ ထွက်ပြေး
သာကြောင့် မြန်မာအလုပ်သမားများ မရှိကြခြင်းဖြစ်သည်။

ဒီနေရာတွင် အလျဉ်းသင့်သောကြောင့် ရှေးအခါ ရန်
န်မြို့တွင် ကြီးစိုးခဲ့ကြသော ကုလားသူဌေးနှင့် လူမိုက်များအ
ကြောင်းကို ရေးသားဖော်ပြပေးပါမည်။

ရှေးအခါက ရန်ကုန်မြို့မှာရှိသော လူမိုက်လောကကို
သားလူမိုက်များက စိုးမိုးထားခဲ့ကြသည်။

မတ်စတီးခန်းနှင့် မန်မဆာစသော ကုလားလူမိုက်များ
ည်ကို မသိသူမရှိသလောက် နာမည်ကြီးသည်။

ကိုလိုနီခေတ်က ရန်ကုန်မြို့၏ အချက်အချာကျသော
ရာများ၊ ရပ်ကွက်များတွင် မြန်မာလူမျိုးတို့ အနေနည်းသည်။
ဟားနှင့် တရုတ်တို့သာ နေရာယူထားကြသည်။

မြန်မာတို့က မြို့စွန်ရပ်ကွက်များဖြစ်သော ရေကျော်၊





ပုစွန်တောင်၊ စက်ဆန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်.
စသောနေရာတို့၌သာ အနေများကြသည်။

မြို့လယ်ရပ်ကွက်များဖြစ်သော လမ်းမတော်၊ လသာ
ကျောက်တံတား၊ ပန်းပဲတန်း၊ စသောနေရာများတော့ ကုလ
နှင့်တရုတ်များသာ နေရာယူထားခဲ့ကြရာ ယခုအချိန်ထိပင် ဖြ
တော့သည်။

ကုလားလူမျိုး စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့နေ
မြေအတွင်းသို့ မြန်မာလူမျိုးများ မဝင်စေရန်သော်လည်းကောင်
၎င်းတို့စီးပွားရေးလုပ်ငန်းတို့ကို ဝင်ရောက်အနှောင့်အယှက်
ပေးနိုင်စေရန် ကုလားလူမိုက်များကို လက်သပ်မွေးထားခဲ့ရာ
ကုလားလူမိုက်တစ်ခေတ် ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

ကုလားလူမိုက်ခေတ်က ခေါင်းဆောင်မှာ မတ်စတီးခန်
ဖြစ်သည်။ မတ်စတီးခန်းက ရန်ကုန်မြို့လယ်ခေါင်မှာရှိသေ
'စကင်းမောင်တော်လေးလမ်း(ယခု ဗိုလ်ဆွန်ပက်လမ်း)မှာနေ
သူကိုယ်တိုင်က စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည်။

စတီးဘရားသားနှင့်ဆက်နွယ်သော ဆန်စပါးအရော
အဝယ်လုပ်ငန်း၊ ဆန်စပါးသယ်သော စီဘီတွဲများ၊ သင်္ဘောအနှ
ထူထောင်သောလုပ်ငန်း၊ ကမာရွတ်တွင် မတ်စတီးဈေးကြီ
ကြည့်မြင်တိုင်ဘက်တွင် စူရတီဘဇားဈေးကြီး၏ အစုရှယ်ယ
များ ပိုင်ဆိုင်သော လူမိုက်တစ်ဦးဖြစ်သည်။

ကြည့်မြင်တိုင်ဘက်မှာရှိသော'ဈေးကြီးလမ်း'မှာ စူရ
ဘဇားဈေးကြီးကို အစွဲပြုလျက် ယခုတိုင် ခေါ်ဝေါ်သုံးစွဲသေ



www.burmeseclassic.com

www.burmeseclassic.com



အမည်တစ်ခုဖြစ်သည်။

ကုလားလူမိုက် မတ်စတီးခန်းမှာ ငွေကြေးချမ်းသာရုံမ တပဲ ကိုလိုနီခေတ်က ပုလိပ်များ၊ အရာရှိ အရာခံများ၊ နောက်ဆုံး ပုလိပ်မင်းကြီးအထိ ပေါက်ရောက်ဝင်ဆံ့သူဖြစ်သဖြင့် အခြားသူများက မော့မကြည့်ဝံ့ကြပေ။

တကယ်တော့ မတ်စတီးခန်းက သတ္တိရှိသူ မဟုတ်ပေ။ လူရည်လည်သူသာ ဖြစ်သည်။

လူမိုက်အချင်းချင်း အုပ်ချုပ်ခိုင်းထားပြီး သူကအပေါ်မှ ခေါင်းဆောင်အဖြစ် နေရာယူထားခြင်း ဖြစ်သည်။

စပတ်လမ်း(ယခုဗိုလ်အောင်ကျော်လမ်း)မှ သိမ်ကြီးဈေးအထိ သူပိုင်နယ်မြေအဖြစ် သတ်မှတ်ထားသည်။

နောက်ပိုင်းဩဇာအာဏာ တဖြည်းဖြည်းပြန့်နှံ့လာသောအခါ အင်္ဂလိပ်တို့ပေးသော 'စကင်းမောင်တော်လေးလမ်း' ကိုပင် 'မတ်စတီးလမ်း'ဟု ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။

မတ်စတီးခန်းက ငွေကြေးချမ်းသာသူ ဖြစ်သည်နှင့်အညီ အနေအထိုင်လည်း ထည်ဝါသည်။

ရွှေဦးထုပ်ကို ဆောင်းပြီး အပြင်ထွက်လျှင် ဒေါက်ကပ်ြထားကို စီးနိုင်သူဖြစ်သည်။

ထိုခေတ်အချိန်အခါတွင် မော်တော်ကားစီးနိုင်ရန် ၃ယ်ကူသော်လည်း ဒေါက်ကပ်ရထားစီးနိုင်ရန် မလွယ်ကူပေ၊ ြက်နှာဖြူ အရာရှိကြီးများပင် လူတိုင်းမစီးနိုင်သော ဒေါက်ကပ်ထားကို စီးနိုင်သူဖြစ်၏။





ထိုအချိန်က မတ်စတီးခန်းက ရန်ကုန်မြို့လယ်တစ်ဝိုက်မှာ စိုးမိုးနေသောအချိန်တွင် မန်မဆာဆိုသော ကုလားလူမိုက်တစ်ဦးက ရန်ကုန်အရှေ့ပိုင်းဘက်မှ တစ်ဗိုလ်တစ်မင်း ဂိုဏ်းထောင်ပြီး နေနိုင်သူဖြစ်သည်။

မန်မဆာကလည်း ခေသူမဟုတ်ပေ။ သော်မဆင်၌ တိုက်တာနှင့် နေနိုင်သူဖြစ်သည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော ရထားလုံးအများအပြား ပိုင်ဆိုင်ထားသူ ဖြစ်သည်။

သူပိုင်ဆိုင်သော တိုက်တာတို့ကို အငှားချထားသည်မှာ မနည်းလှပေ။

နောက်ပိုင်း လမ်းမတော်ဖိုးတုတ်၊ ဗိုလ်တထောင်ငမိုး စသော မြန်မာလူမိုက်များ ပေါ်ပေါက်လာတော့မှ ကုလားလူမိုက်များ တဖြည်းဖြည်း ငြိမ်ကျသွားကြခြင်းဖြစ်သည်။

မြန်မာလူမိုက်များခေတ်ကို စတင်ခဲ့သူမှာ လမ်းမတော်ဖိုးတုတ်ပင် ဖြစ်ပေသည်။

ထိုအချိန်က လမ်းမတော်တစ်ဝိုက်မှာ မတ်စတီးခန်းနှင့် အဆက်အသွယ် အထောက်အပံ့ရှိသော လူမိုက်တစ်ဦးကြီးစိုးနေခဲ့သည်။ ၎င်းမှာ ကုလားသွေးပါသူ ဖြစ်သဖြင့် "ပုဏ္ဏားဘထွန်း" (အချို့က 'ပုဏ္ဏားဘကွန်း'ဟု ရေးသည်) ဟုခေါ်ကြသည်။

လမ်းမတော်နယ်မြေတစ်ဝိုက်တွင် လမ်းမတော်ဖိုးတုတ် ပေါ်ပေါက်လာပြီးနောက်ပိုင်းမှသာ 'ပုဏ္ဏားဘထွန်း'ဆိုသော လူမိုက်မှာ ပျောက်ကွယ်သွားခြင်း ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တုလာလူမျိုးများအကြောင်းကို အတန်အသင့် ရေးသားခဲ့ပြီးသောအခါမှာ လမ်းမတော်နယ်မြေအကြောင်းကို ပြန်လည်အစကောက်ပြီး ဆက်လက်ရေးသားပါမည်။

ရှေးခေတ်အခါက လမ်းမတော်နယ်မြေ အပါအဝင် ရန်ကုန်မြို့နှင့်ပတ်သက်ပြီး ရေးသားသော စာဟောင်းပေဟောင်း အတော်များများ ရှိပါသည်။

ပြည့်စုံမှုတော့ မရှိပါချေ။

ယခုရေးသားသော အခြေအနေ အကြောင်းအရာများမှာ (၁၉၃၀)ခုနှစ် နောက်ပိုင်း၊ ကိုလိုနီနယ်ချဲ့ခေတ်က အခြေအနေ အကြောင်းအရာများထဲတွင် ပြည့်စုံမှု အတန်အသင့်ရှိသော မှတ်တမ်းတစ်ခုလည်း ဖြစ်ပေသည်။

ရှေးအခါက လမ်းမတော်အုပ်ချုပ်ရေး ဌာနများတွင် လမ်းမတော်ဌာန၊ အလုံဌာန၊ ကန်တော်မင်ဌာန သုံးခုပါဝင်သော နယ်မြေကို၊ လမ်းမတော်တိုက်နယ် ဟုခေါ်ဝေါ်ကြသည်။

ထိုနယ်မြေများကို ရဲအင်စပက်တော် (ယခင်က ရဲအင်စပိတ္တော်)တစ်ဦးက တာဝန်ယူအုပ်ချုပ်ရလေသည်။

လမ်းမတော်ဌာန နယ်မြေဟု သတ်မှတ်ရာတွင် မြောက်ဘက်တွင် သရက်တောကျောင်းတိုက်ဝင်း အပါအဝင် ယခု ဆေးကျောင်း၏ မြောက်ဘက်လမ်းမှ အရှေ့ဘက်ဂေါ်ဒွင်လမ်း၊ တောင်ဘက်ကမ်းနားလမ်းမှ အနောက်ဘက် သခင်မြပန်းခြံ အထိ ဖြစ်ပေသည်။

ထိုအချိန်က လမ်းမတော်နယ်မြေတစ်ဝိုက်မှာ နာမည်





ကြီး လူမိုက်များစွာတို့ ကြီးစိုးနေသော အချိန်လည်းဖြစ်သောကြောင့် ရာဇဝတ်မှုအများဆုံးနှင့် အဆိုးဝါးဆုံး နယ်မြေတစ်ခုလည်း ဖြစ်ပေသည်။

ထိုအချိန်က ကျုံးကြီးလမ်းမှာ လမ်းမတော်ဖိုးတုတ်ရှိသည်။ (၁၃)လမ်း (ခေါင်ချုပ်တန်းခေါ်ငါးရှဉ့်တန်း)မှာ ပုဏ္ဏားဘထွန်းရှိသည်။

နှစ်ဦးစလုံးမှာ နာမည်ကြီး လူဆိုးလူမိုက်များ ဖြစ်ကြပြီး အခြားဂိုဏ်ဖွဲ့နေသော လူဆိုးလူမိုက်တို့လည်း ရှိကြပေသေးသည်။

ပုဏ္ဏားဘထွန်းက အငြိမ့်ထောင်ခြင်းကို ဗန်းပြပြီး နောက်ဘက်တွင် လောင်ကစားဝိုင်းများ အကြီးအကျယ်ထောင်ကာ စီးပွားရှာသည်။

လမ်းမတော်ဖိုးတုတ်က လူဆိုးလူမိုက်များ မွေးထားပြီး ခိုင်းစားသည်။

လူမိုက်တပည့်များက ပြစ်မှုတစ်ခုခု ကျူးလွန်လာလျှင် အထက်အရာရှိများဖြင့် အဝင်အထွက်ပြုလုပ်ပြီး အေးငြိမ်းအောင် ဖြေရှင်းပေးသည်။

ရလာသောအကျိုးအမြတ်ကို သူ့အားခွဲဝေပေးရသည်။

မပေး၍လည်း မရပေ။

အကယ်၍ လျို့ဝှက်ထားပါက လူမိုက်အချင်းချင်း၊ ဒုက္ခပေးတာ ခံရချင်ခံရ၊ မဟုတ်လျှင် ပုလိပ်ဖမ်းသဖြင့် ထောင်နန်းစံရမည်မှာ သေချာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



**ထိုခေတ်**အခါက လူဆိုးလူမိုက်များထံမှ လမ်းမတော် **ဖိုးတုတ် လစဉ်ရရှိသော** ငွေပမာဏမှာ (၅၀၀)ကျပ်မှ (၁၀၀၀) **ကျပ်အတွင်း** ရှိလေသည်။

လူမိုက်ပင် ဖြစ်လင့်ကစား တိုက်နှင့်တာနှင့် နေနိုင်ရုံမက ဆလွန်းကားနှစ်စီးဖြင့် မြစ်ထဲသွားဖို့ ပုံချိတ်မော်တော်တစ်စီးပင် ပိုင်ဆိုင်ထားသူ ဖြစ်သည်။

ထိုကဲ့သို့ လူမိုက်များထံမှချည်း ရသည်မဟုတ်ပဲ စိန်ဘတ်စ်ကားအသင်းက တစ်နေ့ငွေ (၂ဝိ/)ဆိပ်ကမ်းကူလီအဖွဲ့က တစ်နေ့လျှင် ငွေ (၃ဝိ/)လာပေးကြရသေးသည်။

ဆီတစ်ပိဿာ (၆)မူးသာရှိသော အချိန်ကာလတွင် တစ်နေ့လျှင် ငွေ(၅ဝိ/)မှန်မှန်ရနေသော လူမိုက်ခေါင်းဆောင်တစ်ဦး၏ဝင်ငွေမှာ ပုလိပ်မင်းကြီးဝင်ငွေထက်ပင် ပိုမိုများပြားနေသေးသည်။

ထို့ကြောင့် ဝင်ငွေနည်းသော ပုလိပ်များ၊ အရာရှိများက လူမိုက်များကို အမှီပြုကြရသည်။

စားသောက်ချင်လျှင် ထိုလူမိုက်များထံသွားပါက ကြိုက်သည့်ဟိုတယ်၊ ပျော်ပွဲစားရုံတို့တွင် တက်ရောက်စားသောက်ခွင့်ရကြသည်။

အသုံးအစွဲလိုသဖြင့်သွားလျှင် ၎င်းတို့တစ်လစာရသောငွေမျိုး ချက်ချင်းရနိုင်သည်။

ထိုသို့ ပေးကမ်းကျွေးမွေးထားသောကြောင့် ထိုလူမိုက်ကြီးများနှင့် ဆက်နွယ်နေသော လူမိုက်တပည့်များ အမှုအခင်း





ပေါ်ပေါက်လာပါက ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှုမှုန်းပင် ပျောက်သွားအောင် ကြည့်ရှုစောင့်ရှောက်ပေးကြရသည်။

ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ သဘောမျိုးပင်ဖြစ်၏။

ဥပဒေသည် လုပ်ပိုင်ခွင့်ရှိသူတို့ ပါးစပ်ထဲမှာရှိသောကြောင့်လည်း ၎င်းတို့ပြောသမျှ ငြိမ်းကြရသည်။

ထို့ကြောင့်လည်း ဗြိတိသျှနယ်ချဲ့များ အုပ်စိုးစဉ်အချိန်ကာလက ရန်ကုန်မြို့ပေါ်တွင် ဒုစရိုက်မှုများ၊ ရာဇဝတ်မှုများကမိုးတွင်းအခါမှာ မှိုပွင့်သကဲ့သို့ နေရာအနှံ့တွင် အများအပြားပေါ်ပေါက်လျက်ရှိပေတော့သည်။

(ဝတ္ထုနှင့် ဆက်စပ်မှုရှိသဖြင့် လမ်းမတော်ဖိုးတုတ်နှင့်မတ်စတီးခ်န်းတို့နှင့် ပတ်သက်သည့် အကြောင်းအရာအချို့တို့ကို ထည့်သွင်းရေးရပါသော်လည်း အခြားစာအုပ်များမှာလည်းအတန်အသင့် ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်ပါကြောင်း ကြိုတင်ပန်ကြားအပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

## နာမည်ဆိုးသော်လည်း လူမဆိုးသည့်လူမိုက်များ

(၁၉၃၀)ပြည့်နှစ် နောက်ပိုင်းကာလများမှာ ရန်ကုန်မြို့မှာ အနယ်နယ်အရပ်ရပ်မှ လာရောက်နေထိုင်သူများ တဖြည်းဖြည်း များလာသောကြောင့် ပိုမိုစည်ကားလာသည်။

စစ်ဘေးစစ်ဒဏ်တို့ကြောင့် နယ်များမှာနေထိုင်ရတာ အဆင်မပြေသောကြောင့် အလုပ်အကိုင်မရှားသော ရန်ကုန်မြို့သို့ ရောက်လာကြခြင်းဖြစ်သည်။

လူများလာသလို ပိုမိုရှုပ်ထွေးလာသည်ဆိုက ပြီးမှန်



www.burmeseclassic.com

www.burmeseclassic.com


[illegible]

**အထူးသဖြင့်** လမ်းမတော်၊ လသာ၊ ညောင်ပင်လေး [illegible] ဘီလီး မော်တင်စသော ဆိပ်ကမ်းနှင့်နီးသော နယ်မြေများမှာ ပိုမိုရှုပ်ထွေးလေသည်။

လမ်းမတော်နယ်မြေတစ်ဝိုက်တွင် တရုတ်၊ ကုလား၊ (ဂေါ်ရင်ဂျီ၊ ခေါ်တော)နှင့် မြန်မာအချို့လောက်သာ နေထိုင်သော ရပ်ကွက်ဖြစ်သည်။

မြန်မာနှင့်တရုတ်က အတန်အသင့်လောက်သာရှိပြီး အများဆုံးကတော့ ကုလားလူမျိုးတို့ဖြစ်သည်။

ကုလားလူမျိုးပေါင်းစုံ ထိုနေရာတစ်ဝိုက်မှာ ရှိကြပြီး နည်းအမျိုးမျိုးဖြင့် လုပ်ကိုင်စားသောက် နေကြလေသည်။

ဂေါ်ရင်ဂျီများက လံချားဆွဲခြင်း၊ ခါးပိုက်နှိုက်ခြင်းနှင့် ကျပန်းကြံရာ လုပ်ကိုင်စားသောက်ကြပြီး အရက်သောက်ခြင်းနှင့် ဖဲကစားခြင်းကို များစွာဝါသနာပါကြသည်။

ခေါ်တော်များက (၁၅)လမ်း၊ (၁၆)လမ်း၊ ကမ်းနားလမ်းတစ်ဝိုက်တွင် သင်္ဘောအလုပ်၊ ထမင်းဆိုင်ဖွင့်ခြင်းနှင့် ကြက်ရောင်းသော အလုပ်လုပ်ကြသည်။

၎င်းတို့လည်း အရက်သောက်ခြင်းနှင့် ဖဲရိုက်ခြင်းတို့ကို များစွာ ဝါသနာပါကြသည်။

တရုတ်များက ဘိန်းပြောင်းထောင်ခြင်း၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်နှင့် ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချပြီး စီးပွားရှာကြသည်။

အခြားကုလား အများစုကတော့ ကူလီထမ်းခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ လူမိုက်အလုပ်လုပ်ခြင်း၊ လမ်းထောင့်များမှာ ကွမ်းယာဆိုင်ထောင်ခြင်း၊ ထိုဆိုင်များမှာ ဆေးခြောက်များ ရောင်းချခြင်းစသော အလုပ်များလုပ်ကြသည်။

ကမ်းနားလမ်းတစ်ဝိုက် သင်္ဘောဆိပ်များနှင့်နီးပြီး အချက်အခြာကျသောနေရာတို့တွင် တရုတ်ကုလားတို့ပိုင်သော ဆိုင်ကြီးများရှိနေပြီး ထိုလုပ်ငန်းဖြင့် ကြီးပွားချမ်းသာခြင်း ဖြစ်ကြသည်။

တရုတ်၊ ကုလားတို့သည် မြန်မာတို့ထက် စီးပွားရေးအမြင်ကျယ်သည်။

မြန်မာတို့က တောမှာနေပြီး ထမင်းမှန်မှန် စားနေရလျှင်ပင် ကျေနပ်နေသောအချိန်မှာ တရုတ်ကုလားများက ရန်ကုန်မြို့လို စီးပွားရေးအချက်အချာကျသော မြို့ကြီးများမှာ ရရာအလုပ် လုပ်ကိုင်ကာ စီးပွားရှာကြသည်။

ကျွန်ုပ်ငယ်စဉ်က ကျောင်းနေဖက် ကုလားလူမျိုး သူငယ်ချင်းတစ်ယောက် ရှိသည်။

နောက်တော့ ကျွန်ုပ်က ရွာတစ်ရွာမှာ ဆင်းဆင်းရဲရဲဖြင့် နေရသောအချိန်မှာ သူကမြို့ပေါ်မှာ ဈေးရောင်းဈေးဝယ် လုပ်ရင်း ဟန်ကျပန်ကျ ဖြစ်နေသည်။

ကျွန်ုပ်နှင့် ပြန်တွေ့တော့ သူကပြောသည်။

"တောမှာနေရင် ထမင်းစားရရုံပဲ ရမှာပေါ့ ချမ်းသာဖို့ ဘယ်ရပ့်မလဲ၊ ဘာကြောင့်လည်းဆို မင်းနေတဲ့ရွာမှာ ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ချည်းပဲဆိုတော့ မင်းချမ်းသာလောက်မယ့်ငွေမျိုး သူတို့ ဆီက ဘယ်ရနိုင်ပါ့မလဲ”

သူပြောတာလည်း မှန်သည်။

ကျွန်ုပ်နေသောရွာမှာ နေကြသူများအားလုံး တစ်နေ့လုပ် တစ်နေ့စားရသူများ ဖြစ်ကြရာ ချမ်းသာသူမရှိပေ။

“မြို့ပေါ်မှာက ချမ်းသာသူတွေ အများကြီးရှိတယ်၊ ကိုယ့်မှာ အရင်းအနှီးမရှိလို့ လက်လုပ်လက်စားလုပ်ရင်တောင် ပိုက်ဆံရဖို့မခက်ဘူး၊ မင်းကို ငါပြောပြမယ်၊ တောမှာဆန်တစ်ပြည် တစ်မတ်ကနေ ငါးမူးဖြစ်လာတာနဲ့ မျက်လုံးပြူးနေရတော့တာပဲ”

“အမှန်ပါပဲ”

“မြို့မှာ ကူလီထမ်းတဲ့ ကုလားပဲဖြစ်ဖြစ်၊ လံချားဆွဲနေတဲ့ ကုလားပဲဖြစ်ဖြစ်၊ သူတို့က ဆန်ဈေးတစ်မတ် တက်လာလည်း ဂရုစိုက်မှာ မဟုတ်ဘူး၊ လံချားတစ်ခေါက်ကို တစ်မတ်ကနေ ငါးမူးတောင်းယူရုံပဲ ကုန်ထမ်းတဲ့လူကလည်း ခါတိုင်းထက် ပိုယူလိုက်ရင် ဆန်ဈေးတက်တာကို ညီမျှသွားတာပေါ့”

“တောမှာက အဲသည်လို လုပ်လို့မရဘူး၊ မင်းအခုဘာတွေလုပ်နေသလဲ”

“တောဆင်းပြီး ထင်းခုတ်တယ်”

“တစ်ခေါက်သွားရင် ဘယ်လောက်ရသလဲ”

“ငါ့အတွက် (၁၅)ကျပ်လောက်ရတယ်”

“ဘယ်လောက်ကြာသလဲ”





“တစ်ခေါက်ကို တစ်လလောက်ကြာမှ ငွေရတယ်”

“တစ်လလုံးမှ (၁၅)ကျပ်ရတယ်၊ တစ်နေ့ငါးမူးပဲရတယ် ထမင်းစားရရုံပဲရှိမှာပေါ့။ မင်းဘယ်လိုလုပ် ချမ်းသာမှာလဲ”

“မှန်ပါတယ်”

“မင်းဒီထက် ချမ်းသာချင်ရင်တော့ နေ့စဉ်ငွေရမယ့် အလုပ်မျိုး ရှာလုပ်ပေါ့ကွာ”

ဟုသူကပြောသွားသည်။

သူနှင့်တွေ့ပြီးတော့မှ ထိုအကြောင်းများကို ပြန်စဉ်းစားကြည့်မိသည်။

ကျွန်ုပ်တို့ ငယ်ရွယ်စဉ်က ဖခင်ဖြစ်သူက တောဆင်းပြီး ထင်းဖြတ်သောအလုပ်လုပ်သည်။

ဘောက်တူကြီး တစ်စင်းဖြင့် လူငှားသုံးလေးယောက်ခေါ်ပြီး ထင်းဖြတ်သော အလုပ်မျိုးဖြစ်သည်။

တစ်ခေါက်ဆင်းသွားပြီး ပြန်ရောက်သည်အထိ (၁၅)ရက်လောက်ကြာသည်။

ပါလာသော ထင်းတုံးများကို ထင်းပေါက်ခြမ်းပြုလုပ်ပြီး မြို့ပေါ်မှာ ရောင်းရသည်က (၁၀)ရက်ခန့်ကြာသည်။

ရသည့်ငွေအပေါ်မှာ ပွဲစားက ပွဲခယူသည်။

တစ်ခေါက်လျှင် ငွေတစ်ရာ့ငါးဆယ်ကျပ်ခန့်ရသော်လည်း စားစရိတ်၊ အလုပ်သမားစားရိတ်၊ ပွဲစားခများနှုတ်သောအခါ ကိုယ့်အတွက် ကျန်ငွေမရှိတော့ပေ။

တစ်လလုံးငွေ (၁၅ဝိ/)ခန့်ရသည်မှာ တစ်နေ့မှ (၅)



www.burmeseclassic.com

www.burmeseclassic.com


ကျပ်မျှသာ ဝင်ငွေရခြင်းဖြစ်သည်။

ထိုင်းကျပ်က စားစရိတ်နှင့် အလုပ်သမားစရိတ်သာ ရှိသည်ကိုတော့ ဖခင်ဖြစ်သူက တွေးမိခဲ့ဟန် မတူပေ။

ထို့ကြောင့် ကျွန်ုပ်တို့ငယ်စဉ် ဘဝတစ်လျှောက်လုံး ဖခင် သစ်တောအလုပ်ကို တောက်လျှောက်လုပ်ခဲ့သော်လည်း စားရ ရုံသာရှိပြီး မချောင်လည်ခဲ့ပေ။

တစ်ခေါက်ပြီးတစ်ခေါက် ပွဲစားထံမှ ကြွေးများက တစ် ရစ်ပြီးတစ်ရစ် တင်နေခဲ့သည်။

နောက်ဆုံးပြောရရင်တော့ သစ်တောကြီးများ ပြုန်းတီး သွားပြီး ကနစိုသစ်ပင်များ မရှိတော့ပဲ လယ်မြေဘဝ ရောက် သွားတော့မှ . သစ်တောအလုပ်ကို ရပ်လိုက်ရသော အခါမှာ လည်း ပွဲစားကြွေးအတွက်လှေကို ပေးခဲ့ရပြီး ဘာမှမကျန်ခဲ့ တော့သည့် ဘဝမျိုး ရောက်ခဲ့ရပေသည်။

နောက်ပိုင်းရောက်တော့ ကျောင်းနေဖက်သူငယ်ချင်း ပြောပြသွားတာ မှန်လေစွ ဟုဆင်ခြင်မိသည်။

နောက်ပိုင်းမှာတော့ ကျွန်ုပ်သည် အားလုံးကို စွန့်လွှတ် ပြီး မြို့ပေါ်တက်ပြီး စီးပွားရှာသောအခါ တဖြည်းဖြည်း အဆင် ပြေခဲ့ခြင်း ဖြစ်ပေ၏။

တရုတ်၊ ကုလားတို့သည် စီးပွားရေးအမြင် ကျယ်သူများ ဖြစ်သည်။

၄င်းတို့ အဓိကထားသော အလုပ်မှာ ဈေးရောင်းဈေး ဝယ် လုပ်ငန်းဖြစ်သည်။



ဈေးရောင်းဈေးဝယ်လုပ်ငန်းမှာ ဘယ်သောအခါမှ မရှုံးနိုင်သည့် အလုပ်မျိုးဖြစ်၏။

မြို့ကြီးများအပါအဝင် မြို့အတော်များများကို လေ့လာ ကြည့်ပါ။

လူစည်ကားသော သင်္ဘောဆိပ်အနီး၊ ဈေးအနီးအချက် အချာကျသော လမ်းဆုံလေးခွနေရာများတွင် ကုန်စုံဆိုင်ကြီးများ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ စားသောက်ဆိုင်ကြီးများကို တွေ့ရပေသည်။

အများအားဖြင့်တော့ တရုတ်လူမျိုးနှင့် ကုလားလူမျိုးတို့ ပိုင်သော ဆိုင်များသာ ဖြစ်ပေလိမ့်မည်။

ယခုလည်း (၁၉၃၀)ခုနှစ်နောက်ပိုင်း စစ်ပွဲများပြီးကာစ အခြေအနေ ပြန်လည်ငြိမ်သက်လာသောအချိန်တွင် ရန်ကုန် မြို့၏ အချက်အချာကျသောနေရာတို့တွင် တရုတ်နှင့်ကုလား လူမျိုးတို့၏ ဆိုင်ကြီးများက နေရာယူလာကြလေသည်။

ကုန်စုံဆိုင်၊ ပွဲရုံ၊ ပျော်ပွဲစားရုံ၊ အရက်ဆိုင်၊ ခေါက်ဆွဲ ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဘိန်းပြောင်းထောင်သောဆိုင်၊ လောင်း ကစားဝိုင်းများရှိသောဆိုင်၊ ပြည့်တန်ဆာများရှိသောဆိုင်များမှ အစ လမ်းတောင့် ကွမ်းယာရောင်းသော ဆိုင်များအထိ ကုလား၊ တရုတ်တို့ချည်း ပိုင်ဆိုင်ကာ လက်ဝါးကြီးအုပ်ထားခဲ့ကြလေ သည်။

ကမ်းနားလမ်းတစ်လျှောက် ရောင်းချသောဆိုင်များမှာ အများအားဖြင့် အရက်နှင့် အစားအသောက်တို့ကိုဦးစားပေး


www.burmeseclassic.com

www.burmeseclassic.com



ရောင်းချကြရာ လူဆိုး၊ လူမိုက်၊ သူခိုး၊ ခါးပိုက်နှိုက်တို့ ကျက်စားရာနေရာများ ဖြစ်ကြသည်။

ထိုဆိုင်များတွင် မကြာခဏ ရန်ပွဲများ တွေ့ရတတ်သည်။ ထို့ကြောင့် ဆိုင်ရှင်များက ထိုနယ်မြေကို ပိုင်စိုးနေသော လူမိုက်ခေါင်းဆောင်တို့ကို ချဉ်းကပ်ထားရသည်။

သင့်တော်သော ကြေးများလည်း ပေးထားရသည်။

ထိုသို့ပေးထားသော ဆိုင်များမှာ ရန်ပွဲများသော်လည်းကောင်း၊ ပြဿနာသော်လည်းကောင်း ဖြစ်ပါက သက်ဆိုင်ရာလူမိုက်များက လာရောက်ဖြေရှင်းပေးကြသည်။

ထိုအချိန်က ပုလိပ်ကို အလုံးစုံအားကိုး၍မရပဲ နယ်မြေခံ လူမိုက်တို့ကိုသာ အားကိုးရသော အချိန်လည်းဖြစ်သည်။

ထိုသို့ လာရောက်ကာကွယ်ပေးသောကြောင့် လူမိုက်ခေါင်းဆောင်တို့ကို လစဉ်ကြေးနှင့် မိမိတို့ဆိုင်များတွင် ရောင်းချသော အစားအသောက်တို့ကို အခမဲ့ စားသောက်ခွင့် ပေးကြရသည်။

အကယ်၍ ထိုကဲ့သို့ ပေးရကျွေးရသည်ကို သဘောမကျလျှင် မပေးပဲ၊ မကျွေးပဲ နေမည်ဆိုက နေနိုင်ကြသည်။

သို့သော် မကြာမီ ထိုဆိုင်တွင် ဆူပူမှု၊ ရန်ဖြစ်မှု၊ ဖျက်ဆီးမှု၊ လုယက်မှု၊ ပစ္စည်းပျောက်ရှခြင်းများနှင့် ကြုံတွေ့ရတော့သည်။

ထို့နောက်မှာတော့ ဆက်ကြေးမပေးပဲ မနေဝံ့တော့သဖြင့် ပေးကြရသည် ကျွေးကြရပြန်သည်။





လူမိုက်ခေါင်းဆောင်တို့ လက်သပ်မွေးထားသော တပည့်များမှာ အခြေအနေမဲ့များဖြစ်ကြပြီး လမ်းပေါ်တွင်ကြုံသလိုအိပ်၊ ကြုံသလိုစားကာ နေရာအနှံ့တွင် ရှိကြသည်။ ထို့ကြောင့် စီးပွားရေးသမားများ၊ စားသောက်ဆိုင်ပိုင်ရှင်တို့က လူမိုက်ခေါင်းဆောင်များကို မလွန်ဆန်ဝံ့ကြပေ။ ထိုအချိန်က လမ်းမတော်ဖိုးတုတ်ကဲ့သို့ လူမိုက်ခေါင်းဆောင်တစ်ဦး၏ တစ်လဝင်ငွေမှာ (၅၀ဝိ)မှ (၁၀၀ဝိ)ကျပ်အထိရှိလေသည်။

လူမိုက်ခေါင်းဆောင်များအနေဖြင့်လည်း ၎င်းတို့ရသောငွေကို အပြည့်အဝ သုံးစွဲရသည်တော့ မဟုတ်ပေ။

တပည့်များကိုပေးရခြင်း ပုလိပ်နှင့် အရာရှိအရာခံတို့ကို လာဘ်ထိုးရခြင်းကြောင့် လောက်ငှရုံသာ ရှိလေသည်။

ထို့ပြင်တပည့်များထဲမှ တစ်ဦးတစ်ယောက်က ပြဿနာဖြစ်၊ အမှုအခင်း ဖြစ်လာလျှင် ကိုယ့်စရိတ်နှင့်ကိုယ် လိုက်ပြီးကာကွယ်စောင့်ရှောက် ပေးရသေးသည်။

အမှုကြီးလျှင်သေးအောင် လုပ်ပေးရသည်။

အမှုသေးလျှင် ကွင်းလုံးကျွတ်လွတ်အောင် လုပ်ပေးရသည်။ ဒါကြောင့် လူမိုက်ခေါင်းဆောင်တို့၏ တာဝန်ကလည်း မသေးလှပေ။

သူကြီးစိုးသော နယ်မြေတစ်ခုလုံး အပ်ကျတာကအစ သိအောင်လုပ်ထားရသည်။

သို့မဟုတ်ပဲ ပေါ့ပေါ့လျော့လျော့ နေမိပါက တခြားလူမိုက်တို့၏ နယ်ကျော်စားခြင်း( အခြားနယ်မြေမှ လူမိုက်တာ မိမိ



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေထဲဝင်ပြီး ရာဇဝတ်မှုတစ်ခုခု ကျူးလွန်သွားခြင်း)မိမိတဝည့်များထဲမှ ကြိတ်ပုန်းစားခြင်း(သူရလာသော ပစ္စည်းကို ခေါင်းဆောင်အား အသိမပေးတော့ပဲ တစ်ယောက်တည်း စားလိုက်ခြင်း)မျိုး ခံရတတ်သည်။

ထို့ထက် ကိုယ့်နယ်မြေအတွင်းမှာ သူခိုးကဘယ်နှယောက်၊ ခါးပိုက်နှိုက်က ဘယ်နှယောက်ရှိသည်ကို သိထားရပြီး၊ ဘယ်သူက ဘယ်နေရာမှာ ကျက်စားသည်ကိုပါ သိထားရသည်။

တစ်ခါက သာရဝဲရပ်မှာနေသောလူတစ်ဦး လမ်းမတော်ဖိုးတုတ်နေအိမ်သို့ ရောက်လာသည်။

ထိုအချိန်က လမ်းမတော်ဖိုးတုတ်နေသောအိမ်မှာ ကျုံးကြီးလမ်းနှင့် (၁၄)လမ်းထိပ်တွင်ရှိသော တိုက်ခြံပင် ဖြစ်သည်။

ထိုလူက သာရဝဲရပ်သားဖြစ်ကြောင်း ပြောသောအခါ လမ်းမတော်ဖိုးတုတ်ကိုယ်တိုင် တွေ့ပြီး ဖော်ဖော်ရွေရွေ ဧည့်ခံသည်။

လမ်းမတော် ဖိုးတုတ်သည် ရန်ကုန်ဇာတိမဟုတ်ပဲ မြစ်ဝကျွန်းပေါ် သာရဝဲရပ်သား ဖြစ်သည်။

ယခုရောက်လာသောသူကို သူ့အနေဖြင့် မမှတ်မိတော့သော်လည်း မိမိတို့ဇာတိ အရပ်ဘက်မှဆိုသဖြင့် ကောင်းမွန်စွာ ဧည့်ခံခြင်း ဖြစ်သည်။

"ကိုဖိုးတုတ်ရေ ကယ်ပါဦးဗျ၊ ကျုပ်မှာတော့ အကြီးအကျယ် ဒုက္ခရောက်နေရပါပြီ"

"ဘယ်လိုဖြစ်လာခဲ့တယ်ဆိုတာ တစ်ဆိတ်လောက်ပြော





ပြပါလား"

လမ်းမတော်ဖိုးတုတ်က အေးအေးဆေးဆေးပင် ပြန်မေးသည်။

"ကျုပ်က သာရဝဲဘက်ကပါ စပါးရောင်းရတဲ့ငွေကလေးစုပြီး ကျောင်းပြင်ဖို့အတွက် ရန်ကုန်မှာ ပစ္စည်းတက်ဝယ်တာပါ၊ ပါသမျှငွေကို ခါးပိုက်နှိုက်ခံလိုက်ရတာ အပြန်စားရိတ်တောင် မကျန်တော့လို့ အကူအညီပေးပါဦးဗျာ"

ထိုလူ၏ အမူအရာမှာ လိမ်ညာပြောဆိုနေခြင်းမျိုး မဟုတ်ပဲ အမှန်တကယ်ဒုက္ခရောက်လာသော ပုံသဏ္ဍာန်မျိုး တွေ့ရသောကြောင့် ဤသို့ ပြောလိုက်လေသည်။

"ဒီလောက်လည်း စိတ်သောကရောက်မနေပါနဲ့ဗျာ တစ်နယ်တည်းသားတွေဆိုတော့ ကျုပ်တတ်နိုင်သလောက်တော့ အကူအညီ ပေးပါ့မယ်၊ ဒါထက် မိတ်ဆွေခါးပိုက်နှိုက်ခံရတာ ဘယ်နေရာလောက်မှာ ဖြစ်မယ်လို့ ခန့်မှန်းမိသလဲ"

"သာရဝဲသင်္ဘောက (၁၅)လမ်း ဗောတံတားဆိပ်မှာ ကပ်ပါတယ်၊ သင်္ဘောပေါ်တက်ကာနီးတော့ ငွေထုပ်ကို စစ်ကြည့်ပါသေးတယ်၊ အဲဒီတုန်းက ရှိနေပါသေးတယ်၊ တံတားပေါ်တက်လာပြီး လူတိုးခံလိုက်ရပြီးတဲ့နောက်မှာ အိတ်ကွဲပြီး ငွေထုပ်က မရှိတော့တာပါ"

ထိုစကားကြားသောအခါ လမ်းမတော်ဖိုးတုတ်က အပြင်မှာ ရှိနေသော တပည့်တစ်ယောက်ကို ခေါ်လိုက်ရာ လွန်စွာရိုကျိုးသော အမူအရာဖြင့် ဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အုန်းဖေနဲ့ ညွှန့်တို့နှစ်ယောက်ကို ငါခေါ်နေတယ် ပြောပြီး ဒီကိုခေါ်လာခဲ့၊ ပစ္စည်းပါ တစ်ပါတည်းယူခဲ့ဖို့လည်း ပြောကြားလား"

"ဟုတ်ကဲ့ ဆရာကြီး"

ထိုသို့ပြောပြီး ထွက်သွားလေသည်။

လမ်းမတော်ဖိုးတုတ်လည်း ထိုအကြောင်းကို ဘာတစ်ခွန်းမှ မပြောတော့ပဲ အခြားအကြောင်းများကိုသာ ပြောဆိုနေလေသည်။

ညော့သည်ခမျာမှာတော့ စကားသာ ပြောနေရသော်လည်း စိတ်မဖြောင့်နိုင်ပဲ ရှိနေလေသည်။

နာရီဝက်ခန့် ကြာသောအခါ ထွက်သွားသောသူက အဝတ်အစား စုတ်စုတ်ပြတ်ပြတ် ဝတ်ထားသော လူနှစ်ယောက်ကို ခေါ်ပြီး ပြန်ရောက်လာသည်။

နောက်မှပါလာသော နှစ်ယောက်က လမ်းမတော်ဖိုးတုတ်ရှေ့မှာ ထိုင်နေသောသူကိုမြင်သောအခါ မျက်စိမျက်နှာပျက်သွားကြသည်။

"အုန်းဖေနဲ့ ညွှန့် သူက ငါနဲ့တစ်ရွာတည်းနေခဲ့တဲ့သူပဲ ကျောင်းပြင်ဖို့ ပစ္စည်းလာဝယ်ရင်းနဲ့ ပါသမျှငွေကို ခါးပိုက်နှိုက်ခံရလို့တဲ့ကွာ အဲဒါ မင်းတို့နှစ်ယောက် သူ့ဆီက နှိုက်ယူခဲ့တဲ့ငွေကို ပြန်ပေးလိုက်ကြပါ"

ဟု အေးအေးဆေးဆေး အမူအရာနှင့်ပင် ပြောလေရာ ခါးပိုက်နှိုက်နှစ်ယောက်မှာ မငြင်းဝံ့ကြတော့ပဲ ဝှက်ထားသော





ငွေထုပ်ကို ပြန်ပေးကြရလေသည်။

"ကိုင်း မိတ်ဆွေ ခင်ဗျားငွေထုပ် ဟုတ်မဟုတ် ကြည့်ပါဦး အထဲက ငွေလျော့မလျော့လည်း စစ်ဆေးကြည့်ပါဦး"

ထိုသူက တုန်ယင်နေသော အမူအရာဖြင့် ငွေထုပ်ကိုဖြေ၍ စစ်ဆေးကြည့်ပြီး အားလုံးပြည့်စုံကြောင်း ဝန်ခံသည်။

"အားလုံးပြည့်ပါတယ် ကိုဖိုးတုတ်ရယ်၊ ခင်ဗျားရဲ့ ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမယ် ဆိုတာတောင် မသိတော့ပါဘူး၊ ဒီအကြောင်းကို ရွာက ဘုန်းကြီးသိရင်လည်း အတော်ကလေး ဝမ်းသာရှာမှာပဲ"

ဟု ကတုန်ကယင်ပြောပြီး ကြမ်းပေါ်သို့ဆင်းကာ လမ်းမတော်ဖိုးတုတ်ကို ထိုင်ကန်တော့ရန် ပြင်နေသဖြင့် ဆွဲထားရလေသည်။

"ကျုပ်ကို ကန်တော့စရာ မလိုပါဘူးဗျာ ကိုယ့်နယ်သားအချင်းချင်း ကူညီထိုက်လို့ အကူအညီ ပေးရတာပဲ၊ ရွာကဘုန်းတော်ကြီးကိုသာ ကျုပ် အကူအညီပေးလိုက်တဲ့ အကြောင်းနဲ့ ကျုပ်က ကန်တော့လိုက်တဲ့အကြောင်း ပြောပြပေးပါ"

ဟု ပြောလေသည်။

ထိုနောက်မှာတော့ ငွေထုပ်ပြန်ရသူလည်း များစွာရွှင်လန်းဝမ်းမြောက်သော အမူအရာဖြင့် အိမ်အတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ထိုသူထွက်သွားပြီး နောက်တွင် လမ်းမတော်ဖိုးတုတ်က ခေါ်တပည့် နှစ်ယောက် ကျေနပ်စေရန် တစ်ယောက်ငါးကျပ်ငွေ



www.burmeseclassic.com

www.burmeseclassic.com




တစ်ဆယ်ကျပ်စီ ဆုအဖြစ်ပေးလိုက်တော့မှ ကျေနပ်စွာဖြင့် ပြန်သွားကြလေတော့သည်။

ရန်ကုန်မြို့တွင် ကုလားလူမိုက်များ စိုးမိုးနေသည်ကို ဖယ်ရှားသုတ်သင်ပြီး မြန်မာလူမိုက်တစ်ခေတ်ကို ထူထောင်ခဲ့သော လမ်းမတော်ဖိုးတုတ်မှာ နာမည်သာဆိုးသော်လည်း လူမဆိုးခဲ့သော လူမိုက်တစ်ယောက်သာ ဖြစ်ချေသည်။







လမ်းမတော်ဖိုးတုတ် နေထိုင်ခဲ့သော
ကျုံးကြီးလမ်းနှင့်(၁၄)လမ်းထိပ်ရှိ တိုက်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဖိုးတုတ် အသက်(၃၀)ကျော် အရွယ်က ရိုက်ကူးထားသောပုံ





# အခန်း(၄)

## ဦးဗန်ကောင်းနှင့် တွေ့ကြုံရခြင်း

(၁၉၂၉-၁၉၃၀)ခုနှစ်လောက်က သဘော်ကျင်း ကုန်ဆင်တုန်ချ အလုပ်မှန်သမျှ ကုလားလူမျိုး၊ ကုလားအလုပ်သမားတို့ကသာ ကြီးစိုးလုပ်ကိုင်ကြလေသည်။

အများအားဖြင့်တော့ ကုလားပြည်မှ လာရောက်သောဆေါ် ရင်ဂျီလူမျိုး ကူလီအလုပ်သမားသာ ဖြစ်ကြလေသည်။

ထိုဂေါ် ရင်ဂျီတို့သည် အပေါ် အကျီမပါ၊ နံငယ်ပိုင်းတစ်ခုဖြင့် နေပူမရှောင် မိုးရွာမရှောင် တစ်နေကုန် အလုပ်လုပ်နိုင်ကြ


www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ငင်းတို့သည် အစားအစာထက် အရက်သောက်ရဖို့က ပိုပြီးအရေးကြီးရာ ကုန်ထမ်းနားသည်နှင့် လမ်းဘေးအရက်ဆိုင် များသို့ ချက်ချင်းပြေးကာ အရက်သောက်သည်။

ထိုသို့သောက်ရာမှာလည်း အကောင်းစားအရက်မျိုး မဟုတ်ပဲ လမ်းဘေးဆိုင်များမှာရောင်းသော အပေါစားအရက် တို့ကိုပင် 'ချဉ်ချဉ်တူးတူး မူးလျှင်ပြီးရော' သဘောမျိုးဖြင့် မျက်စိ မှိတ်ကာ သောက်ကြရခြင်းဖြစ်သည်။

ထိုအချိန်က ဆိပ်ကမ်းတစ်ဝိုက်မှာ ကုန်တင်ကုန်ချ အလုပ်တို့ကို မြန်မာအလုပ်သမားများ လုပ်ချင်လျှင်သော်မှ လုပ် ခွင့်မရပဲ ဂေါ်ရင်ဂျီကုလား အလုပ်သမားများက လက်ဝါးကြီး အုပ်ထားကြသည်။

(၁၉၃၀)ခုနှစ် ဝန်းကျင်အချိန်လောက်တွင် ဆိပ်ကမ်း တစ်ဝိုက်မှာ သပိတ်မှောက်မှုများ ဖြစ်ပေါ်လေတော့သည်။

ဂေါ်ရင်ဂျီကုလားများ အလုပ်လုပ်ရချိန်များပြီး၊ အခ ကြေးငွေရခြင်းနည်းသဖြင့် စုပေါင်းကာ သပိတ်မှောက်ကြခြင်း ဖြစ်လေသည်။

ဆိပ်ကမ်းတစ်လျှောက်လုံးမှာ ကုလားအလုပ်သမား များချည်းရှိရာ ငင်းတို့အားလုံးက အလုပ်မဆင်းပဲနှင့် သပိတ် မှောက်ကြသောအခါ သင်္ဘောများပေါ်မှ ကုန်တင်ကုန်ချအလုပ် အားလုံး ရပ်ဆိုင်းသွားလေတော့သည်။

ထိုနေရာတစ်လျှောက်လုံး (ကီလီလမ်းမတော်အထိ





ကုလားအလုပ်သမားပေါင်း သုံးထောင်ကျော် လေးထောင်ခန့် ရှိပေရာ အားလုံးအလုပ်မဆင်းကြသောအခါ အခက်တွေ့ကြရ လေတော့သည်။

ထိုပြဿနာအခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးသူမှာ အခြားသူမဟုတ်ပေ. . . လမ်းမတော်တစ်ဝိုက်မှာ ကြီးစိုးနေ သော လမ်းမတော်ဖိုးတုတ်ပင် ဖြစ်တော့သည်။

လမ်းမတော်ဖိုးတုတ်က ငင်း၏ တပည့်အားလုံးကို ချက် ချင်းခေါ်သည်။ ငင်းတပည့်များ အဆက်ရှိသမျှ အလုပ်သမား အားလုံးကို ဆိပ်ကမ်းရောက်အောင် ချက်ချင်းခေါ်လာစေသည်။

တစ်ရက်အတွင်းမှာပင် အလုပ်သမားပေါင်း သုံးလေး ထောင် ရောက်လာလေတော့သည်။

ကုန်တင်ကုန်ချအတွက် အခက်တွေ့နေကြသူများမှာ လည်း လမ်းမတော်ဖိုးတုတ် ဆောင်ရွက်ပေးမှုကြောင့် ကုန်တင် ကုန်ချလုပ်ငန်းများ ဆက်လက်လည်ပတ်ကြရသဖြင့် များစွာ ကျေးဇူးတင်ကြလေသည်။

လူတစ်ယောက်၏ တစ်နေ့လုပ်ခမှာ အသပြာတစ်ပဲ ပင်ဖြစ်သော်လည်း လမ်းမတော်ဖိုးတုတ်၏ တပည့်များမှာ တစ်နေ့လျှင် ငွေ(၂၀၀)မှ (၃၀၀)အထိ ရကြလေသည်။

ထိုအခြေအနေကို ကြည့်ပြီး လူမိုက်တစ်ဦးဖြစ်စေကာ မူ စီမံခန့်ခွဲမှုကောင်းသော လမ်းမတော်ဖိုးတုတ်အား အင်္ဂလိပ် ကုန်သည်ကြီးများအပါအဝင် နိုင်ငံခြားကုန်သည်ကြီးများက ချီးမွမ်းထောပနာ ပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က မြန်မာများမှာ ကူလီထမ်းခြင်းအလုပ်ကို အောက်ကျသည်ထင်သဖြင့် ရန်ကုန်မြို့တွင် လုပ်ကိုင်သူ မရှိသလောက် ရှားလေသည်။

ယခု လမ်းမတော်ဖိုးတုတ်စီစဉ်မှုဖြင့် ဝင်ရောက်လုပ်ကိုင်ကြရာ နှစ်ပေါင်းများစွာက ဆိပ်ကမ်းတစ်ဝိုက်တွင် ကုလားကူလီ ကုလားအလုပ်သမားများသာရှိနေရာမှ မြန်မာအလုပ်သမားများ စတင်ဝင်ရောက်ခဲ့ခြင်းပင် ဖြစ်တော့သည်။

ဆိပ်ကမ်းတစ်ဝိုက်တွင် နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ်ခဲ့ကြသော ကုလားအလုပ်သမား သုံးလေးထောင်မျှ အလုပ်လက်မဲ့ဘဝ ရောက်ခဲ့ကြရတော့သည်။ ပြဿနာက ထိုမျှနှင့်တော့ ပြီးမသွားခဲ့ပါချေ။

ဆိပ်ကမ်းတစ်ဝိုက်တွင် ကုလားအလုပ်သမားများ သပိတ်မှောက်ဆန္ဒပြပြီး အလုပ်မဆင်းသောအချိန်တွင် လမ်းမတော်ဖိုးတုတ်က ၎င်း၏တပည့်တပန်း အဆက်အသွယ်ဖြင့် မြန်မာအလုပ်သမား သုံးလေးထောင်ကို အစားထိုး အလုပ်သွင်းပေးခဲ့ရာ မျက်နှာဖြူများကပါ သဘောကျကြလေသည်။

ထိုအလုပ်သမားများထဲမှာ နီမောင်တို့သုံးယောက်လည်း ပါလာကြသည်။ သူတို့သုံးယောက်ဆိုသည်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင်ဖြစ်သည်။

သုံးယောက်စလုံး အသက်(၂၅)နှစ်အရွယ်ခန့် ရှိကြသည်။ သူတို့သည် မြစ်ဝကျွန်းပေါ်သားများ ဖြစ်ကြပြီး စစ်ဘေးစစ်ဒဏ်တို့ကြောင့် နယ်များမှာ အလုပ်အကိုင်မကောင်းသဖြင့်





အလုပ်အကိုင် ရှာဖွေကြရင်း ရန်ကုန်မြို့သို့ စွန့်စွန့်စားစား ရောက်လာခြင်းဖြစ်သည်။

ရောက်ကာစက သရက်တောကျောင်းတိုက်အတွင်းမှ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ နေကြသည်။

ထိုကျောင်းမှ ဘုန်းကြီးမှာ နယ်မှာနေသွားစဉ်က ၎င်းတို့နှင့် သိကျွမ်းခင်မင်ခဲ့ဖူးသောကြောင့် သူတို့သုံးယောက်ကို လက်ခံထားလေသည်။

"ငါတို့ကျောင်းမှာတော့လူများတယ်၊ မင်းတို့သုံးယောက် အိပ်ဖို့တော့ နေရာရှိပါတယ်၊ စားဖို့တော့အပြင်မှာ ကိုယ့်ဘာသာသာရှာစားကြပေါ့ကွာ"

ဟုပြောသည်။

ရန်ကုန်တွင် အသိအကျွမ်း မရှိလျှင်စားဖို့ထက် တည်းခိုနေထိုင်ဖို့က ခက်ခဲရာ ယခုကဲ့သို့ ဘုန်းကြီးကျောင်းမှာ နေခွင့်ရသဖြင့် အတန်အသင့် အဆင်ပြေသွားကြသည်။

နေဖို့ရသော်လည်း စားသောက်ဖို့အတွက် အလုပ်ရှာရတာလည်း မလွယ်လှပေ။

နေရာတကာမှာ ကုလားအလုပ်သမားများချည်း ကြီးစိုးထားရာ နောက်ထပ်အသစ်ဝင်ဖို့ မလွယ်လှပေ. . .။

သူတို့သုံးယောက်စလုံးမှာ ပညာဖြင့် အသက်မွေးကြမည့်သူများ မဟုတ်ကြရာ ၎င်းတို့နှင့် သင့်တော်သောအလုပ်ကြမ်းများကိုသာ ရှာဖွေကြရလေသည်။

ထိုကဲ့သို့ အလုပ်ကြမ်းတစ်ခုရဖို့ပင် မတ်မသိပါက မည်



www.burmeseclassic.com

www.burmeseclassic.com



သူမှ လက်မခံချင်ကြပေ။

တစ်နေ့တော့ ဘုန်းကြီးက ဆွမ်းခံပြန်ကြွလာသော အချိန်မှာ သူတို့သုံးယောက်ကို ခေါ်ပြောသည်။

"နီမောင် အခုဆိပ်ကမ်းမှာ အလုပ်လုပ်နေတဲ့ ကုလား အလုပ်သမားတွေက သပိတ်မှောက်ပြီး တစ်ယောက်မှ အလုပ်မဆင်းကြတော့ဘူး၊ အဲဒါကို လမ်းမတော်ဖိုးတုတ်က ဗမာအလုပ်သမားတွေ ထည့်ပေးနေတယ် မင်းတို့သုံးယောက် အခုအချိန်မှာ သူ့ဆီသွားရင် အလုပ်ရနိုင်တယ်"

"တပည့်တော်တို့က ဘယ်သူ့ဆီသွားရမှာလည်း ဘုရား"

"လမ်းမတော် ဖိုးတုတ်က လုပ်ပေးနေတာ သူ့ဆီပဲ သွားရမှာပေါ့"

"တပည့်တော်တို့နဲ့မှ မသိတာဖြစ်ပါမလားဘုရား . . ။ နောက်ပြီးသူက နာမည်ကျော် လူမိုက်ကြီး"

"ဖြစ်ပါတယ်ကွာ ဖိုးတုတ်က လူမိုက်ဆိုပေမယ့် သဘောကောင်းပါတယ် နောက်ပြီး ဗမာချင်းချင်းလည်း ရိုင်းပင်းမှုရှိတဲ့သူပါ ငါစာတစ်စောင် ရေးပေးလိုက်မယ်"

ဟုပြောပြီး စာတစ်စောင်ရေးပေးလေသည်။

နီမောင်တို့လည်း ထိုစာကိုယူပြီး လမ်းမတော်ဖိုးတုတ်ထံသွားရာ ချက်ချင်းလက်ခံပြီး ဆိပ်ကမ်းမှာ အလုပ်သွင်းပေးလေသည်။ ၎င်းတို့သုံးယောက် အလုပ်လုပ်သော အလုပ်သမားဂိုဏ်းခေါင်းဆောင်မှာ ထွန်းခဆိုသူဖြစ်သည်။ ၎င်းတို့အလုပ်ဝင်ကာစက မော်တင်ဆိပ်ကမ်းမှာ အလုပ်လုပ်ကြရသည်။





(၁၅)လမ်း၊ (၁၆)လမ်းတစ်လျှောက်မှာရှိသော ဗောတံတားများမှာ မြစ်ဝကျွန်းပေါ်ဘက်မှလာသော 'ခြားသင်္ဘော'များ ဆိုက်ကပ်သည်။

'ခြားသင်္ဘော' ဆိုသည်မှာ အစိုးရပိုင် သင်္ဘောမဟုတ်ပဲ ပုဂ္ဂလိကပိုင် သင်္ဘောများကို ခေါ်သောအခေါ်အဝေါ်ဖြစ် သည်။ ထိုသင်္ဘောများ ကပ်သောဆိပ်ကမ်းကိုလည်း ခြားသင်္ဘောဆိပ်ဟုပင်ခေါ်ကြသည်။

ထိုဆိပ်ကမ်းများသို့ အများဆုံး လာရောက်ဆိုက်ကပ်သည့် သင်္ဘောများမှာ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊ မြောင်းမြ၊ ပုသိမ်စသော မြစ်ဝကျွန်းပေါ်မြို့များမှ သင်္ဘောများ ဖြစ်ကြလေသည်။

ထိုသင်္ဘောများပေါ်မှာ ဆန်အိတ်၊ ကြက်ခြင်း၊ ဘဲခြင်း ကြက်ဥဘဲဥသေတ္တာ၊ ငါးပုစွန်သေတ္တာ၊ အုန်းသီး၊ ၄က်ပျောသီးခိုင် စသည်တို့ အများဆုံးပါသည်။

မော်တင်ဘက်မှာတော့ အစိုးရပိုင် ဧရာဝတီသင်္ဘောများ ဆိုက်ကပ်မှုများလေသည်။

လှည်းတန်း၊ ကိုင်းတန်း၊ မော်တင်ဆိပ်ကမ်းများမှာ အစိုးရပိုင် ဧရာဝတီသင်္ဘောများမှလွဲပြီး အခြားပုဂ္ဂလိက ခြားသင်္ဘောများ ဆိုက်ကပ်ခွင့် မရကြပေ. . . ။

ဧရာဝတီသင်္ဘောများမှာလည်း မြစ်ဝကျွန်းပေါ်မြို့များဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊ မြောင်းမြ၊ ပုသိမ်၊ အိမ်မဲစသော်မြို့များသို့ ပြေးဆွဲပြီး လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်



www.burmeseclassic.com

www.burmeseclassic.com


ကြသည်။

ငှင်းဧရာဝတီသင်္ဘောများမှာလည်း ဆန်အိတ်၊ ပုဇွန်ခြောက်အိတ်၊ ကြက်ခြင်းဘဲခြင်း၊ ကြက်ဥဘဲဥသေတ္တာ၊ ငါးပုဇွန်သေတ္တာ၊ အုန်းသီးငှက်ပျောခိုင်တို့ အများဆုံးပါလေသည်။

ဆိပ်ကမ်းလယ်သမားများက သူ့ဂိုဏ်းနှင့်သူ တာဝန်ခွဲပြီးလုပ်ကြသည်။

ဆန်အိတ်ထမ်းသူကထမ်း၊ ကြက်ခြင်း၊ ဘဲခြင်းထမ်းသူကထမ်း၊ ရေခဲသေတ္တာ ထမ်းသူကထမ်းနှင့် အသီးသီး အလုပ်တာဝန်များ ခွဲပြီးလုပ်ကြရသည်။

ကုန်ပစ္စည်းအရေအတွက်ကို အလုပ်သမားခေါင်းဆောင်က ကြည့်ရှုမှတ်သားထားပြီး နောက်တော့မှ အလုပ်သမားခ တောင်းယူသည်။

ကုလားအလုပ်သမားများ လုပ်ကိုင်စဉ်ကတော့ ထိုသို့မဟုတ်ပေ၊ အလုပ်သမားများကို တစ်နေကုန် စေခိုင်းပြီး ညနေစောင်းတော့မှ တစ်နေ့လုပ်ခကို ရှင်းပေးခြင်း ဖြစ်သည်။

သို့သော်လည်း အလုပ်သမားတစ်ယောက်လျှင် တစ်ပဲထက် ပိုမပေးပဲ ကျန်သောငွေများကို ဆိပ်ကမ်းအုပ်ချုပ်သူများက လက်ဝါးကြီးအုပ်ကာ ယူကြလေသည်။

ငှင်းတို့ အနေဖြင့် ဘာတစ်ခုမှ ပင်ပင်ပန်းပန်း ဝင်ရောက်လုပ်ကိုင်ခြင်းမျိုးမရှိပဲ ရသည့်ငွေပေါ်မှာ ခေါင်းပုံဖြတ်ကာ ယူကြခြင်းဖြစ်သည်။

ကုလားအလုပ်သမားတို့မှာ တစ်နေကုန်အလုပ်လုပ်ကြ



ရပြီး အချိန်တန်လျှင် တစ်ပဲသာရသဖြင့် မစားလောက်ကြသဖြင့် သပိတ်မှောက်ကာ ဆန္ဒပြကြခြင်း ဖြစ်သည်။

မြန်မာအလုပ်သမားများ ဝင်ရောက်လာပြီး နောက်ပိုင်းမှာတော့ ထိုကဲ့သို့ မဟုတ်တော့ပေ. . .။

ရရှိလာသော ကုန်ထမ်း၍ရသည့် ငွေကြေးတို့ကို အလုပ်သမားတို့ကို အတန်အသင့် ခွဲဝေပေးလေသည်၊

ထို့ကြောင့် လမ်းမတော်ဖိုးတုတ်၏ တပည့်များဆိုလျှင် လူကလည်း များသဖြင့် တစ်ရက်လျှင်(၂၀၀-၃၀၀)ကျပ် အထိ ဝင်ငွေရကြသည်။

ထိုအခြေအနေကို အလုပ်လက်မဲ့ဖြစ်သွားသော ကုလား အလုပ်သမားများက မကျေနပ်ကြပေ၊ ကုလားနိုင်ငံရေးသမား၊ အလုပ်သမားခေါင်းဆောင်၊ အုပ်ချုပ်သူအချို့က သွေးထိုးမြှောက်ပင့် ပေးကြသဖြင့်ကုလားများသည် မြန်မာအလုပ်သမား အလုပ်လုပ်နေသော စခန်းနေရာများသို့ လာရောက်ကြပြီး နည်းအမျိုးမျိုးနှင့် လာရောက်နှောင့်ယှက်ကြသည်၊

တကယ်ဆိုပါက ကုလားများမှာ ထိုကဲ့သို့ သတ္တိကောင်းကြသူများ မဟုတ်ကြပေ။

မြန်မာဆိုလျှင် ကြောက်သော်လည်း နောက်မှသွေးထိုးမြှောက်ပင့်ပေးသူများ ရှိသောကြောင့်သာ ထိုကဲ့သို့ လာရောက်နှောင့်ယှက်ဝံ့ကြခြင်း ဖြစ်ပေသည်။

ထိုသို့ လာရောက်နှောင့်ယှက်ကြသဖြင့် မကြာခဏ ရန်ပွဲများနှင့် အုပ်စုချင်း တိုက်ခိုက်ရခြင်းများ ဖြစ်ရသည်။


www.burmeseclassic.com

www.burmeseclassic.com


မြန်မာအလုပ်သမားများ အနေနှင့်လည်း အလုပ်လုပ်နေကြရသော်လည်း စိတ်မအေးကြရပေ။

ဘယ်အချိန် ဘယ်သူက ဝင်ရောက်နှောင့်ယှက်မလဲ၊ တိုက်ခိုက်ပါမလဲဟု သတိထားကာ အလုပ်လုပ်ကြရသည်။

အချို့ကုလားများက အုပ်စုလိုက်မလာပဲ တစ်ယောက်ချင်း နှစ်ယောက်ချင်း ဆိပ်ကမ်းသို့ဆင်းလာပြီး နည်းအမျိုးမျိုးဖြင့် ပြဿနာရှာကြသည်။

ခရီးသည်ဟန်ဆောင်ပြီး ဆင်းလာကာ ကုန်ထမ်းသူတို့ကို ပစ္စည်းရောလူပါ ရေထဲပြုတ်ကျစေရန် ဝင်တိုက်ခြင်း၊ ပစ္စည်းများ ချထားလျှင် ဖျက်ဆီးသွားခြင်း၊ တစ်ခါတစ်ရံလည်း ကုန်အလေးချိန်ဖြင့် ထမ်းတက်လာသူ ဝင်ရိုက်ခြင်းမျိုး ပြုလုပ်တတ်သောကြောင့် ဆိပ်ကမ်းတစ်ဝိုက်မှာ အလုပ်လုပ်နေကြသူတို့မှာ အလုပ်လည်း၊ ဘေးအန္တရာယ်လည်း သတိပြုနေရသော အချိန်ဖြစ်သည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ အလုပ်လုပ်သည့်အခါ တစ်ယောက်နှင့်တစ်ယောက် ဝေးဝေးမနေပဲ အတူတူ လုပ်ကြလေသည်။

စားလည်းအတူတူ၊ အလုပ်လုပ်လည်းအတူတူ အပြင်သွားအတူ လာအတူ နေကြသည်။

သို့မှသာ တစ်ယောက်အကြောင်းရှိပါက ကျန်တစ်ယောက်က အကူအညီ ပေးနိုင်မည်ဖြစ်သည်။

"နီမောင်ရေ. . . ငါတို့သုံးယောက်လည်း ဆင်းရဲလို့ ရွာကထွက်ပြီး ရန်ကုန်တက်လာပါတယ်၊ ဒီရောက်တော့မှပဲ ခေတ်ပျက်နဲ့ တိုးနေတော့တယ်"

နေ့လယ်ဘက် ခဏနားချိန်ရတုန်း သုံးယောက်သား သစ်ပင်ရိပ်မှာ ထိုင်နားနေကြသည်။

ငမဲအောင်စကားကြောင့် စောထီးက ပြောလိုက်သည်။

"ခေတ်ပျက်တာက ငါတို့ ရန်ကုန်ရောက်မှ မဟုတ်ပါဘူးကွာ. . . ငါတို့ ဗမာပြည်ကို အင်္ဂလိပ်တွေ ရောက်လာကတည်းက ပျက်တာပါ"

စောထီးစကားကြောင့် နီမောင်ကပါ သဘောကျစွာရယ် လိုက်သည်။

"ခေတ်ပျက်သည်ဖြစ်စေ မပျက်သည်ဖြစ်စေ ငါတို့ အတွက် ထမင်းတစ်လုတ်စားရဖို့ အလုပ်လုပ်နေရတာကိုပဲ ကံကောင်းတယ်လို့ ယူဆရမှာပဲ. ..."

"ဒါတော့ ဒါပေါ့ကွာ. . ဒါပေမယ့် ဒီလိုစိတ်မအေးပဲ အလုပ်လုပ်နေတော့ ဘယ်ကောင်းပါ့မလဲ အခုတော့ကုန်ထမ်းနေရင်း ဘယ်ကုလား ဝင်တိုက်မလဲ ဘယ်ကုလားဝင်ရိုက်မလဲ ဆိုပြီး ကြည့်နေရတာကိုက အလုပ်တစ်ခု ဖြစ်နေတာပဲ"

"ခေတ်ပျက်ကာလမှာ အလုပ်လုပ်စားရတာ ဒီလောက်တော့ ရှိကြမှာပေါ့ သတိထားပေါ့ကွာ"

"ငါတို့တောမှာဆိုရင် ဒီလိုမဟုတ်ဘူး၊ လယ်ထဲမှာစပါးစိုက်ရင် မြွေကိုက်မှာပဲကြောက်ရတယ်၊ ချောင်းထဲမှာ ငါးရှာရင် မိကျောင်းဆွဲမှာပဲ ကြောက်ရတယ်၊ တောထဲမှာ သစ်ပင်ခုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွားဆွဲမှာပဲ သတိထားရတယ်၊ ဒီမှာတော့ ဒီလိုမဟုတ်ပါဘူး၊ ကျွားကိုက်မှာ မကြောက်ရဘူး၊ ကုလားရိုက်မှာပဲ ကြောက်နေရတယ်. . . . "

ငမဲအောင် စကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာ ရယ်လိုက်သည်။

အခြေနေက ဆိပ်ကမ်းတစ်ဝိုက်မှာ အထိတ်ထိတ် တလန့်လန့် ရှိနေသော်လည်း နီမောင်တို့အတွက်ကတော့ အဆင်ပြေသည်ဟု ဆိုရပေမည်။

နေ့စဉ်ဝင်ငွေ မှန်မှန်ရနေသောကြောင့် ထမင်းစားရဖို့ မပူပန်ရသော အခြေအနေ ရောက်နေကြသည်။

သစ်ပင်ရိပ်မှာနားပြီး ပြန်ထွက်လာတော့ ရပ်ထားသော မီးရထားတွဲဟောင်းများနောက်မှ ကုလားသုံးယောက် ထွက်လာသည်။

ထိုသုံးယောက်မှာ အရက်မူးနေဟန်ရှိပြီး သူတို့ရှိရာသို့ ဦးတည်လာနေခြင်းဖြစ်သည်။

"နီမောင် ဟိုကုလားသုံးယောက် ကြည့်ရတာ အခြေအနေမဟန်ဘူး သတိထား"

ဟုပြောပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။ အနားရောက်လာတော့ ကုလားတစ်ယောက်က ပြောသည်။

"မင်းတို့ ဒီမှာအလုပ်လုပ်နေတာလား"

"ဟုတ်တယ်. . . ."

"မလုပ်ပါနဲ့ ဒီအလုပ်က ငါတို့ တစ်သက်လုံး လုပ်လာခဲ့တာ အခု မင်းတို့ ဝင်လုပ်တော့ ငါတို့မှာ စားစရာမရှိတော့ဘူး"





"ဒါကတော့ မင်းတို့အကြောင်းနဲ့ မင်းတို့ဖြစ်တာပဲ ငါတို့ မတတ်နိုင်ဘူး"

"မင်းတို့ဗမာတွေက မတရားလုပ်ကြတယ်၊ အခုငါတို့မှာ စားစရာမရှိဘူး ဒီတော့ မရရတဲ့နည်းနဲ့ လုပ်ရမှာပဲ"

ဟုပြောပြီး နောက်မှာရပ်နေသော ကုလားတစ်ယောက်က ရှေ့ထွက်လာပြီး အသင့်ယူလာသော တုတ်ဖြင့်ဝင်ရိုက်မှလရာ နီမောင်က ဘေးသို့ရှောင်ပေးပြီး နံဘေးကို ခြေထောက်ဖြင့် ကန်ချလိုက်ရာ သံလမ်းဘေးသို့ လဲကျသွားလေသည်။

ကျန်နှစ်ယောက်ကလည်း စောထီးနှင့် ငမဲအောင်တို့ကို ဝင်ရောက်ရန်ရှာသဖြင့် ပြန်လည်တိုက်ခိုက်ကြသည်။

ကုလားသုံးယောက်မှာ တိုက်ခိုက်ရေး မကျွမ်းကျင်သည်ကတစ်ကြောင်း၊ အရက်မူးနေသည်က တစ်ကြောင်းကြောင့် ခဏချင်းပင် သံလမ်းဘေးမှာ လဲကျသွားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ သွားလာနေကြသူများမှာ ကုလားသုံးယောက်နှင့် ဗမာသုံးယောက် ရန်ဖြစ်နေသည်ကို လှမ်းမြင်ကြသော်လည်း မည်သူကမှ အလေးမထား၊ ဂရုမစိုက်ကြပေ. . ။

သာမန် မထူးဆန်းသော အကြောင်းအရာတစ်ခုကို တွေ့မြင်နေရသကဲ့သို့ မည်သူမှ လာရောက်စွက်ဖက်ခြင်းမပြုပဲ ကိုယ့်လမ်းကိုယ်သွားပြီး ကိုယ့်အလုပ်ကိုသာ လုပ်နေကြလေသည်။

ထိုအချိန်မှာ မော်တင်ထိပ်ဘက်မှ တုတ်မားများ ကိုင်



www.burmeseclassic.com

www.burmeseclassic.com

ထားသော ကုလားတစ်စု ကမ်းနားဘက်သို့ ဦးတည်လာနေကြလေသည်။

နီမောင်တို့ သုံးယောက်ရပ်နေသောနေရာနှင့် မနီးမဝေးမှာ ဂိုဒေါင်စောင့်နေသော အဆောက်အအုံတစ်လုံး ရှိသည်။ ထိုအဆောက်အအုံအတွင်းမှ လူကြီးတစ်ယောက် ထွက်လာပြီး လှမ်းပြောသည်။

"အဲဒီကုလားတွေက မင်းတို့ကို တကယ်ရန်ရှာမှာကွ စောစောက ကုလားသုံးယောက်က မင်းတို့ကို တမင်ရန်စဖို့ လာတာ"

နီမောင်တို့က တအံ့တဩဖြင့် လှည့်ကြည့်လိုက်ကြသည်။

"အခုမှ ဆိပ်ကမ်းဘက် သွားရင်လည်း သူတို့နဲ့ တည့်တည့်တိုးမှာပဲ ဒီထဲဝင်နေကြ . . ."

ဟုခေါ်သဖြင့် နီမောင်တို့ သုံးယောက်လည်း ထွေထွေထူးထူး စဉ်းစားမနေကြတော့ပဲ ဂိုဒေါင်ထဲ ဝင်နေလိုက်ကြသည်။

အတန်ကြာတော့ ထိုနေရာသို့ တုတ်၊ ဓားများ ကိုင်ထားသော ကုလားတစ်စု ရောက်လာကြသည်။

၎င်းတို့သည် ဆူဆူညံညံ ပြောဆိုရင်း ထိုနေရာတစ်ဝိုက်သို့ လိုက်ရှာနေကြသည်။

နီမောင်တို့ ရောက်နေသော အဆောက်အအုံရှေ့ တစ်နေရာတွင် ဂုန်နီကြိုးဖြင့် ကြိုးတန်းတစ်တန်း တန်းထားသည်။

ထိုအနောက်ဘက်တွင် ဝါးရင်းတုတ်နှစ်ချောင်းကို





ကြက်ခြေခတ် ထောင်ထားသည်။

ထိုနောက်ဘက်မှာမှ သူတို့ကို ခေါ်ထားသောလူကြီးက လက်ပိုက်ပြီး ရပ်နေသည်။

ခေါင်းတုံးပြောင်အောင် တုံးထားပြီး၊ အညိုရောင်ရင်စေ့အင်္ကျီနှင့် ရှမ်းဘောင်းဘီပွပွကို ဝတ်ထားသော ထိုလူကြီး၏ ဟန်ပန်အမူအရာမှာ တစ်လောကလုံး ဘယ်သူကိုမှ ဂရုမစိုက်သည့် အမူအရာမျိုး ဖြစ်သည်။

ကုလားတစ်သိုက်ကလည်း ထိုပတ်ဝန်းကျင်မှာ သူတို့ဘာသာစကားဖြင့် ဆူဆူညံညံ ပြောဆိုနေကြသော်လည်း ထိုလူကြီး တားထားသော ကြိုးစည့်နားအထိတော့ မလာကြပေ။

အတွင်းမှာ ရောက်နေသော နီမောင်တို့သုံးယောက်မှာလည်း အကယ်၍ ကုလားများ အတွင်းဝင်လာပါက တိုက်ခိုက်ရန် ပြင်ထားကြသော်လည်း တစ်ယောက်မှ ဝင်မလာကြသဖြင့် များစွာ အံ့ဩနေကြသည်။

အတန်ကြာသောအခါ ရထားသံလမ်းဘေးမှာ လဲကျနေသော ကုလားသုံးယောက်ကို တွဲပြီး ထိုနေရာမှ ပြန်ထွက်သွားကြလေတော့သည်။

ထိုအခါမှ နီမောင်တို့လည်း အပြင်သို့ ထွက်လာကြသည်။

"ကျေးဇူးတင်ပါတယ် အဘရယ်"

"မလိုပါဘူးကွာ ကိုယ့်ဗမာလူမျိုး အချင်းချင်းပဲ အကြောင်းသင့်ရင် ကူညီပေးရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဒါထက် အဘနာမည်က ဘယ်သူလဲ ဒီနေရာမှာ ဘာလုပ်နေတာလဲဟင်"

"ငါ့နာမည်က ကံမကောင်းတဲ့ ဗန်ကောင်းလို့ခေါ်တယ် အသက်ကြီးလာတော့ ဦးဗန်ကောင်းပေါ့ကွာ၊ ငါက ဂိုဒေါင်စောင့်လေ၊ ဒါထက် မင်းတို့ကိုကြည့်ရတာ ရန်ကုန်ရောက်တာ ကြာတဲ့ပုံ မပေါ်သေးဘူး၊ ဒါကြောင့် မအူမလည် ဖြစ်နေတာ. . ."

"မှန်ပါတယ် ကျွန်တော်တို့က နယ်ကလာကြတာ မကြာသေးပါဘူး ဒီဆိပ်ကမ်းမှာ အလုပ်ဆင်းကြတာတောင် ရက်ပိုင်းလောက်ပဲ ရှိပါသေးတယ်"

"ရန်ကုန်က အလုပ်အကိုင်ပေါသလို အန္တရာယ်တွေလည်း ပေါတယ်၊ ညောင်သီးလည်းစား လေးညို့သံလည်း နားထောင်ပေါ့ကွာ၊ လောက်စာလုံးမှန်း ညောင်သီးမှန်း မသိရင်တော့ ခံရမှာပဲ"

ဟုပြောလေသည်။

နီမောင်ကတော့ ဦးဗန်ကောင်းဆိုသောလူကြီးနှင့် တွေ့ရသည်ကို ဝမ်းသာသွားသည်။ သူ့အတွက် မိတ်ဆွေကောင်းတစ်ယောက် မမျှော်လင့်ပဲ ရလိုက်သကဲ့သို့ ခံစားရလေသည်။





# အခန်း(၅)

## ဦးဗန်ကောင်းနှင့် ဘဝဒဿနများ

သည်နေရာတွင် ကျွန်ုပ်၏ ပင်တိုင်ဇာတ်ကောင်တစ်ဦးဖြစ်သူ ဦးဗန်ကောင်းနှင့်ပတ်သက်သော အကြောင်းအရာအချို့ကို ဖော်ပြပေးလိုပါသည်။

ဦးဗန်ကောင်းသည် မြန်မာတစ်ဦးဖြစ်ကာ အညာအရပ်ဒေသ၌ မွေးဖွားကြီးပြင်းခဲ့သော အညာသားတစ်ဦးဖြစ်သည်။

ငယ်စဉ်က ဘုန်းကြီးကျောင်းများမှာသာ အနေများခဲ့ပြီး လောကီလမ်းစဉ်လိုက်စားသော ဘုန်းကြီးများ၊ လောကုတ္တ


www.burmeseclassic.com

www.burmeseclassic.com

ရာလင်းကို လိုက်စားသော ဘုန်းကြီးအတော်များများနှင့် တွေ့ကာ ပညာရပ်အတော်များများကို လေ့လာဆည်းပူးခွင့် ရခဲ့သည်။ ကျမ်းဂန်စာပေ အတော်များများကို နှံ့စပ်အောင် တတ်မြောက်ခဲ့ရုံမရ အင်္ဂါရတ်ပညာ၊ ဓာတ်ပညာ၊ ဆေးပညာ၊ နက္ခတ်ပညာ၊ ဗေဒင်ပညာတို့ကိုလည်း အတော်အသင့် ခရီးပေါက်သည်အထိ တတ်မြောက်ခဲ့သူဖြစ်သည်။ ယခုအခါ အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး သူ့ဘဝ၏ အချိန်အတော်များများကို ဘုန်းကြီးကျောင်းများ၌ ပညာရှာခြင်းကိစ္စများနှင့်သာ အချိန်ကုန်ခဲ့ပေသည်။

သူသည် ဖျင်ကြမ်းရင်စေ့အင်္ကျီနှင့် ရှမ်းဘောင်းဘီဟုခေါ်သော ဘောင်းဘီပွပွကိုသာ အမြဲဝတ်ဆင်ပြီး ခေါင်းတုံးပြောင်အောင် တုံးထားသည်။

အသားမည်းပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိသည်။ အရွယ်ကောင်းစဉ်က ပွဲကျောင်းဆရာတစ်ဦးထံမှာ ကိုယ်လုံပညာကိုပေါက်မြောက်အောင် ဆည်းပူးခဲ့သူ ဖြစ်သောကြောင့်လည်း သူ့လက်ထဲမှာ ဝါးရင်းတုတ်တစ်ချောင်းရှိပါက တော်ရုံရန်သူဆိုပါက အနိုင်ယူနိုင်စွမ်း ရှိပေသည်။

ခေတ်ကာလ မကောင်းသောအချိန်တွင် နယ်မှာမနေတော့ပဲ ရန်ကုန်သို့ ဆင်းလာပြီး နေရေးစားရေး နှစ်မျိုးစလုံး အဆင်ပြေစေရန် မော်တင်တစ်ဝိုက်မှာရှိသော ဂိုဒေါင်များတွင် ဂိုဒေါင်စောင့် ဝင်လုပ်နေခြင်းဖြစ်သည်။ ထိုအလုပ်ကို ဝင်လုပ်ခြင်းဖြင့် စားဖို့ရော အိပ်ဖို့ပါ နှစ်မျိုးစလုံး အဆင်ပြေသွားလေ





တော့သည်။

ဦးဇန်ကောင်းအလုပ်က ညဘက်မှာစောင့်ပြီး နေ့ခင်းဘက်မှာ ကစ်ရေးတစ်မော အိပ်ရသော အလုပ်မျိုးဖြစ်သည်။ သို့သော် ဦးဇန်ကောင်းက ညဘက်မှာလည်းအိပ်သည်။ သူ့အိပ်ပုံက ထူးခြားသည်။ ရှေးအခါက မော်တင်၊ ကီလီတစ်ဝိုက်မှာ ဆန်လှောင်သော ဂိုဒေါင်များရှိသည်။

ထိုဂိုဒေါင်များနှင့် မနီးမဝေးမှာ ကုန်တင်ရထားတွဲများ ရှိသည်။ အချို့ရထားတွဲများမှာ အချိန်အတော်ကြာအောင် အသုံးမပြုပဲ ရပ်ထားသဖြင့် သံလမ်းပေါ်မှ အိမ်များသဖွယ် ဖြစ်နေကြလေသည်။ ထိုရထားတွဲများမှာလည်း တွဲစောင့်များရှိသော်လည်း ၎င်းတို့နှင့် နားလည်မှုယူကာ လာရောက်နေထိုင်ကြသော အခြေအနေမဲ့များ ရှိကြသည်။

အလစ်သမား၊ ခါးပိုက်နှိုက်၊ သူခိုး၊ ပြည့်တန်ဆာနှင့် လက်လုပ်လက်စား သမားတို့ လာရောက်နားခိုရာ နေရာများ ဖြစ်နေတော့သည်။ ရထားတွဲများမှာ လာရောက်နေကြသူများက စားစရာမရှိလျှင် ဂိုဒေါင်ဖောက်ပြီး ဆန်ခိုးစားသည်။

သို့ကြောင့် ဂိုဒေါင်စောင့်ထားရသည်။ ညအချိန်ရောက်လျှင် ဂိုဒေါင်စောင့်နေသော အဆောင်ဘက်မှ "ဟေး . . ဟေး ဟေး" ဟုမကြာခဏ အော်သံ ကြားရတတ်သည်။

ထိုအော်သံများက ဆန်ဝင်ခိုးရန် ကြံစည်နေသူများကို . . "မင်းတို့ ခိုးဖို့မကြံနဲ့ မင်းတို့လုပ်တာ ငါသိနေတယ်" ဆိုပြီး သတိပေးနေသော အသံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးတွေကလည်း ပါးသည်။

ထိုအသံကြားနေရလျှင် ကိုဒေါင်စောင့်ကြီး မအိပ်သေး ကြောင်း သိသဖြင့် တစ်နေရာမှ စောင့်နေကြပြီး အသံတိတ်သွား တော့မှ ဝင်ခိုးရန် ကြံစည်သည်။

"သွားကြမလား၊ အော်သံတိတ်သွားပြီ၊ ကိုဒေါင်စောင့် ကြီး အိပ်ပျော်သွားလောက်ပြီ. . ."

"ဟေး ဟေး ဟေး. . ."ဟူသော အသံတိတ်သွား တော့မှ ကိုဒေါင်ရှိရာဘက်သို့ ဆန်ခိုးရန် သွားကြလေသည်။

ထိုသို့သွားသည်နှင့် တစ်နေရာမှ မီးအိမ်တစ်လုံး၊ ဝါးရင်း တုတ်တစ်ချောင်း ကိုင်လျက်နှင့် ကင်းလှည့်လာသော ကိုဒေါင် စောင့်ကြီးကို မြင်ရသောကြောင့် နောက်ကြောင်းပြန်လှည့်ကာ ပြေးကြရလေတော့သည်။

"ဘယ်လိုဖြစ်တာလဲကွာ ဒီအဘိုးကြီး စောစောက တ ဟေးဟေးနဲ့ အော်နေတယ် အသံတိတ်သွားလို့ အိပ်ပျော်ပြီ ထင် လို့ သွားတော့မှ သူနဲ့တည့်တည့် တိုးရတယ်လို့. . ."

"ဟုတ်ပါရဲ့ နေ့ဘက်လည်း မအိပ်၊ ညလည်းမအိပ်နဲ့ ဘယ်လိုများ နေနိုင်သလဲမသိပါဘူး"

ထိုသို့ပြောနေကြစဉ် အတန်ကြာတော့ ကိုဒေါင်များရှိရာ ဘက်မှ 'ဟေး၊ ဟေး၊ ဟေး' ဟုအော်သံကြီးကို ကြားကြရပြန် တော့သည်။ ထိုအော်သံကြောင့် ဆန်သူခိုးများမှာ ကိုဒေါင်နား မကပ်ဝံ့ကြတော့ပေ။ အမှန်တော့ ဆန်သူခိုးများမှာ ဦးဗန် ကောင်း၏ လျှို့ဝှက်ချက်ကို မသိကြသောကြောင့် ယခုကဲ့သို့





ဖြစ်နေကြရခြင်း ဖြစ်သည်။ 'တဟေးဟေး' နှင့်အော်နေသော အချိန်တွင် ဦးဗန်ကောင်းက တစ်ရေးအိပ်နေခြင်း ဖြစ်သည်။

ထိုအော်သံ ပျောက်သွားသည်နှင့် ပြန်နိုးလာကာ မီး အိမ်နှင့် ဝါးရင်းတုတ်ကိုင်ပြီး တစ်ပတ်လှည့်ပြန်သောကြောင့် ခိုးမရခြင်းဖြစ်သည်။

ဦးဗန်ကောင်းက နေ့ခင်းဘက်မှာလည်း သိပ်မအိပ်ပဲ စာဖတ်နေလေသည်။

နောက်ပိုင်းတော့ နီမောင်နှင့် ခင်မင်သွားသောကြောင့် နီမောင်က အလုပ်အားသည်နှင့် ဦးဗန်ကောင်းနေသော နေရာ သို့သွားပြီး စကားပြောနေတတ်သည်။

ဦးဗန်ကောင်းနှင့် စကားပြောနေရသည်မှာ သူ့အတွက် ဗဟုသုတရရုံမကပဲ စိတ်ခွန်အားများပါ တိုးပွားလာလေသည်။

"အဘရှေ့ဘက်မှာ ဂူနိမ့်ကြိုးကြီးနဲ့ တန်းထားတာ ဘာ ကြောင့် လုပ်ထားတာလဲ"

ဦးဗန်ကောင်းက နီမောင်ကို မြင်မြင်ချင်း တူလိုသားလို ခင်မင်နေသဖြင့် စိတ်ရှည်လက်ရှည် ပြောပြတတ်လေသည်။

"ကြိုးတားထားတယ်ဆိုတာ စည်းတစ်ခု ခြားထားတာ ပေါ့ကွာ၊ ကြိုးအပြင်ဘက်က အများနဲ့ သက်ဆိုင်တဲ့ နေရာဖြစ် ပြီး ကြိုးအတွင်းဘက်က ငါနဲ့သက်ဆိုင်တဲ့နေရာလို့ သတ်မှတ် ထားတာပေါ့"

"ဒီဝါးရင်းတုတ်နဲ့ မီးအိမ်ဆောင်ထားတာကရော ဘယ် လိုအဓိပ္ပာယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်း ကြိုးစည်းအတွင်းမှာ ဝါးရင်းတုတ်ထောင်ထားပြီး မီးအိမ်တစ်လုံးပါ ချိတ်ထားသည်။

"လူတွေဟာ အသက်အရွယ်ကြီးလာတဲ့အခါပဲ ဖြစ်ဖြစ်၊ ဆင်းရဲနွမ်းပါးတဲ့ အချိန်မှာပဲဖြစ်ဖြစ် အားကိုးလိုတယ်၊ ငါက အသက်ကြီးတော့ မျက်လုံးမကောင်းတော့ဘူး။ ဒါကြောင့် မီးအိမ်ဆောင်ထားရတယ်၊ မီးအိမ်က မှောင်ရိပ်ထဲသွားတဲ့အခါမှ အဆင်ပြေသလို၊ ဘဝအမှောင်ဖုံးနေရင်လည်း လမ်းပြပေးနိုင်တယ်"

"ဆင်းရဲတွင်း နက်နေတာကို မီးအိမ်တစ်လုံးနဲ့ ဖြေရှင်းလို့ ရပါမလား အဘ"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးနေရာမှ ကွမ်းတံတွေး ထွေးချလိုက်သည်။

ပြီးမှ စကားဆက်ပြန်သည်။

"မီးအိမ်ကတော့ ချမ်းသာအောင် ဘယ်လုပ်ပေးနိုင်ပါ့မလဲ သူ့ကိုအသုံးချပြီးတော့ လူချမ်းသာအောင် ကြိုးစားယူရတာပါ့၊ မီးအိမ်ရှိတော့ အမှောင်ထဲကို အချိန်မရွေးသွားနိုင်တယ်၊ စာဖတ်နေလို့ရတယ်၊ စာများများ ဖတ်နိုင်လာရင် ချမ်းသာနိုင်မယ့် နည်းလမ်းတွေ ရလာနိုင်တာပေါ့"

"ကျွန်တော် သဘောပေါက်ပါပြီ၊ ဝါးရင်းတုတ်ဆောင်ထားတာရော. . ."

"ဒါကတော့ ငါ့အတွက် အဖော်အဖြစ်ထားရတာပါ့ကွာ ငါက အသက်ကြီးလာတော့ အကူအညီလိုတယ်လေ. . လက်





ထဲမှာ ဝါးရင်းတုတ်လောက်မှ ကိုင်မထားနိုင်ရင် လူမပြောနဲ့ လမ်းပေါ်က ခွေးကတောင် မကြောက်ဘူး"

"ဒါလည်း မှန်တာပဲ"

"တုတ်တစ်ချောင်း ကိုင်ထားတာနဲ့စာရင် ဓားတစ်လက်ကိုင်ထားနိုင်ရင် ပိုကြောက်ကြတယ်၊ ဓားကိုင်ထားတာနဲ့စာရင် သေနတ်ကိုင်ထားနိုင်ရင် ပိုပြီးကြောက်ကြတယ်၊ မတွေ့ဘူးလား သေနတ်များများကိုင်နိုင်တဲ့ အင်္ဂလိပ်တွေက သေနတ်မရှိတဲ့ ဗမာပြည်ကို ကြိုက်တဲ့အချိန် လာသိမ်းပြီး ကြိုက်တာတွေ ယူနေကြတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် အဘ ဒီအတိုင်းဆိုရင်တော့ မြန်မာပြည်မှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေတော့ ကုန်သွားမှာ သေချာတယ်"

"ကုန်သွားရုံတင် ဘယ်ကမလဲကွာ ဒီအတိုင်းသာသွားရင် နောင်နှစ်ပေါင်း တစ်ရာကျော်လောက်ကြာရင် ဗမာပြည်ဟာ ဘာမှမရှိတဲ့ ပြောင်တလင်းခါနေတဲ့နေရာမျိုး ဖြစ်တော့မှာပေါ့"

"ဘယ်လိုကြောင့်လဲ အဘ"

"ဗမာပြည်ကို တိုက်ခိုက်သိမ်းပိုက်တဲ့ အင်္ဂလိပ်တွေက အဦးဆုံးရောက်တော့ ကောင်းပေ့ညွန့်ပေ့ ဆိုတာတွေချည်း ယူကြတယ်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ဆန်စပါး၊ ရေနံ၊ ကျွန်းသစ်၊ သတ္တုတွေကို စိတ်ကြိုက်ယူသွားတယ်"

"အခုလည်း ယူနေကြတာပဲ"

"ဒါတင်မကသေးဘူးကွ နောက်ထပ်ယူချင်တဲ့သူတွေ အများကြီး ကျန်သေးတယ်၊ ဥပမာပြောရရင်တော့ ခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com



က အမဲတစ်ကောင်ကို ဖမ်းပြီးစားသောက်နေတဲ့အခါ နံဘေးက စားကြွင်းစားကျန် စားသောက်ဖို့စောင့်နေကြတဲ့ မြေခွေးတွေလိုပေါ့။ သူတို့ကလည်း အခြေအနေ ကြည့်နေကြတာ၊ အင်္ဂလိပ်တွေက စားလို့ဝပြီး ပြန်သွားတဲ့အခါ သူတို့ရောက်လာပြီး ထပ်ယူကြလိမ့်ဦးမယ်၊ အဲဒီလိုယူတဲ့အခါ နှစ်ပေါင်းများစွာကြာတဲ့အခါ ဗမာပြည်မှာ လယ်မြေတွေ၊ တောတောင်တွေ မရှိတော့တဲ့ ပြောင်တလင်းခါတဲ့ ဘဝမျိုး မလွဲမသွေ ရောက်ရဦးမှာ ကောင်လေးရဲ့. . .” ဟုပြောသည်။

“အဘပြောတာ ဖြစ်နိုင်ပါတယ် အခုတောင် အင်္ဂလိပ်တွေက ယူတာတင်မကဘူး၊ ကုလားကယူလိုက်၊ တရုတ်က ယူလိုက်နဲ့ ဗမာတွေမှာတော့ ဆင်းရဲတွင်းကတောင် မတက်နိုင်ပါဘူး”

“ဒါကတော့ ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲ ဘာများမနာလိုစရာရှိသလဲ၊ ဗမာတွေက တစ်ယောက်နဲ့ တစ်ယောက်ဘယ်လောက် အကူအညီ ပေးနိုင်လို့လဲ နည်းနည်းလေး ချမ်းသာလာတာနဲ့ ကိုယ့်အိမ်တံခါး လုံအောင်ပိတ်နေချင်ကြတာ၊ အင်္ဂလိပ်ပဲဖြစ်ဖြစ် ကုလားတရုတ်ပဲဖြစ်ဖြစ် သူတို့က တခြားနေရာမှာ အတူလာပြီး စီးပွားရှာကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းတယ်၊ အကူအညီပေးကြတယ်၊ ဒီတော့ ရစရာရှိ သူတို့ ချည်းရတာ ဘာများဆန်းသလဲ”

“ဒါလည်း ဟုတ်တာပါပဲ၊ ဒီလို မစ္ဆရိယစိတ်တွေ များနေကြလို့ အခုလို ဆင်းရဲတွင်း နက်နေကြရတာပဲ. . .”





ဦးဗန်ကောင်းက ပါးစပ်မှ ကွမ်းဖတ်များကို ထွေးထုတ်ပြီး လက်ဖက်ရည်ကြမ်းတစ်ခွက်နှင့် အာလုတ်ကျင်းပစ်လိုက်သည်။

“ဒါတင်ဘယ်ကမလဲကွာ ရှေးကဘုရင်လုပ်ခဲ့တဲ့သူတွေ အများကြီးရှိတယ်၊ အဲဒီအထဲမှာ တိုင်းပြည်ကောင်းကျိုးအတွက် လုပ်ခဲ့တဲ့ဘုရင်က လက်ငါးချောင်းတောင် မပြည့်ဘူး. . ကျန်တာတွေကတော့ ထီးနန်းရဖို့၊ အာဏာရဖို့၊ မိန်းမများများယူဖို့၊ ကိုယ်ကောင်းစားဖို့ပဲ လုပ်ခဲ့ကြတာချည်းပါပဲ၊ သမိုင်းရေးတဲ့လူတွေက သက်သက်ညာညာ ရေးလို့သာ သူတို့အကြောင်းတွေကို နောက်လူတွေက မသိကြတာ အမှန်အတိုင်းသာရေးရင် ရစရာတောင် မရှိဘူး”

“ဟုတ်မှာပါပဲ ဒါကြောင့် တိုင်းတပါးသားတွေက အလွယ်တကူ ဝင်သိမ်းခဲ့တာဖြစ်မှာပါ”

“ကုန်းဘောင်ခေတ်က ဘုရားဒကာကြီးလို့ အမည်ခံထားတဲ့ ဘုရင်တစ်ပါးရဲ့အကြောင်းကို. . အပါးတော်မြဲ တစ်ယောက်ကရေးတော့မှ တစ်သက်လုံး မိန်းမကိစ္စပဲ ဦးစားပေးလုပ်နေတာကို တွေ့ရသလိုပေါ့။ တကယ်သိရင်တော့ လေးစားစရာကောင်းတဲ့သူက အတော်နည်းပါတယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့အဘရာ၊ တာဝန်ရှိတဲ့လူတွေ ညံ့ခဲ့တာကြောင့် ကျွန်တော်တို့လို တိုင်းသူပြည်သားတွေ ဆင်းရဲတွင်းနက်နေတာကတော့ စိတ်မကောင်းစရာပဲပေါ့”

“ငါကတော့ ဒီလိုမထင်မိပါဘူး ကိုယ်ပြုခဲ့တဲ့ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီဘဝမှာ လူဖြစ်ရပြီး ဒီလိုခံရတာယ်လို့ပဲ သဘောထားပါတယ်၊ တကယ်လို့ မင်းသာ ကိုယ့်စိတ်ကိုကိုယ် ထားတတ်မယ်ဆိုရင်တော့ သက်သာမှာပါ"

"ဘယ်လိုထားရမှာလဲ အဘရဲ့ ပြောပါဦး"

"ဒီဘဝမှာ လူဖြစ်နေတာ ကံကောင်းတယ်လို့ သဘောထားပေါ့ကွာ၊ ဒီထက်ဆိုးတဲ့ ငရဲရှစ်ထပ်ရောက်နေခဲ့ရင် ဒီထက်ပိုခံရတာပေါ့"

ဟုပြောရာ နီမောင်က သဘောကျစွာ ရယ်လိုက်သည်။

"ဒါပေမယ့်အဘရယ် မြန်မာပြည်လို ချမ်းသာကြွယ်ဝတဲ့ နိုင်ငံမှာနေရပြီး ဒီလို ဆင်းရဲတွင်း နက်နေတာကတော့ ဝမ်းနည်းစရာပဲ"

"ဆင်းရဲတယ်ဆိုတာ ဝမ်းနည်းစရာမှ မဟုတ်တာ၊ ဒီလို ဆင်းရဲနေတာ မင်းရဲ့မိုက်မဲခြင်းကြောင့် မဟုတ်ဘူးဆိုတာတော့ မင်းအသိဆုံး ဖြစ်မှာပါ"

နီမောင်က ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဆင်းရဲတယ်ဆိုတာ အမျိုးမျိုးရှိတယ်၊ မိမိရဲ့အတိတ်ဘဝ ကုသိုလ်ကံမကောင်းခဲ့လို့ ဆင်းရဲတာရှိတယ်၊ မင်းမိဘတွေရဲ့ အတိတ်မကံကောင်းခဲ့လို့ ဆင်းရဲတာလည်းရှိတယ်၊ မိဘတွေသာ အတိတ်ကံကောင်းခဲ့လို့ ချမ်းသာရင် ဒီဘဝမှာ မင်းလည်း ဘယ်ဆင်းရဲပါ့မလဲ"

"မှန်ပါတယ်"

"ဒါပေမယ့် လောကဆိုတာ အမြဲတမ်းပြောင်းလဲနေ





တယ်ဆိုတာတော့ ပထမလက်ခံထားရတယ်၊ အဲဒီလိုလက်ခံထားခြင်းက စိတ်ခွန်အား တစ်ခုရစေတယ်၊ ငယ်ငယ်က သူဌေးသားဘဝနဲ့ ရွှေပေါ်မြတင် နေခဲ့ရတဲ့သူလည်း ကြီးလာတော့ဆင်းဆင်းရဲရဲနဲ့ နေရတာမျိုးရှိတယ်၊ တချို့ကျတော့လည်း မွေးစက တောကြိုအုံကြားမှာ ဆင်းဆင်းရဲရဲနဲ့ နေခဲ့ရပေမယ့် အသက်အရွယ်ကြီးလာတော့ ချမ်းသာကြွယ်ဝတဲ့ ဘဝမျိုးနဲ့ နေရသူတွေလည်း လောကမှာ အများကြီး ရှိကြတယ်"

"မှန်ပါတယ်"

"အရေးကြီးဆုံးကတော့ ကြိုးစားအားထုတ်မှု ရှိရတယ်၊ စဉ်းစားမြော်မြင်တတ်တဲ့ အတွေးအခေါ် ရှိရတယ်၊ ခိုင်မာတဲ့ဆုံးဖြတ်ချက်မျိုး ရှိရတယ်၊ ဖွဲလုံးလ သတ္တိရှိရတယ်၊ မဆုတ်မနစ်လုပ်နိုင်တဲ့ စွမ်းရည်မျိုးရှိရတယ်၊ အမိုကောင်းကိုရှာပြီး အကူအညီ အထောက်အပံ့ ယူရတယ်"

"အမိုကောင်းဆိုတာ ဘယ်လိုမျိုးလဲအဘ"

"အမိုကောင်းဆိုတာ အုတ်နံ့ယံမှာ အိပ်နေတာကို ပြောတာမဟုတ်ဘူး၊ ကိုယ့်ကို အကူအညီ အထောက်အပံ့ပေးနိုင်မယ့် သူမျိုးကိုပြောတာ"

"ဟုတ်ကဲ့ သဘောပေါက်ပါပြီ၊ ဒါပေမယ့် ကိုယ့်မှာ အရင်းအနှီး မရှိတော့"

"အရင်းအနှီးရှိမှ အလုပ်လုပ်မယ်ဆိုရင်တော့ ဘယ်တော့မှ ဖြစ်မယ်မထင်တော့ဘူး၊ လူငယ်အတော်များများက မိဘက အလုပ်လုပ်တော့ ဆိုတာနဲ့ အရင်းအနှီး အရင်တောင်းတော့



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲ ကိုယ့်မှာရှိတဲ့ အရင်းအနှီးတော့ ထုတ်သုံးရမှာ မေ့နေကြတယ်"

"ဟုတ်ကဲ့"

"ကိုယ့်ဆီမှာရှိတဲ့ အရင်းအနှီးဆိုတာ ကိုယ်ပိုင်အရည်အချင်းနဲ့ အစွမ်းအစပဲ၊ ဘာမှမရှိတဲ့ လူတစ်ယောက်ဟာ အရေးအကြီးဆုံးက သူ့အတွက် ချမ်းသာဖို့မဟုတ်ဘူး၊ ထမင်းစားရဖို့ အရင်လုပ်ရမယ် စားဖို့ရတော့မှ နောက်တစ်ဆင့်ကို လှမ်းရတယ် ချက်ချင်းချမ်းသာချင်လို့ ခုန်ကြတိုက်ရင်တော့ မချမ်းသာပဲနဲ့ အချုပ်ထဲမှာနေရဖို့က ပိုပြီးသေချာတယ်"

"ဟုတ်ပါတယ်"

"တစ်ဆင့်ချင်း ကြိုးစားတဲ့နေရာမှာ မှန်ဖို့လိုတယ်၊ ထမင်းစားရရင်၊ ငွေပိုရအောင် ကြိုးစားရမယ်၊ တစ်မတ်ရရင် ငါးမူးဖြစ်အောင် လုပ်နိုင်ရတယ်၊ ငါးမူးရရင် တစ်ကျပ်ရအောင် ကြိုးစားနိုင်ရတယ်၊ တဖြည်းဖြည်း ကြိုးစားသွားရင် တစ်နေ့ကျရင် လူချမ်းသာတစ်ယောက်ဖြစ်လာဖို့ မခဲယဉ်းလှပါဘူးကွာ"

"ဒါပေမယ့် တော်တော်လေးတော့ ခက်မယ်"

ဦးဇန်ကောင်းက သဘောကျစွာ ပြုံးလိုက်သည်။ ထိုသို့ ပြုံးလိုက်တော့မှ ကွမ်းသွေးတက်နေသော အနီရောင်သွားများက ပေါ်လာသည်။

"အခုတိုက်တာတွေနဲ့ ချမ်းသာနေတဲ့ လူတွေဟာ လွယ်လွယ်လေးနဲ့ ချမ်းသာလာတယ်လို့များ မင်းထင်နေသလား ဘယ်သူမှ လွယ်လွယ်ကူကူနဲ့ ဒီဘဝမျိုး ရလာကြတာ မဟုတ်ဘူး





ကွ၊ လူမှာ ကြောက်စရာအကောင်းဆုံး အတားအဆီးတစ်ခုက ဘာပဲလုပ်တော့မယ်ဆို 'ဖြစ်မှဖြစ်ပါ့မလား'ဆိုတဲ့ စိတ်မျိုးပဲ"

"ဟုတ်ပါတယ်အဘ"

"ဘာမှမလုပ်ခင်က အဲသည်လို တွေးလိုက်တာနဲ့ တစ်ဝက် ရှုံးသွားပြီ၊ ဒီတော့ဘာပဲလုပ်လုပ် ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်နဲ့သာ ရှေ့တိုးလုပ်ပါ အခက်အခဲတွေလည်း ခဏပါပဲ မဖြစ်နိုင်စရာ မရှိပါဘူး"

ဟု ပြောပြရာ နီမောင်လည်း များစွာ သဘောကျမိလေသည်။ သူ့စိတ်ထဲမှာ ခွန်အားသစ်တွေ တိုးပွားလာသကဲ့သို့ ခံစားရလေသည်။ ပြန်ကာနီးတော့ ဦးဇန်ကောင်းက သတိပေးလိုက်သေးသည်။


"ကုလားတွေရဲ့ အရေးက အေးမှာမဟုတ်ဘူး၊ လူနှစ်ထောင်ကျော် သုံးထောင်လောက် စားစရာမရှိတော့ရင်တော့ တစ်နည်းနည်းနဲ့ ပြဿနာလာရှာမှာ သေချာတယ်၊ သွားသတိ၊ လာသတိနဲ့သာ နေပေတော့ ကောင်လေးရေ"

ဟုမှာလိုက်သည်။ နီမောင်လည်း ဦးဇန်ကောင်းအား နှုတ်ဆက်ပြီး အ ဆောက်အဦးအတွင်းမှ ပြန်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

# အန္တရာယ်ကြားမှ ကယ်တင်ရှင်

ဦးဗန်ကောင်း ကြိုတင်သတိပေးခဲ့သည့်အတိုင်း နောက်ပိုင်းတွင် ကုလားမြန်မာရန်ပွဲများ စတင်ဖြစ်ပွားလာလေတော့သည်။

ကုလားနိုင်ငံရေးသမား၊ အုပ်ချုပ်သူများနှင့်၊ အလုပ်သမားခေါင်းဆောင်အချို့က သွေးတိုးမြှောက်ပင့်ပေးခဲ့သော ကြောင့် ကြောက်တတ်သောသူများပင် ဖြစ်စေကာမူ အုပ်စုဖွဲ့ပြီး ရန်စမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဗမာကူလီများ၏ အလုပ်စခန်းရှိသော နေရာအနီးမှ လာရောက်ကာ မထိတထိ ရန်စသည်။

သိသိသာသာ ဝင်ရောက်နှောင့်ယှက်မှုများ ပြုလုပ်ကြသည်။ ဗမာအလုပ်သမား အတော်များများမှာလည်း လမ်းမတော်ဖိုးတုတ်နှင့် ဆက်နွယ်နေသူများ ဖြစ်သောအခါ ထိုအကြောင်းကို လမ်းမတော်ဖိုးတုတ်သိသောအခါ ယမ်းပုံမီးကျဖြစ်ကာ လာရောက်နှောင်ယှက်ကြသော ကုလားများကို နှိပ်ကွပ်ရန် ပြင်ဆင်လေတော့သည်။

"ဗမာပြည်လာပြီး ဗမာတွေကို စော်ကားဝံ့တဲ့ကုလားတွေကို မှတ်လောက်သားလောက်ဖြစ်အောင် လုပ်ရမယ်"

ထိုနောက်မှာတော့ ကုလားဗမာ အဓိကရုဏ်းများ စတင်ဖြစ်ပွားလေတော့သည်။

အရေးအခင်း စတင်ဖြစ်ပွားသောနေ့ရက်မှာ (၁၉၃၀) ပြည့်နှစ် မေလ(၃၀)ရက် (၁၂၉၂ခု နယုန်လဆန်း(၄)ရက်) သောကြာနေ့ပင် ဖြစ်သည်။

ထိုနေ့တွင် စတင်ဖြစ်ပွားသော ကုလားဗမာအဓိကရုဏ်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဖြစ်ပွားသော အဓိကရုဏ်းလည်း ဖြစ်ပေသည်။

ထိုသို့ဖြစ်လာသောအခါ အစကတည်းက သတ်ဖြတ်ချင်စိတ် ရှိနေကြသော လမ်းမတော်ဖိုးတုတ် တပည့်အတော်များများမှာ သဘောအကျကြီးကျကာ ကုလားမှန် တိုက်ခိုက်သတ်ဖြတ်ခြင်းများ ပြုလုပ်ကြရာ ကုလားအတော်များများ သေကျေပျက်စီးရလေတော့သည်။

ကုလားများမှာ ပင်ကိုယ်အနေဖြင့် သတ္တိကောင်းသူများ မဟုတ်ကြပေ၊

တောမီးလောင် တောကြောင်လက်ပန်းပေါင်းခတ်ရန် ကြံစည်နေကြသော နိုင်ငံရေးသမားအချို့၏ မြှောက်ပင့်သွေးထိုးပေးသောကြောင့် လုပ်ကြရသော်လည်း ခံစရာရှိတော့ ရှေ့မှထွက်သူများသာ ခံကြရသည်။

မော်တင် ကီလီအပါအဝင် ကမ်းနားလမ်းတစ်ဝိုက်မှာ ကုလားအလောင်းများ ပြန့်ကြဲလျက်ရှိနေသည်။

ရထားသံလမ်းများ၊ လမ်းများ၊ ဓာတ်တားများပေါ်မှာ သွေးချောင်းစီးလုမတတ် ဖြစ်လာသည်။

လမ်းမတော်ဖိုးတုတ်၏ တပည့်အတော်များများမှာ လူတစ်ယောက်ကို ရိုက်ပုတ်၊ သတ်ဖြတ်ရာ၌ ကျွမ်းကျင်ပြီးသားဖြစ်သောသူများ ဖြစ်ပေရာ အရေးအခင်းဖြစ်လာသောအခါ ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ဖြစ်ကာ ကုလားတွေ့တိုင်း ရက်ရက်စက်စက် သတ်ဖြတ်ကြရာ နေရာအနှံ့တွင် အလောင်းများ မြင်မကောင်းအောင် ဖြစ်လာတော့သည်။

နောက်ပိုင်းတွင် အဓိကရုဏ်းက ဆိပ်ကမ်းတစ်ဝိုက်မှာတင် မပြီးတော့ပဲ မြို့ထဲအထိ ရောက်လာတော့သည်။

နောက်ပိုင်းမှာတော့ ရန်ကုန်မြို့၌သာမကပဲ တစ်ပြည်လုံးသို့ ပြန့်နှံ့ကူးစက်ကာ ကုလား၊ ဗမာအဓိကရုဏ်း များဖြစ်ပွားခဲ့ရာ လူပေါင်းမြောက်မြားစွာ သေကျေပျက်စီးမှုဖြစ်ခဲ့လေ







www.burmeseclassic.com

www.burmeseclassic.com



သည်။

အများဆုံး သေကြရသူများမှာ ကုလားလူမျိုးများသာ ဖြစ်ပေတော့သည်။

နောက်တော့ 'ကုလားတွေ့လျှင်သတ်၊ ကုလားမှန်သမျှ သတ်' ဟူသောကြွေးကြော်သံများဖြင့် လိုက်လံသတ်ဖြတ်ကြရာ အပြစ်မရှိသော ကုလားအမြောက်အမြားတို့ပါ သေကျေပျက်စီး ခဲ့ရလေသည်။

(နောက်ပိုင်းမှာတော့ အိန္ဒိယခေါင်းဆောင်များနှင့် 'ဦးဘဘေ' ပါဝင်သော မြန်မာခေါင်းဆောင် လူကြီးများ တွေ့ဆုံ စည်းဝေးပြီး ကုလားဗမာ စေ့စပ်ရေးကော်မတီတစ်ခု ဖွဲ့ခဲ့ကြ သည်။ (၁၉၃၀)မေလ(၃၀)ရက်နေ့တွင် တို့ဗမာအစည်းအရုံးက မြန်မာပြည်သူလူထု တပ်လှန့်လှုပ်ဆော်လိုက်သည့် နိုင်ငံပြုစာစု အမှတ်(၁)ကိုထုတ်ဝေ၍ စတင်ထူထောင်သောနေ့အဖြစ် (၁၉၃၀)မေလ(၃၀)နေ့ကို သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပေ၏။

ထိုအဖြစ်အပျက်များကို အကြောင်းပြုပြီး (၁၉၃၀) ဇူလိုင်လ(၁၉)ရက်နေ့တွင် ဝိုင်အမ်ဘီအေ ဆရာတင်၊ ရေးစပ် သည့် 'တို့ဗမာ'သီချင်းကို ရန်ကုန်တက္ကသိုလ် သထုံဆောင် သဟာယနှင့် စာဖတ်ခန်းမတွင် ပထမဆုံးအကြိမ် စတင်သီဆို ကြသည်။ (၁၉၃၀)ဇူလိုင်လ(၂၀)ရက်နေ့တွင် ရွှေတိဂုံစေတီ တော် ရာဟုထောင့်ဇရပ်တွင် သီဆိုခဲ့ကြသည်။)

(စာရေးသူ)

အိန္ဒိယနိုင်ငံမှ လူကြီးများ၊ မြန်မာနိုင်ငံမှ လူကြီးများ





တွေ့ဆုံညှိနှိုင်းပြီး ကုလားဗမာစေ့စပ်ရေး ကော်မတီဖွဲ့ကာ အဓိ ကရုဏ်းများရပ်စဲသွားအောင် အမျိုးမျိုး ဆောင်ရွက်ကြသော် လည်း တော်တော်နှင့်အရှိန်မသေပဲ နေရာအနှံ့အပြား၌ ဆက် လက်ဖြစ် ပွားနေမြဲပင်. . .။

ပမာဆိုရလျှင် အရှိန်ပြင်းပြင်းဖြင့် လှည့်ပတ်ထားသော ရှားရဟတ်တစ်ခုကို ရပ်တန့်စေရန် ကြိုးစားပါသော်လည်း တော် တော်နှင့် အရှိန်မသေပဲ ရှိနေသကဲ့သို့ပင် ဖြစ်ပေသည်။

သွေးစွန်းပြီး အရှိန်ရနေသော လူမိုက်များက ကုလား တွေ့လျှင် လိုက်သတ်၊ ကုလားတွေနေသောအိမ်တို့ကို ဖျက်ဆီး၊ ကုလားပိုင် ဥစ္စာပစ္စည်းတို့ကို ယူငင်နေကြသည်။

မျက်နှာဖြူများကလည်း ထိုကဲ့သို့ ဖြစ်နေသည်ကို သ ဘောအကျကြီးကျကာ တမင်လက်ပိုက်ကြည့်နေကြသည်။

မြန်မာနိုင်ငံသားများက ၎င်းတို့ကိုမနှစ်သက်တော့ပဲ နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်နေကြသောအချိန်တွင် ယခုကဲ့သို့ ကုလားဗမာ အဓိကရုဏ်း ပေါ်ပေါက်လာသောကြောင့် ၎င်းတို့ ဘက် အာရုံပြုမှု နည်းသွားသောကြောင့် ဖြစ်သည်။

ထိုသို့ဖြစ်လာစေရန်လည်း ၎င်းတို့က တစ်ဖက်လှည့်ဖြင့် သွေးထိုးမြှောက်ပင့်ပေးထားခြင်း ဖြစ်ပေသည်။

လူသေအလောင်းများမှာ ကမ်းပေါ်မှာရော မြစ်ထဲမှာပါ ဖွေးဖွေးလှုပ်နေတော့သည်။

အရေးအခင်း ဖြစ်နေသော ကာလအတွင်းမှာ အပြစ်မဲ့ သော ကုလားမိသားစုဝင်အတော်များများ အသတ်ခံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်များကို မီးရှို့ခံကြရသည်။

ပစ္စည်းများ လုယက်ခံကြရသည်။

အရေးအခင်းကို အကြောင်းပြုပြီး လူမိုက်များက ဝင်ရောက်ကာ အခွင့်အရေးယူကြခြင်းပင်ဖြစ်သည်။

တစ်ရက်တွင် အလုပ်သမားခေါင်းဆောင် ထွန်းခက နီမောင်တို့ သုံးယောက်ကို ခေါ်ပြောသည်။

"နီမောင်တို့ ကျုံးကြီးလမ်းဘက်မှာ ကုလားသူဌေး အိမ်တစ်အိမ်ရှိတယ် ဒီနေ့ည အဲဒီအိမ်ကို မင်းတို့သုံးယောက် တာဝန်ယူကြရမယ်၊ ငါနောက်ထပ်လူတွေလည်း ထည့်ပေးလိုက်မယ် အတွင်းရောက်တာနဲ့ ကိစ္စပြတ်အောင်သာရှင်းခဲ့"

ဟု မှာလေသည်။

တကယ်တော့ နီမောင်အနေဖြင့် ထိုအလုပ်မျိုး မလုပ်ချင်ပေ၊ သို့သော် ယခုလို အရေးအခင်း ဖြစ်နေသော အချိန်တွင် ကိုယ်က မသတ်လျှင် သူကသတ်မည့် အခြေအနေမျိုး ဖြစ်လေသည်။

ထို့ပြင် ယခုအခြေအနေတွင် အများကလုပ်နေပြီး. . ကိုယ်ကမလုပ်ပြန်လျှင် တစ်မျိုးထင်စရာဖြစ်မည်စိုးသောကြောင့် ခေါင်းညိတ်ပြလိုက်ရလေသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ လမ်းမပေါ်မှာ လူသွားလူလာ မရှိသလောက် ရှင်းနေသည်။

ဓား၊ တုတ်များကိုင်ထားသော လူစုအချို့သာ သွားလာနေကြသည်။ တစ်ခါတစ်ရံလည်း တိတ်ဆိတ်နေသော အချိန်





တွင် ကြောက်လန့်တကြား အော်သံများ၊ အကူအညီတောင်းသံတို့ကို ကြားရလေသည်။

နေဝင်ချိန်ရောက်သည်နှင့် အိမ်တံခါးများကို အလုံပိတ်ပြီး မီးမှိတ်ထားကြသော်လည်း အချို့နေရာတွင် ဆူညံသံများ ကြားနေရသည်။

နီမောင်တို့ သုံးယောက်အပြင် နောက်မှာ လေးယောက် ပါလာသေးရာ စုစုပေါင်း ခုနစ်ယောက်ဖြစ်သည်။

အားလုံး တုတ်၊ ဓား၊ လှံ၊ မူလီခေါင်းတပ် ကြိမ်တုတ်များ အသီးသီး ကိုင်ထားကြသည်။

တကယ်တော့ နီမောင်အနေဖြင့် လူမိုက်တစ်ဦးတော့ မဟုတ်ပေ၊ ထိုကဲ့သို့သော လူမိုက်ဆန်ဆန်လုပ်ရသော အလုပ်မျိုးလည်း မလုပ်ချင်ပေ။

သို့သော်လည်း အခြေအနေအရ မလုပ်ချင်ပဲ လုပ်ရပေတော့သည်။ အဆိုးထဲမှ အကောင်းဟု ဆိုရပေမည်။

သူနှင့်အတူ ပါလာသူများက ဝါရင့်လူမိုက်ကြီးများ မဟုတ်ကြပဲ သူလိုကိုယ်လို ဖြစ်သောကြောင့် သူတို့သုံးယောက်ကမှ ခေါင်းဆောင်ခေါ်သွားကြခြင်း ဖြစ်သည်။

အချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်ခဲ့ပေပြီ. . .။

ကျုံးကြီးလမ်းတစ်ဝိုက်မှာ အစကတည်းက လူနေထူထပ်ခြင်း မရှိသဖြင့် ယခုလို အရေးအခင်းဖြစ်နေသော အချိန်တွင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုအချိန်တွင် နီမောင်ခေါင်းဆောင်သော လူစုက ထို



www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲသို့ ဝင်လာလေသည်။

အစွန်ဆုံးဘက်မှာရှိသော တိုက်တစ်လုံးရှေ့ ရောက်သောအခါ ခြံစည်းရိုးအတွင်း ဝင်သွားပြီး တံခါးမကြီးကို တွန်းကြည့်သည်။ သံဘာဂျာတံခါးကို သော့ခတ်ထားသောကြောင့် ဖွင့်မရပေ။ ထိုအခါ လူအချို့က ရဲတင်းဖြင့် ရိုက်ဖွင့်သောအခါ သော့ပျက်သွားလေသည်။

သံဘာဂျာတံခါး ပွင့်သွားသောအခါ အတွင်းတံခါးက ဖွင့်ရန် မခက်လှတော့ပေ. . .။

တံခါးချပ်ကိုဖျက်ပြီး အတွင်းဝင်သွားတော့ ဘယ်သူမှ မတွေ့ရပေ။ အသင့်ပါလာသော လက်နှိပ်မီးဖြင့် ထိုးကြည့်တော့လည်း တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

နီမောင်စိတ်ထဲမှာတော့ တံခါးချပ်ကို အထဲမှချက်ထိုးပိတ်ထားသောကြောင့် တစ်နေရာမှာ လူရှိရမည်ဟု ခန့်မှန်းမိလိုက်လေသည်။

သို့ကြောင့် ကျန်လေးယောက်ကို အောက်ထပ်၌ ထားရစ်ခဲ့ပြီး သူတို့သုံးယောက်က အပေါ်ထပ် တက်လာကြသည်။

အပေါ်ထပ်ရောက်တော့လည်း ဘယ်သူမှ မရှိရပေ။ လမ်းဘက်မှ မီးရောင်များက မှန်တံခါးမှတစ်ဆင့် အိမ်ထဲသို့ ဝင်နေရာ အခန်းအခြေအနေကို မြင်ရလေသည်။

နီမောင်က ဓားတစ်ဖက်၊ လက်နှိပ်မီးတစ်ဖက်ကိုင်ကာ ပိတ်ထားသော အခန်းများကို လိုက်ဖွင့်ကြည့်သည်။

လူနေသော အခန်းများဖြစ်သော်လည်း လူတစ်





ယောက်မှတော့ မရှိပေ။ အခန်းများထဲမှာ အသုံးအဆောင်ပစ္စည်းများကတော့ ခြေရာလက်ရာမပျက် ရှိနေလေသည်။

အစွန်ဘက်မှာရှိသော အခန်းတစ်ခန်းရောက်တော့ အထဲမှာ ငိုသံလိုလိုအသံမျိုး ကြားရသည်။

နီမောင်က အခန်းပေါက်ဝမှာရပ်ပြီး နားစွင့်ကြည့်လိုက်သည် အထဲမှာ လူရှိသည်။

ငိုသံလိုလို ညည်းသံလိုလို အသံကြားနေရသည်။

သို့ကြောင့် ပိတ်ထားသော တံခါးချပ်ကို အားဖြင့်တွန်းဖွင့်လိုက်သည်။

ဂျက်ထိုးထားသည် ဆိုသော်လည်း အရှိန်ပြင်းပြင်းဖြင့် ဆောင့်တွန်းလိုက်သောအခါ ဝုန်းခနဲ ပွင့်သွားလေသည်။

အခန်းထဲမှာတော့ လူတစ်စု ရှိနေကြသည်။

အပြင်ဘက်မှ ဝင်လာသော မီးရောင်ကြောင့်အပြင် နီမောင်လက်ထဲမှ ထိုးထားသော လက်နှိပ်မီးရောင်ကြောင့် ၎င်းတို့ကို ကောင်းစွာမြင်နေရသည်။

စုစုပေါင်း သုံးလေးယောက်လောက်ရှိပြီး တစ်ကိုယ်လုံး အဝတ်ချွတ်ထားပြီး ကြမ်းပြင်ပေါ်မှာ ဝပ်နေသောကြောင့်. . . ယောကျ်ားမှန်း မိန်းမမှန်းတော့ မသိရပေ. . .။

နီမောင်က ထိုအခြေအနေကို မြင်တော့ အတော်စိတ်မကောင်း ဖြစ်သွားမိသည်။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့သောအခါ. . . သနားစရာကောင်းလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့တတ်ကြပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသီးသီး ခေါင်းခါပြလိုက်ကြသည်။

အတန်ကြာတော့မှ နီမောင်က လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"သိပ်မကြောက်ကြပါနဲ့၊ ကျုပ်တို့က ခင်ဗျားတို့ကို ဘာမှ မလုပ်ပါဘူး"

ထိုစကားကြောင့် ကြားနေရသော ငိုသံတိတ်သွားသည်။ နီမောင်က ထပ်ပြောလိုက်ပြန်သည်။

"ကျုပ်တို့က ခင်ဗျားတို့ကိုမသတ်ပါဘူး၊ ဒီလောက်ကြောက်မနေကြပါနဲ့"

ထိုအခါမှ ခေါင်းမြီးခြုံထားလျက် ကြမ်းပြင်ပေါ်မှာ ဝပ်နေသော လူတစ်ယောက်က ဖြည်းဖြည်းချင်း ထလာသည်။

အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိသော ကုလားလူမျိုး တစ်ယောက်ပင် ဖြစ်သည်။

"ခင်ဗျားတို့လိုချင်တဲ့ ပစ္စည်းတွေ အားလုံးယူသွားကြပါဗျာ ကျွန်တော်တို့ မိသားစုရဲ့ အသက်ကိုတော့ ချမ်းသာပေးပါ"

"ကျုပ်တို့က လူမသတ်ပါဘူး၊ အောက်ဘက်မှာ တခြားလူတွေလည်းပါတော့ ပစ္စည်းနည်းနည်းတော့ ယူသွားမယ်"

"ကြိုက်သလောက်သာ ယူသွားပါဗျာ အသက်ကို ချမ်းသာပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ. . ."





ဟုပြောပြီး ၎င်းကိုယ်တိုင် နေရာမှ ထလာပြီး နံရံတစ်နေရာ၌ ကပ်ထားသော မီးခံသေတ္တာကို သော့ဖွင့်ပေးသည်။

အတွင်းမှာတော့ ရွှေငွေများအပြင် လက်ဝတ်ရတနာများလည်းရှိနေသည်။

နီမောင်က အချိန်ဆွဲမနေတော့ပဲ မီးခံသေတ္တာထဲမှ ရွှေနှင့်ငွေ အချို့လောက်သာယူပြီး အောက်ထပ်သို့ ပြန်ဆင်းရန်ပြင်သည်။ ထိုအခါ နောက်မှာရပ်နေသော ကုလားက နီမောင်၏ အပြုအမူကို တအံ့တဩ ကြည့်နေရင်း မေးလိုက်သည်။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"မသိချင်ပါနဲ့ဗျာ ခင်ဗျားတို့ မိသားစု အေးအေးသာ နေကြပေတော့"

ဟုပြောပြီး အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

အောက်ထပ်မှာ စောင့်နေသူများကလည်း ၎င်းတို့ အလိုရှိသော ပစ္စည်းများကို ယူထားပြီးဖြစ်ရာ သူတို့သုံးယောက် ပြန်ဆင်းလာသည်နှင့် အိမ်တွင်းမှ ပြန်ထွက်လာကြလေသည်။

အပြင်ဘက်မှာတော့ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် အမှောင်ထုများက ဖုံးလွှမ်းနေဆဲပင်. . . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

## စေတနာမှန်သော ဘဝတစ်ဆစ်ချိုးများ

(၁၉၃၀)ပြည့်နှစ် မေလ(၃၀)ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သော ကုလားဗမာ အဓိကရုဏ်းမှာ ရန်ကုန်မြို့တင်သာမကတော့ပဲ နယ်များအထိပါ ပြန့်နှံ့ခဲ့ပြီး လူအသေအပျောက် မြောက်များစွာရှိခဲ့လေသည်။

နောက်ပိုင်းတော့ ကုလားများက ဗမာတွေ့လျှင် ရန်မူ ဗမာများက ကုလားတွေ့လျှင် သတ်ကြသောအခြေအနေမျိုး ရောက်ကာ နေရာအနှံ့မှာ ရန်ပွဲများ၊ လူသတ်ပွဲကြီးများပေါ်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်လာခြင်းဖြစ်သည်။

ကုလားနိုင်ငံရေးသမားများ၊ အခွင့်အရေး စောင့်မျှော်နေသူတို့က တိုင်းပြည်မငြိမ်မသက်ဖြစ်စေရန် သွေးထိုးလှုံ့ဆော်ပေးကြသလို ဒီဘက်ကလည်း အခွင့်အရေးရတုန်း ဆိုးပြမိုက်ပြချင်သူများနှင့် တွေ့ကြသောအခါ ယမ်းပုံမီးကျသကဲ့သို့ ပေါက်ကွဲထွက်ကြခြင်း ဖြစ်ပေတော့သည်။

ထို့နောက်မှာတော့ အိန္ဒိယမှ ခေါင်းဆောင်များနှင့် ဦးဘဘေပါဝင်သော မြန်မာခေါင်းဆောင်များ တွေ့ဆုံကာ ကုလားဗမာ စေ့စပ်ရေးကော်မတီ ဖွဲ့စည်းကာ အေးငြိမ်းအောင် ဆောင်ရွက်ကြရသည်။

မြန်မာခေါင်းဆောင်များအနေဖြင့် လမ်းမတော် ဖိုးတုတ်တို့လို လူမိုက်ခေါင်းဆောင်များနှင့်တွေ့ကာ ၎င်းတို့ကိုပင် တာဝန်ပေးပြီး ရန်ပွဲများအေးအောင် ဆောင်ရွက်ကြရသည်။

လမ်းမတော် ဖိုးတုတ်အပါအဝင် လူမိုက်ခေါင်းဆောင်တို့က ၎င်းတို့စေခိုင်းထားသော လူမိုက်များအား ပြန်လည်ထိမ်းသိမ်းကြသောအခါ အခြေအနေမှာ တဖြည်းဖြည်းနှင့် ပြန်လည်အေးချမ်း သွားလေတော့သည်။

ထိုကဲ့သို့ အေးချမ်းအောင် ဆောင်ရွက်ရာတွင် လမ်းမတော်ဖိုးတုတ်၏ အကူအညီ များစွာပါဝင်လေသည်။

အခြေအနေ အေးချမ်းသွားသောအခါ ဆိပ်ကမ်းတစ်ဝိုက်မှာ ယခင်ကအတိုင်း ပြန်လည်စည်ကားလာလေသည်။

သင်္ဘောများ ပြန်လည်ဆိုက်ကပ်ကြခြင်း၊ ကုန်တင်ကုန်





ချလုပ်ငန်းများ၊ ဈေးရောင်းဈေးဝယ် အလုပ်များ ပြန်လည်လုပ်ကိုင်ကြလေသည်။

အရေးအခင်း ပြီးသွားသည့်နောက်တွင် ဆိပ်ကမ်းတွင် မြန်မာအလုပ်သမားများအပြင် ကုလားအလုပ်သမားအချို့ပါ ပြန်လည်အလုပ်လုပ်ခွင့် ရကြလေသည်။

ထိုသို့ လုပ်ကိုင်ရာမှာ ပြဿနာဖြစ်အောင် ဖန်တီးသူတွေ့ပါက တစ်ခါတည်း ဖမ်းဆီးပြီး ထောင်ချပစ်မည်ဟုကြေညာထားသောကြောင့် နောက်ထပ်မည်သူမှ ပြဿနာဖြစ်အောင် မစဝံ့ကြတော့ပေ။

ရန်မဖြစ်ဝံ့ကြတော့ပေ. . . ။

နီမောင်တို့သုံးယောက် ခါတိုင်းကဲ့သို့ပင် ပြောင်းလဲခြင်းမရှိပဲ ဘုန်းကြီးကျောင်းမှာ နေမြဲနေကာ ဆိပ်ကမ်းမှာ အလုပ်ဆင်းမြဲ ဆင်းကြလေသည်။

အရေးအခင်းကာလက ရလာသော ရွှေငွေများမှာ ၎င်းတို့ယူမထားပဲ ခေါင်းဆောင်သူများအား အပ်ပေးလိုက်ရာ ဘယ်ရောက်သွားသည် မသိကြတော့ပေ။

အရေးအခင်းလည်းပြီး ထိုပစ္စည်းများလည်း ခြေရာပျောက်သွားလေတော့သည်။

နီမောင်အနေနှင့် ထိုကဲ့သို့ မတရားရယူလာသော ပစ္စည်းမျိုးကို အလိုမရှိပေ. . . ။

မိမိလုပ်အားဖြင့် ရှာဖွေရသော ငွေတစ်မတ်ကိုပင် ငြိမ်းချမ်းသာစွာ သုံးစွဲချင်သည်။


www.burmeseclassic.com

www.burmeseclassic.com

မတရားသောနည်းဖြင့် ရလာသော ငွေတစ်ကျပ်ကို တော့ မသန့်သောစိတ်ဖြင့် အသုံးမပြုလိုသူ ဖြစ်သည်။

သို့ကြောင့် အရေးအခင်း ပြီးသောအခါ ဘာကိုမှ မက် မောခြင်းမရှိပဲ ဆိပ်ကမ်းမှ ကုန်ထမ်းသော ကူလီအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်ကြလေသည်။

တစ်နေ့သ၌ မော်တင်ဆိပ်ကမ်းသို့ အနက်ရောင်မော် တော်ကား တစ်စီးဝင်လာပြီး ဂိုဒေါင်များနှင့် မနီးမဝေးတွင်ရပ် တန့်လိုက်သည်။

ခဏကြာတော့ အဝတ်အစားအကောင်းစားများ ဝတ် ဆင်ထားသော ကုလားသူဌေးတစ်ယောက် ကားပေါ်မှ ဆင်း လာလေသည်။

သူနောက်မှာလည်း တပည့်တစ်ယောက် ပါလာသည်။

ဆိပ်ကမ်းမှာရှိသော ဂိုဒေါင်များ၊ သင်္ဘောလက်မှတ် ရောင်းသော ရုံးခန်းများသို့ ကုလားသူဌေးများ မကြာခဏ လာ ရောက်ကြလေရာ အထူးအဆန်း မဟုတ်ပေ။

ထိုကုလားသူဌေးအမည်မှာ ချန္ဒရာဖြစ်သည်။ ချန္ဒရာ သည် အသက်လေးဆယ်ကျော် အရွယ်ခန့် ရှိသေးသော်လည်း ချမ်းသာကြွယ်ဝသူ ဖြစ်သည်။

ရန်ကုန်မြို့တွင် ကုလားသူဌေးများပိုင်သော ဈေးကြီး များရှိရာ ထိုဈေးများတွင် အစုရှယ်ယာများ ထည့်ဝင်ထားသည်။

ထို့အပြင် ဘုံဘေဘားမား သစ်လုပ်ငန်း၊ စတီးဘရား သား ကုမ္ပဏီနှင့်ဆက်နွယ်သော ဆန်စပါးအရောင်းအဝယ်





လုပ်ငန်းများမှာလည်း အစုရှယ်ယာများ ထည့်ဝင်ထားသည်။

ထို့အပြင် ဆိပ်ကြီး၊ ခနောင်တိုဘက်တွင် သူတစ်ဦး တည်းပိုင်သော သစ်ခွဲစက်တစ်လုံးနှင့် စပါးကြိတ်ခွဲသည့် ဆန် စက်တစ်လုံးလည်းရှိသေးသည်။

သို့သော် ခေတ်ကာလအခြေအနေ မကောင်းသဖြင့် ထိုစက်များရှိရာသို့ သူကိုယ်တိုင် သွားရောက်အုပ်ချုပ်နိုင်ခြင်း မရှိပဲ ကိုယ်စားလှယ်တို့နှင့်သာ လွှဲထားလေသည်။

ယခုကုလားသူဌေး ချန္ဒရာတစ်ယောက် မော်တင်ဆိပ် ကမ်းသို့ ဆင်းလာခြင်းမှာ အလုပ်ကိစ္စအတွက် မဟုတ်ပေ။ သူ တွေ့လိုသော လူတစ်ယောက်ကို လာရောက်ရှာဖွေခြင်း ဖြစ်လေ သည်။

သူသည် ဆိပ်ကမ်းဇောတံတားများ၊ ဇောများမှာတင် ထားသော သင်္ဘောများ အပေါ်ရောက်သည်အထိ ဆင်းလာကာ သူတွေလိုသောလူကို လိုက်ရှာနေသည်။

သို့သော် ဆိပ်ကမ်းတစ်ဝိုက်မှာသော်လည်းကောင်း၊ သင်္ဘောများ၊ ဇောတံတားများမှာပေါ်၌သော်လည်းကောင်း လူ အတက်အဆင်း ရှုပ်ထွေးလှသောကြောင့် သူရှာဖွေနေသောသူ ကို မတွေ့ခဲ့ရပေ။

ထိုအခါ နောက်မှပါလာသော တပည့်ဖြစ်သူက ပြော သည်။

“သခင်တွေ့ချင်တဲ့သူကို ကျွန်တော်ဆင်းရှာပေးမယ်၊ ဘယ်လို ပုံသဏ္ဍာန်မျိုးလဲ. . . .”


www.burmeseclassic.com

www.burmeseclassic.com



"မင်းသူတို့ကို မြင်ရင်လည်း သိမှာမဟုတ်ဘူး၊ ငါတောင်မှ တစ်ခါပဲတွေ့ဖူးလိုက်တာ. . ."

ထိုသို့ပြောသောအခါ နောက်မှာပါလာသော တပည့်က အံ့သြသွားသည်။

ပြီးတော့မှ အကြံပေးသည်။

"ဆိပ်ကမ်းမှာ အလုပ်လုပ်နေတဲ့ လူတွေက အများကြီးဆိုတော့ မလွယ်ဘူး၊ နောက်ပြီးသူတို့က တစ်နေရာတည်းမှာ မဟုတ်ဘူး၊ ကီလီမှာလည်းရှိတယ်၊ မောင်တင်မှာလည်းရှိတယ်၊ လှည်းတန်း၊ ကိုင်းတန်း၊ ဝါးတန်းတံတားတွေမှာလည်းရှိတယ်၊ (၁၅)လမ်းနဲ့ညောင်ပင်လေးဈေး တစ်ဝိုက်မှာလည်း အများကြီးရှိတယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"သခင်တွေ့ချင်တဲ့ လူတွေကို နာမည်သိလား"

"ဟင့်အင်း မသိဘူး"

"ဒီလိုဆိုရင် ညနေဘက်အလုပ်သိမ်းတော့မှ ပိုက်ဆံရှင်းတဲ့နေရာတွေမှာ လိုက်ကြည့်ရင် တွေ့နိုင်တယ်"

ဟုအကြံပေးသဖြင့် ညနေပိုင်း အလုပ်သိမ်းချိန်ကို စောင့်ပြီး ရှာကြပြန်သည်။

ညနေပိုင်းရောက်တော့ နယ်ဘက်ပြန်မည့် သင်္ဘောများ ပြန်ထွက်သွားကြပြီး ဖြစ်သဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများ မရှိတော့ပဲ ဇောတံတားများပေါ်မှာ ရှင်းသွားပေပြီ. . .။

ဆိပ်ကမ်းတစ်ဝိုက်မှာတော့ ကူလီခေါင်းများက မိမိတို့





အဖွဲ့မှာပါလာသော အလုပ်သမားများက ကူလီထမ်းခများ ရှင်းပေးနေလေသည်။

သူဌေးချန္ဒရာနှင့် တပည့်ဖြစ်သူတို့မှာ ဒရိုင်ဘာနှင့် မော်တော်ကားကို အခြားတစ်နေရာမှာ ထားခဲ့ပြီး တစ်နေရာပြီး တစ်နေရာ လိုက်ကြည့်နေရာ နောက်ဆုံးတွင် ကိုင်းတန်းဇောတံတားထိပ်တွင် ရေချိုးပြီး တက်လာသော လူသုံးယောက်ကို တွေ့ရလေသည်။ အခြားမဟုတ်ပေ. . .။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်ပင် ဖြစ်သည်။ ကုလားသူဌေး ချန္ဒရာ ရှာနေသောသူမှာ ထိုလူသုံးယောက်ပင် ဖြစ်သည်။

မြစ်ထဲမှ ရေချိုးပြီး (ရေငန်များကို ချိုးလာခြင်းဖြစ်သည်) တက်လာသော နီမောင်ကလည်း ကုလားသူဌေးကိုမြင်တော့ တစ်နေရာမှာ တွေ့ဖူးမြင်ဖူးသည် အထင်ဖြင့် ဇဝေဇဝါဖြစ်သွားလေသည်။

သူတို့နှင့် တွေ့သောအခါ ချန္ဒရာက ပြောသည်။

"ငါ မင်းတို့ သုံးယောက်ကို လိုက်ရှာနေတာကွ"

"ဘာကိစ္စရှိလို့ပါလဲ"

"တွေ့ချင်လို့ပေါ့ကွာ ဒါထက်မင်းတို့ အလုပ်သိမ်းကြပြီးလား"

"ပြီးပါပြီ. . . ."

"မင်းတို့က ဘယ်မှာနေကြတာလဲ"

"သရက်တောဝင်းထဲက ဘုန်းကြီးကျောင်းမှာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့သုံးယောက် ငါနဲ့လိုက်ခဲ့ကြပါ"

"ဘယ်နေရာကို လိုက်ခဲ့ရမှာလဲ"

"အရေးအခင်းဖြစ်တုန်းက မင်းတို့ရောက်ခဲ့ဖူးတဲ့ ကျုံးကြီးလမ်းကတိုက်ကိုပဲ လာခဲ့ကြပါ ငါစောင့်နေမယ်"

ဟုပြောပြီး ချန္ဒရာက သူ့မော်တော်ကားရှိရာသို့ ပြန်သွားလေသည်။

ထိုအခါမှ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြရလေသည်။

"နီမောင် မင်းတို့သူ့ကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် အရေးအခင်းတုန်းက ငါတို့ရောက်ခဲ့တဲ့ ကျုံးကြီးလမ်းအိမ်က မဟုတ်လား"

"ဒီလိုဆိုရင် သွားလို့ဖြစ်ပါ့မလား၊ တော်ကြာသူ့အိမ်ရောက်မှ တစ်ခုခုဒုက္ခပေးရင် ခက်မယ်"

"ဒီလောက်မစိုးရိမ်ပါနဲ့ကွာ အဲဒီတုန်းက ငါတို့သုံးယောက်က သူတို့ကို ဘာမှဒုက္ခပေးခဲ့တာမှ မဟုတ်တာ. . "

"တခြားလူတွေနဲ့ တွေ့ရင် အသတ်ခံရမှာကို ငါတို့က ဘာမှလုပ်ခဲ့တာမှ မဟုတ်တာ"

"ဒါပေမယ့် သူ့ဆီက ရွှေငွေတွေ ယူလာသေးတယ် မဟုတ်လား"

"ပစ္စည်းတွေ အများကြီးထဲက ကျန်တဲ့သူတွေ ကျေနပ်အောင် ဒီလောက်ကလေး ယူလာတာကိုတော့ သူ့အတွက် ဘာမှဖြစ်လောက်မှာ မဟုတ်ပါဘူး"





"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သူပြောတဲ့ အတိုင်းသွားရမှာပေါ့၊ ဦးဗန်ကောင်းပြောတဲ့ စကားအတိုင်းဆိုရင် အခွင့်အရေးက လူတစ်ယောက်ဆီကို ဘယ်တော့မှ နှစ်ခါပြန်မလာဘူးတဲ့. . "

"ဒီတော့ သူရောက်လာတုန်း ငါတို့ဘက်က လုပ်သင့်တာ လုပ်ကြတာ အကောင်းဆုံးပဲ. . . "

ထို့နောက် ကူလီခေါင်းထံမှာ မိမိတို့ ကူလီထမ်းခများ ရှင်းယူပြီးနောက် သုံးယောက်သား ကျုံးကြီးလမ်းဘက်သို့ သွားကြလေသည်။

သူတို့သွားသောအချိန်မှာ ညနေစောင်းအချိန် ရောက်နေပြီမို့ လမ်းမီးရောင်များပင် လင်းစပြုနေချေပြီ။

လိပ်စာပေးထားခဲ့သောတိုက်မှာ တစ်ခါက သူတို့ ရောက်ခဲ့ဖူးသော တိုက်ပင်ဖြစ်သည်။

သူတို့ရောက်သွားတော့ မြံစောင့်က တံခါးဖွင့်ပေးသည်။ တိုက်တံခါးပေါက်ဝမှာ ချန္ဒရာကိုယ်တိုင် ရပ်စောင့်နေပြီး အိမ်ထဲခေါ်သွားသည်။

တိုက်အောက်ထပ်မှာပင် နေရာထိုင်ခင်းပေးပြီး ကြိုတင်စီမံထားသည့် အစားအသောက်များ ချကျွေးသည်။

ထိုဧည့်ခန်းမှာ သူဌေးတစ်ယောက်နေသော ဧည့်ခန်းဖြစ်သဖြင့် သူတို့လို ကူလီထမ်းသော အလုပ်သမားအတွက် မဝံ့မရဲ ဖြစ်နေတော့သည်။

"ဘာမှ အားနာစရာမလိုပါဘူးကွာ၊ ဒါမင်းတို့အတွက်


www.burmeseclassic.com

www.burmeseclassic.com



စိမ်ထားတဲ့ အစားအသောက်တွေမို့ စားသောက်ကြပါ”

“ကျွန်တော်တို့ကို ဘာအတွက် ဒီကိုခေါ်တာပါလဲ”

“မင်းတို့သုံးယောက်ကို ငါက ကျေးဇူးဆပ်ချင်လို့ပါ အရေးအခင်းတွေ ပြီးသွားကတည်းက ငါလိုက်ရှာနေတာ အခုမှ တွေ့ရတာ. . .”

“ဒီလောက် ကျေးဇူးတင်ဘို့ မလိုပါဘူးဗျာ အဲဒီတုန်းက ကျွန်တော်တို့ကလည်း လုပ်ချင်လို့ လုပ်ကြရတာ မဟုတ်ပါဘူး ကုလီခေါင်းက ခိုင်းလို့သာ မလုပ်ချင်ပဲ လုပ်ခဲ့ကြတာပါ”

“မင်းတို့ မပြောလည်း အမူအရာကြည့်ရုံနဲ့ သိပါတယ်ကွာ. . ၊ ဘာပဲဖြစ်ဖြစ် ငါ့အတွက်ကတော့ အတော်ကလေး ကံကောင်းတယ်လို့ ဆိုရမှာပဲ အဲဒီအချိန်တုန်းက မင်းတို့နဲ့သာ မတွေ့ပဲ တခြားလူမိုက်တွေနဲ့သာ တွေ့ရင် ငါတို့မိသားစုအားလုံး သေကြရမှာ မလွဲပါဘူး၊ ဒါကြောင့်မင်းတို့ကို ကျေးဇူးဆပ်ချင်လို့ လိုက်ရှာနေတာပါ၊ ကဲ. . စားကြသောက်ကြဦး”

ဟုပြောပြီး အတင်းကျွေးသဖြင့် အစားအသောက်တို့ကို စားသောက်ကြသည်။

သူတို့သုံးယောက်အတွက် လမ်းဘေးမှာရောင်းသော အစားအသောက်များနှင့် နှစ်ပါးသွားနေခဲ့ကြရသည်မှာ အတော်ကြာခဲ့ပေပြီ။

သည်လို စားကောင်းသောက်ဖွယ်များနှင့် မတွေ့ရ မမြင်ရသည်မှာလည်း ကြာမြင့်လှပြီ. . .။

သို့ကြောင့် အားနာစွာဖြင့်ပင် ချကျွေးသောအစား အ





သောက်တို့ကို စားသောက်ကြလေတော့သည်။

ဝလင့်အောင် စားသောက်ပြီးတော့မှ ချန္ဒရာက ပြောသည်။

“ငါ့နာမည်က ချန္ဒရာလို့ ခေါ်တယ် မင်းတို့နာမည်တွေကရော ဘယ်သူတွေလဲ”

“ကျွန်တော်နာမည်က နီမောင် သူတို့နှစ်ယောက်က စောထီးနဲ့ ငမဲအောင်လို့ ခေါ်ကြတယ်”

“မင်းတို့ကြည့်ရတာ ရန်ကုန်ကတော့ ဟုတ်မယ်မထင်ဘူး၊ ဘယ်ကလာပြီး အလုပ်လုပ်ကြတာလဲ”

“မြစ်ဝကျွန်းပေါ်ဘက်က လာကြတာပါ”

“မင်းတို့ကို တမင်ရှာပြီးခေါ်ရတာ တခြားမဟုတ်ပါဘူး ကျေးဇူးဆပ်ချင်လို့ပါ. . .”

“ဒီလောက်ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကျွန်တော်တို့ကို ဒီလိုခေါ်ပြီး ကျွေးမွေးတာတောင် အားနာလှပါပြီ. . .”

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွ ကျေးဇူးတရားဆိုတာ အတိုင်းအတာနဲ့ သတ်မှတ်လို့ရတာမှ မဟုတ်တာ၊ နောက်ပြီးလူ့အသက်ထက်လည်း ဘာမှပိုပြီး တန်ဖိုးမရှိပါဘူး၊ ဘယ်လောက်ချမ်းသာတဲ့ လူပဲဖြစ်ဖြစ် အသက်မရှိတော့ရင် သူ့အတွက် ချမ်းသာတာတွေက ဘာမှအဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး၊ မင်းတို့က ငါတို့မိသားစုတွေရဲ့အသက်ကို ချမ်းသာပေးခဲ့တဲ့ ကျေးဇူးကို ဘာနဲ့မှ မလဲနိုင်ပါဘူး၊ ဒါကြောင့် ကျေးဇူးဆပ်ချင်ပါတယ်”

နီမောင်တို့ သုံးယောက်မှာ ဘာမှထပ်မပြောသာတော့



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သုံ့ပြောတာပဲ ငြိမ်ပြီး နားထောင်နေကြသည်။

ချန္ဒရာက ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိဖွာရင်းနှင့် စကားဆက်ပြောလေသည်။

"ငါက စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ပါ အစုရှယ်ယာဝင်ထားတဲ့ လုပ်ငန်းတွေရော ကိုင်ပိုင်လုပ်ငန်းတွေရော အများကြီးရှိတယ်၊ ငါပိုင်ဆိုင်တဲ့ စီးပွားရေး လုပ်ငန်းတစ်ခုခုမှာ မင်းတို့သုံးယောက်ကို အလုပ်ပေးမယ်၊

မင်းတို့က မြစ်ဝကျွန်းပေါ်သားတွေဆိုတော့ ဆန်စပါး အကြောင်းကိုတော့ အတန်အသင့် သိကြမှာပေါ့. . ."

"သိတန်သလောက်တော့ သိပါတယ်"

"သစ်နဲ့ပတ်သတ်တဲ့ အကြောင်းတွေလည်း နားလည်မှာပေါ့"

"သစ်တောအလုပ်တွေကို အတော်ကြာကြာ လုပ်ခဲ့ဘူးတော့ သိသင့်သလောက် သိပါတယ်"

"ဟန်ကျတာပေါ့ကွာ ငါကလည်း မင်းတို့လို ရိုးသားတဲ့ လူမျိုးတွေ ရှာနေတာကွ၊ ဆိပ်ကြီးခနောင်တိုဘက်မှာ ငါပိုင်တဲ့ ဆန်စက်နဲ့ သစ်စက်တစ်လုံးရှိတယ် အဲဒီမှာ မင်းတို့ကို အလုပ်သွင်းပေးမယ်"

"ဖြစ်ပါ့မလား ကျွန်တော်တို့က ဒီအလုပ်အကြောင်းတွေ သိပ်ပြီး သိကြတာမဟုတ်တော့. . ."

"မခက်ပါဘူးကွာ တဖြည်းဖြည်းသင်ယူရင် လုပ်ရင်းကိုင်ရင်းနဲ့ တတ်သွားမှာပါ အရေးကြီးတာက ဘယ်အလုပ်မဆို





လုပ်ချင်တဲ့စိတ် ရှိဖို့ပါပဲ၊ မင်းတို့ဆိပ်ကမ်းမှာ ကူလီထမ်းတော့ ပင်ပန်းလှပေမယ့် ဘယ်လောက်မှ ရကြမှာမဟုတ်ဘူး၊ ဒီတော့ ငါက မင်းတို့သုံးယောက်ကို နေဖို့စားသောက်ဖို့ မပူရအောင်လည်း စီစဉ်ပေးထားမယ်"

"လစာရိက္ခာလည်း ကောင်းကောင်းပေးထားမယ် ဘယ်လိုသဘောရသလဲ. . . ."

ချန္ဒရာက စိတ်အားထက်သန်စွာဖြင့် ပြောဆိုနေရာ နီမောင်က အတန်ကြာအောင် စဉ်းစားနေလေသည်။

ကျန်နှစ်ယောက်ကတော့ နီမောင်သဘောတစ်ခုသာမို့ ထွေထွေထူးထူး ဘာမှ ဝင်မပြောကြပဲ ငြိမ်သက်စွာ နားထောင်နေကြလေသည်။

နီမောင်စိတ်ထဲမှာ စဉ်းစားနေသည်က အခြားမဟုတ်ပေ၊ ချန္ဒရာပြောသောအလုပ်မှာ လက်ရှိလုပ်နေရာသော ကူလီထမ်းသောအလုပ်နှင့် နှိုင်းစာပါက ပိုကောင်းမည်ဆိုတာတော့ စိတ်ထဲမှာ သိနေသည်။

သို့သော် မိမိတို့ လူငယ်တွေချည်း သွားတာနှင့်စာလျှင် အားကိုးရသော လူကြီးတစ်ယောက်ပါလျှင် ပိုကောင်းမည်ဟု တွေးတောနေခြင်း ဖြစ်သည်။

ထိုသို့ စဉ်းစားနေသောအခါ ချက်ခြင်း ဦးဗန်ကောင်းကိုပါ သတိရလာသည်။ သူတို့နှင့်အတူ ဦးဗန်ကောင်းကို ခေါ်သွားရန် စိတ်ကူးပေါ်လာသည်။ သို့ကြောင့် ချန္ဒရာထံမှာ ခွင့်တောင်းသိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတဲ့ အလုပ်ကို လက်ခံပါမယ် ကျွန်တော်တို့ကို အခုလို အကူအညီပေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ပြောပါရစေ. . ."

"ဘာပြောမှာလဲ ပြောပါ. . ."

"တခြားတော့ မဟုတ်ပါဘူး. . ကျွန်တော်တို့အပြင် နောက်ထပ်တစ်ယောက်ကျန်ပါသေးတယ်၊ ကျွန်တော်တို့ရဲ့ ဘကြီးတော်ပါတယ် သူ့ကိုပါ ခေါ်သွားပါရစေ. . ."

"ဒါများကွာ ခွင့်တောင်းစရာတောင် မလိုပါဘူး၊ ခေါ်သွားပေါ့ လူများတော့ ပိုကောင်းပါသေးတယ်"

ဟုခွင့်ပေးသဖြင့် နီမောင်တို့လည်း ချန္ဒရာထံမှာ ဝင်ရောက်အလုပ်လုပ်ကြရန် သဘောတူလိုက်ကြသည်။ ဘယ့်နေ့ ဘယ်ရက်တွင် ဆိပ်ကြီးခနောင်တိုသို့ သွားကြမည်ဟု ချိန်းဆိုပြီး နီမောင်တို့ပြန်သောအခါ ချန္ဒရာက တစ်ယောက်လျှင် ငွေ(၅၀) ကျပ်စီ ပေးလိုက်လေသည်။

နီမောင်တို့ အတွက်ကတော့ ဘဝတစ်သက်တာမှ ပထမဆုံး ငွေများများ စတင်ရရှိခြင်းပင်ဖြစ်၏။

သူတို့သုံးယောက်မှာ ချန္ဒရာနေသောတိုက်မှ ထွက်ခဲ့ကြပြီးနောက် ဦးဗန်ကောင်းရှိသောနေရာသို့ တစ်ခါတည်း လှည့်ဝင်ကြလေသည်။

ဦးဗန်ကောင်း ရှိသောတဲနှင့် မနီးမဝေး ရောက်သောအခါ အော်သံကြားကြရသည်။

"ဟေး. . . ဟေး . . . ဟေး. . ."





ထိုအသံကြားတော့ စောထီးက မေးသည်။

"တဟေးဟေးနဲ့ ဘာဖြစ်လို့ အော်နေတာလဲ"

"မဟုတ်ဘူး အဲဒါ သူအိပ်ပျော်နေတာ သူခိုးတွေကို လှည့်စားတဲ့ အနေနဲ့ အိပ်နေရင်း အသံပေးနေတော့ တော်ရုံနဲ့ ဝိုဒေါင်တွေ အနားကို မကပ်ဝံ့ကြတော့ဘူးပေါ့"

"တယ်လည်း အကြံပိုင်ပါလား"

သူတို့သုံးယောက် ရောက်သွားသောအချိန်မှာ အော်သံရပ်သွားပြီး ဦးဗန်ကောင်း အိပ်နေရာမှ ပြန်နိုးနေလေပြီ. .။

သူတို့မြင်တော့ အံ့သြသွားဟန်ရှိသည်။

BURMESE CLASSIC .com

"မင်းတို့ သုံးယောက်က ညဘက်အလုပ်ဆင်းကြရတာလား၊ ဘယ်လိုကြောင့် အချိန်မတော်ကြီး ရောက်လာကြတာလဲ"

နီမောင်က အကြောင်းစုံပြောပြသောအခါ. . ဦးဗန်ကောင်းက နားထောင်နေသည်။

ပြီးမှ. . . . .။

"အင်း ရှေးလူကြီးတွေ ပြောခဲ့တဲ့ 'လုံ့ထမ်းလာတာမြင်ရတယ် ကံထမ်းလာတာ မမြင်ရဘူး' ဆိုတဲ့စကား တယ်လည်းမှန်ပါလား၊ အခုတော့ ကံမကောင်းတဲ့ ဗန်ကောင်းဘဝကနေပြီး ကံကောင်းတဲ့ဗန်ကောင်း ဘဝကိုနေ့ချင်း ညချင်းရောက်တော့မှာပါလား"

ဟုပြောသည်။

"ဒါဖြင့် အဘက ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"လိုက်ရမှာပေါ့ကွာ စိုင်ကော်လို ချူပေါ်ရောက်ပြီးမှတော့ ပြန်ဆင်းစရာမှ မလိုတော့တာ အခုလုပ်နေတဲ့ အလုပ်ကို . . မနက်ဖြန် ပြန်အပ်ပြီး မင်းတို့နဲ့ လိုက်ခဲ့ရုံ ရှိတာပေါ့"

ထိုစကားကြားသောအခါ နီမောင်တို့ သုံးယောက်စလုံး ဝမ်းသာသွားကြလေသည်။

ဦးဗန်ကောင်း ပါလာသောကြောင့် အစစအရာရာ အားကိုးရာရတော့မည်မို့လည်း စိတ်ထဲမှာ အားရှိသွားကြလေသည်။

ထိုနေ့ညတစ်ညလုံး နီမောင်တို့ သုံးယောက်လည်း ဦးဗန်ကောင်း၏ အစောင့်နေသော အဆောက်အအုံမှာ ရှိနေကြပြီး ရှေ့ခရီးအတွက် တိုင်ပင်ဆွေးနွေးနေကြတော့သည်။





# အခန်း(၈)

# စိုင်ကော်သဖြင့် ချူပေါ်ရောက်ရခြင်း

ဆိပ်ကြီးခနောင်တိုဟု အမည်တွင်သောနေရာမှာ တွံတေးတူးမြောင်းဝ၌ရှိသော ရွာဟောင်းရွာများ ဖြစ်ကြသည်။

တွံတေးတူးမြောင်းထိပ်၌ ဆိပ်ကမ်းကောင်းတစ်ခုရှိသောကြောင့် ထိုအမည်ကို ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ရန်ကုန်မြစ်နှင့် တစ်မိုင်ကျော်ကျော်မျှသာဝေးပြီး ရန်ကုန်ဆိပ်ကမ်းကို လှမ်းမြင်နိုင်သောနေရာ၌ရှိသည်။ တောင်ဘက်တွင် တွံတေးတူးမြောင်းရှိပြီး၊ မြောက်ဘက်၌ ခနောင်တို



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရှိသည်။

အရှေ့ဘက်ချွန်းထပ်တွင် သမ္ဗန်များဆိုက်ကပ်သော ဆိပ်ကမ်းကြီးတစ်ခုရှိသည်ကို အကြောင်းပြုပြီး ဆိပ်ကမ်းကြီးဟုခေါ်ရာမှ နောက်ပိုင်းဆိပ်ကြီးဟုခေါ်သည်။

ထိုနေရာတစ်ဝိုက်မှာ ရှိကြသောရွာများကိုလည်း ဆိပ်ကြီးရွာဟုခေါ်ပြီး ခနောင်တိုချောင်းရိုးတစ်လျှောက်မှာ နေကြသောရွာများကို ခနောင်တိုရွာများဟု ခေါ်ကြသည်။

ခနောင်တိုတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာက မွန်လူမျိုးတို့ နေထိုင်ကြခဲ့ကြသဖြင့် ခနောင်တိုမှာ မွန်ဘာသာအမည်(ခနင်)အသံထွက်မှာ ဆင်းသက်လာပြီး အဓိပ္ပာယ်ကတော့ 'ဝဲသြယ' ဟု အဓိပ္ပာယ်ရှိလေသည်။

ခနောင်တိုချောင်းမှာ အရှေ့ဘက်အနောက်ဘက် သွယ်တန်းစီးဆင်းလျက်ရှိပြီး ရေစီးကြမ်းသလောက်၊ ချောင်းကွေ့ချောင်းကောက်များ ပေါများကာ ဝဲဂယက်တို့ ပေါများသော နေရာတစ်ခုဖြစ်သည်။

ဆိပ်ကြီးရွာနှင့် ခနောင်တိုရွာတို့မှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ကြသော ရှေးဟောင်းရွာကြီးများ ဖြစ်ကြလေသည်။

(၁၈၅၅)ခုနှစ်ဝန်းကျင်လောက်ကပင် ရွှေတိဂုံစေတီတော်သို့ ဆည်းလည်းများ၊ ကြေးအုပ်များပြုလုပ်ပြီး လှူဒါန်းခဲ့သော အထောက်အထားများ တွေ့ရသည်။

နောက်ပိုင်း ဆိပ်ကြီးတိုက်နယ်အဖြစ် သတ်မှတ်ပေးခဲ့





သည်။ ဆာပါချောင်း၊ ဆိပ်ကြီးရွာမ၊ ခနောင်တိုအရှေ့၊ ခနောင်တိုအနောက်၊ ပျဉ်းကတိုးကုန်း၊ ပန်းပင်ချောင်း၊ ဦးထွန်းအိုစု၊ ကျောင်းဝိုင်းအောက်၊ ဒါဝတ်ဆိပ်ကြီး၊ စက်ကလေးနှင့် အေးရွာတို့ပြီး ကျေးရွာပေါင်း(၁၁)ရွာဖြင့် ဖွဲ့စည်းထားခဲ့သည်။

ရှေးအခါကတော့ ကျေးရွာများ သတ်သတ်မှတ်မှတ်မရှိပဲ ရောနှောနေခဲ့ကြသော်လည်း နောက်ပိုင်း တဖြည်းဖြည်းနှင့် နေထိုင်သူ လူဦးရေများပြားလာသောအခါ ကျေးရွာအုပ်စုများ ကွဲပြားလာရခြင်း ဖြစ်သည်။

ယခုအခါက ဆိပ်ကြီးကျေးရွာသည် ဆိပ်ကြီးအရှေ့ရပ်ကွက်အတွင်း၌ ရှိနေပြီး ခနောင်တိုရွာကတော့ ခနောင်တိုအနောက်ပိုင်း ရပ်ကွက်အတွင်း ပါဝင်သွားလေသည်။

ရှေးအခါက ဆိပ်ကြီး ခနောင်တိုတစ်ဝိုက်တွင် နေထိုင်သူများများ မရှိပေ။

ဆိပ်ကြီးတစ်ဝိုက်မှာသာ စည်စည်ကားကား ရှိသော်လည်း ချောင်းရိုးတစ်လျှောက်မှာရှိသော အခြားရွာများမှာတော့ သာမန်အလုပ်သမားများ စုဝေးနေထိုင်သော တဲစုကလေးများသာရှိသေးသည်။

ခနောင်တို ချောင်းကမ်းပါး တစ်လျှောက်မှာတော့ ကမ်းစပ်တွင် လမုတောများနှင့် ဓနိတောများသာ ရှိလေသည်။

နွေရာသီနှင့် ဆောင်းရာသီမှာ မသိသာသော်လည်း မိုးရာသီရောက်လျှင် ရေစီးကြမ်းလှပြီး ဝဲကတော့များ ပေါများသဖြင့် သင်္ဘောများ၊ လှေသမ္ဗန်ကြီးများ အသွားအလာနည်း



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

တစ်ခါတစ်ရံ တွဲတေးတူးမြောင်းမှာ ရေနည်းပြီး သွားလာ၍ မရနိုင်သော အခြေအနေနှင့် ကြုံကြိုက်ပါက သင်္ဘောများ၊ လှေကြီးသမ္ဗန်ကြီးများ ခနောင်တိုချောင်းအတွင်းမှ လှည့်သွားကြသည်။

ရေစီးကြမ်းခြင်း၊ အကွေ့အကောက်များခြင်း၊ ဝဲကတော့များပေါ်ခြင်းကြောင့် အထူးသတိထားပြီး သွားလာကြရသည်။

နောက်ပိုင်းမှာတော့ ထိုချောင်းရိုးတစ်လျှောက်မှာ "လွှန်းရုံ"များ လာရောက်လုပ်ကိုင်ကြသည်။

"လွှန်းရုံ' ဆိုသည်မှာ ပျက်စီးနေသော သင်္ဘော၊ လှေ၊ သမ္ဗာန်တို့ကို ပြုပြင်မွမ်းမံပေးသော အလုပ်မျိုးဖြစ်သည်။

ဆွေးမြေ့နေသော ပျဉ်များလဲပေးခြင်း၊ ရေနံ၊ ကတ္တရာနှင့် သင်္ဘောဆေးများ ဆွဲပေးခြင်း၊ ပေါက်နေသောနေရာတို့ကို အင်တွဲ၊ ပွန်းညက်မှုန့်တို့ဖြင့် ဖာထေးပေးသောအလုပ်ဖြစ်သည်။

သစ်သားဖြင့် ပြုလုပ်ထားသော ရေယာဉ်များအပြင် သံဖြင့် ပြုလုပ်ထားသည့် ရေယာဉ်များကို သံပြားများဖြတ်တောက်ဖာထေးပေးခြင်းများ ပြုလုပ်ကြသည်။

ဆိပ်ကြီးခနောင်တိုတစ်ဝိုက်တွင် ရှေးအခါကတည်းက 'လွှန်းရုံ' များမှာ ယခုအချိန်ထိရှိနေပြီး အမိကကျသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက် ရှိပေသည်။

ရှေးအခါက သစ်တောများ ဖုံးလွှမ်းနေသော ခနောင်တိုချောင်းတစ်ဝိုက်တွင် နောက်ပိုင်းရောက်လာတော့ ကုလား





သူဌေးအချို့ကလာရောက်ပြီး မြေကုပ်ယူကာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာကြသည်။

ထိုအထဲတွင် ကုလားသူဌေး ချန္ဒရာလည်း အပါအဝင်ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံမှာ ဆန်စပါးနှင့် ကျွန်းသစ်သည်တို့က အလျှံပယ်ထွက်နေရာ စီးပွားရေးအမြင်ရှိသော ကုလားသူဌေးတို့က ထိုအလုပ်များကိုပင် အမိကထားကာ လုပ်ကိုင်ကြသည်။

အချက်အချာကျသော နေရာတို့တွင် ဈေးဆိုင်နှင့်ဈေးကြီးများတည်ခြင်း။

ဘုံဘေဘားမားကဲ့သို့ သစ်ကုမ္ပဏီများ ထူထောင်ခြင်း၊ စတီးဘရားသားကဲ့သို့ ဆန်စပါး အရောင်းအဝယ်ပြုလုပ်ခြင်းသော လုပ်ငန်းကြီးများကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့ကြလေသည်။ သစ်ထုတ်လုပ်ရေးဆိုလျှင် 'ဘုံဘေဘားမား'ကုမ္ပဏီအုပ်စုက လက်ဝါးကြီးအုပ်ထားသည်။

ဆန်စပါးလုပ်ငန်းဆိုလျှင် 'စတီးဘရားသား'ကုမ္ပဏီက လက်ဝါးကြီးအုပ်ထားသည်။

ထိုကုမ္ပဏီနှစ်ခုစလုံးမှာ ကုလားများပိုင်သော ကုမ္ပဏီများပင် ဖြစ်ကြလေသည်။

ကျန်သည့်တိုင်းရင်းသားတို့က သစ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်းလုပ်ကိုင်လိုလျှင် ကုလားသူဌေးများထံမှာ ခွင့်တောင်းပြီး အခွင့်ခံ လုပ်ကြရသည်။

ကုလားသူဌေးများက နယ်ချဲ့များနှင့် ပေါင်းပြီး လုပ်ပိုင်


www.burmeseclassic.com

www.burmeseclassic.com



ခွင့် အတော်များများကို ချုပ်ကိုင်ထားကြသည်။

ချစ်တီးကုလားများကို အရင်းအနှီး ထုတ်ပေးပြီး လယ်မြေများကို သိမ်းခိုင်းသည်။

မြန်မာလယ်သမားများက လယ်လုပ်လိုလျှင် ချစ်တီးများထံမှာ အခစားဖြင့် ငှားပြီးလုပ်ကြရသည်။

ကိုယ်ပိုင်သောလယ်မြေကို အခြားသူထံမှ ပြန်ငှားပြီး လုပ်ကြရသကဲ့သို့ ဖြစ်သည်။

ထိုသို့လုပ်ကြရသဖြင့် တစ်နှစ်တစ်နှစ် ကြွေးကျေသည် မရှိပဲ နောက်ဆုံးရှိသမျှ ပုံပေးကြရသည်။

(ရှေးကတော့ ပြည်ပနယ်ချဲ့များက သွေးထိုးမြှောက်ပေးသဖြင့် ချစ်တီးများက လယ်သိမ်းသည်။

ယခုတော့ ဘယ်သူက မြှောက်ပေးထားခဲ့လို့ ပြည်တွင်းနယ်ချဲ့သမားများက လယ်မြေရှိသမျှ သိမ်းနေသလဲတော့ မ သိရပေ. . .။)

မြန်မာပြည်မှာ တဖြည်းဖြည်းနှင့် ရောင်းစားသွားလိုက်ကြတာ သစ်တောလည်း မကျန်တော့၊ ရေနံလည်း မကျန်တော့ ကျောက်မျက်ရတနာတွေလည်း မရှိတော့။ တောတွေမရှိတော့ အခုတောင်တွေ ဖြိုယူနေကြသည်။ ဧရာဝတီမြစ်လည်း မျက် လှုပ်နေရပြီ။

ရန်ကုန်မြို့မှာဆိုလျှင် ရောင်းစားစရာ 'ရွှေတိဂုံစေတီတော်နှင့် တက္ကသိုလ်'သာ ကျန်ခဲ့တော့သည်။

ထိုနှစ်ခုတောင် ရောင်းမဖြစ်လို့ ချန်ထားသွားခဲ့ကြ





ဖြစ်သည်။ ရွှေပိဿာချိန်ပေါင်း မြောက်မြားစွာနှင့် ကျောက်မျက်ရတနာတွေ မြောက်မြားစွာရှိနေသော ရွှေတိဂုံစေတီတော်ကြီးကို လက်ညှိုးထိုးမရောင်းပဲ ချန်ထားခဲ့တာကိုပင် ကြံဖန်ပြီး ကျေးဇူးတင်ရပေတော့သည်။

ကျွန်ုပ်သည် စာရေးဆရာတစ်ယောက်ဖြစ်သည်။

မြန်မာပြည်သားတစ်ယောက်ဖြစ်သည်။

အကြောင်းတိုက်ဆိုင်လာပါက ရင်ထဲမှာရှိသော အကြောင်းအရာ အချို့ကို ရေးချင်ပါသော်လည်း. . . .

သို့သော်. . . မရေးတော့ပါပြီ. . .။ရှေ့မှာ ရေးလာခဲ့သော အကြောင်းအရာတို့ကိုပင် ဆက်ရေးပါတော့မည်။

' ရှေးအခါအခါက ခနောင်တိုချောင်းရိုးတစ်လျှောက် သစ်ပင်သစ်တောနှင့် အိမ်အချို့လောက်သာ ရှိသော်လည်း နောက်ပိုင်းမှာတော့ စီးပွားရေးအမြင်ကျယ်သော ကုလားသူဌေးများက ထိုနေရာများသို့ ရောက်လာပြီး ဆန်စက်နှင့် သစ်စက်အချို့ လာရောက်တည်ကာ လုပ်ကိုင်ကြသည်။

ထိုအထဲတွင် ကုလားသူဌေး ချန္ဒရာလည်း အပါအဝင်ဖြစ်သည်။

သူသည် ခနောင်တိုရွာနှင့် မနီးမဝေးမြောက်ဘက်ကမ်းဘက်တွင် ဆန်စက်တစ်လုံးနှင့် သစ်ခွဲစက်တစ်လုံး တည်သည်။ မြေဧက အတော်များများကို ဝယ်ယူပြီး ဆန်စက်ဝန်းနှင့် သစ်တောဝန်းကို တစ်ဆက်တည်းထားကာ ယှဉ်လျက်တည်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က သစ်လုပ်ငန်းနှင့် ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးနေသည့် အချိန်ဖြစ်သောကြောင့် ဆန်စက်နှင့် သစ်စက်ကို တစ်ပြိုင်နက် တည်ထောင်လုပ်ကိုင်ခြင်း ဖြစ်သည်။

ရင်းပိုင်ဆိုင်သော စက်များကို. . . .

'ဇမ္ဗူကျော်ဆန်စက်၊ ဇမ္ဗူကျော်သစ်စက်' ဟုနာမည် ပေးထားလေသည်။

ဆန်စက်မှာ စပါးကြိတ်ခွဲသော ပင်မစက်ရုံအပြင် နံဘေးပတ်လည်တွင် စပါးသိုလှောင်ရန် ဂိုဒေါင်အများအပြား ဆောက်လုပ်ထားသည်။

နွေဘက် စပါးပေါ်ချိန်ရောက်လျှင် အောက်ဘက်နယ်များမှထွက်သော စပါးတို့ကို ဝယ်ယူပြီး ဂိုဒေါင်များအတွင်း ထည့်ထားပြီး မိုးရာသီရောက်တော့မှ တဖြည်းဖြည်းကြိတ်ခွဲကာ အမြို့မြို့အနယ်နယ်တို့ကို တင်ပို့ရောင်းချလေသည်။

နွေရာသီ စပါးတစ်တင်းကို ငွေတစ်ကျပ်ဖြင့် ဝယ်သည်။ မိုးရာသီ ရောက်တော့ စပါး၁၀တင်းကို ဆန်စက်မှာ ကြိတ်လျှင် ဆန်ချော လေးတင်းကျော်ရသည်။

ဆန်ကွဲရောလျှင် ငါးတင်းခန့်ရသည်။

ဆန်တစ်ပြည်ကို ငါးမူးဖြင့်ရောင်းတော့ ဆန်တစ်တင်းကို (၁၆)ပြည်ရှိသဖြင့် (၈)ကျပ်ရသည်။

ဆန်(၅)တင်းရောင်းလျှင် ငွေ(၄၀)ကျပ်ဝန်းခန့်ပြန်ရသည်။ နွေရာသီတွင် စပါးဆယ်တင်းကို ငွေတစ်ဆယ်ဖြင့် ဝယ်ထားရာ ငွေ(၃၀)မြတ်သည်။





ထိုသုံးဆယ်ထဲမှာ အလုပ်သမားစားရိတ် နှုတ်လျှင်စပါးဆယ်တင်းကြိတ်လျှင် ငွေ(၂၀)ခန့်တော့ သူ့အတွက်ကျန်သည်။

တစ်နှစ်၊ တစ်နှစ် စပါးတင်းပေါင်း ရာထောင်ချီပြီး သိုလှောင်ထားရာ သူ့အတွက် မည်မျှမည်မျှ အမြတ်ရသည်ကို ခန့်မှန်းကြည့်ရုံဖြင့် သိနိုင်တော့သည်။

သစ်စက်ကလည်း ထိုအတိုင်းပင် အမြတ်အစွန်းများ ပေသည်။ အထက်ဘက် သစ်တောများမှ ကျွန်းသစ်အပါအဝင် အဖိုးတန်သစ်လုံးများကို သစ်ဖောင်ဖွဲ့ပြီး သယ်ယူကာ ဆိပ်ကမ်းမှာ ပုံထားသည်။

ထိုသစ်လုံးများကို သစ်အမျိုးအစားအလိုက်ခွဲပြီး အရှယ်စုံဆိုဒ်စုံ သစ်အချောထည်များ ပြုလုပ်ကာ ရန်ကုန်မှာ သစ်ဆိုင်ဖွင့်ပြီး ရောင်းသည်။

သစ်လုံးတစ်လုံးကို ခွဲစိတ်ရာတွင် အသုံးဝင်မှု မဝင်မှုအပေါ်မှာမူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရသည်။

နောက်ဆုံး အသုံးမဝင်သည့် ကဖာခြမ်းများပင် ထင်းအဖြစ်ရောင်း၍ ရသည်။

တောထဲမှ သစ်လုံးတို့ကို နည်းပါးသောဈေးဖြင့် ဝယ်ယူခွဲစိတ်ပြီး သစ်အချောအထည်ဘဝ ရောက်သောအခါ ကြိုက်ဈေးဖြင့် ရောင်းချလေရာ ထိုအလုပ်လည်း ဆန်စပါးလုပ်ငန်းကဲ့သို့ အမြတ်အစွန်းများသော လုပ်ငန်းမျိုး ဖြစ်သည်။

ချန္ဒရာအနေဖြင့် ဆန်စက်နှင့် သစ်စက်များကို ထိုနေရာမှာ လာရောက်ထူထောင်ထားသော်လည်း သူကတော့ အမြ



www.burmeseclassic.com

www.burmeseclassic.com



မလာပေ။

သူ့အလုပ်နှင့် သူ့ကိုယ်စားလှယ်များ၊ အလုပ်သမားများနှင့်သာထားပြီး တစ်ပတ်တစ်ခါလောက်သာ လာရောက်ကြည့်ရှုလေသည်။

ဆန်စက်ကိုယ်စားလှယ်မှာ 'ထွန်းအောင်ဇေ' ဆိုသူဖြစ်ပြီး ယခင်က သစ်စက်မှာခေါင်းဆောင်လုပ်ကိုင်သူက 'ဂျမား' ဆိုသူဖြစ်သည်။

ဂျမားမှာ ကုလားလူမျိုးတစ်ယောက် ဖြစ်သော်လည်း သစ်စက်လုပ်ငန်းကို များစွာကျွမ်းကျင်သူ ဖြစ်သည်။

ဘုံဘေဘားမား သစ်ကုမ္ပဏီတွင် နှစ်ပေါင်းများစွာကြာအောင် အလုပ်လုပ်ခဲ့သူဖြစ်ပြီး အလုပ်ကြမ်းသမားဘဝမှ သစ်စက်လွှကိုင် ခေါင်းဆောင်ဘဝ ရောက်လာသူဖြစ်သည်။

သစ်လုံးမြင်ရုံနှင့် အမျိုးအစားခွဲခြားနိုင်ပြီး သစ်ချောတန်မည်မျှထွက်မည်၊ အကြမ်းမည်မျှထွက်မည်ကိုပါ မှန်ကန်အောင် ခန့်မှန်းပေးနိုင်သူ ဖြစ်သည်။

သစ်လုံး၏ အပြင်အနေအထားကို ကြည့်ရုံဖြင့် အတွင်းမှာ ဘယ်လိုအပြစ်အနာမျိုး ရှိနေသည်ကိုပါ သိသူဖြစ်သည်။

ဇမ္ဗူကျော် သစ်စက်ထူထောင်သောအခါ ကုလားသူဌေး ချန္ဒရာက ဂျမားကိုခေါ်ပြီး ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့လေသည်။

ဂျမားသည် အလုပ်ကျွမ်းကျင်ရုံသာမကပဲ အလုပ်ရှင်အပေါ်မှာပါ သစ္စာရှိသူဖြစ်သည်။





ယခင်က ဇမ္ဗူကျော်ဆန်စက်ကို တာဝန်ယူလုပ်ကိုင်ခဲ့သူမှာ ထွန်းအောင်ဇေ မဟုတ်ပေ။

သူ့အရင်တစ်ယောက် ရှိသေးသည်။

ယခင်က ဆန်စက်လုပ်ငန်းများနှင့် ပတ်သတ်ပြီး မရိုးမသားလုပ်ခြင်း၊ ဂိုဒေါင်မှ စပါးများခိုးရောင်းခြင်းများ ပြုလုပ်ရာ ဂျမားကသိသဖြင့် သူဌေးကိုပြောပြရာ ထိုလူမှာ အလုပ်ပြုတ်သွားတော့သည်။ ထိုသူမရှိတော့မှ ထွန်းအောင်ဇေ ရောက်လာခြင်းဖြစ်သည်။

ယခုတော့ ဇမ္ဗူကျော်သစ်စက်မှာ ဂျမားမရှိတော့ပေ။ သစ်စက်ဝင်းအတွင်းမှာ သူ့အတွက် ပေးထားသော နေအိမ်မှာ အိပ်ပျော်နေရင်းနှင့် သေဆုံးသွားလေသည်။

ဘယ်လိုကြောင့် သေဆုံးသွားခြင်းဖြစ်သည်ကိုလည်း အလုပ်သမားများက မသိလိုက်ကြပေ။

ချန္ဒရာမှာ ဂျမားမရှိတော့သဖြင့် အားကိုးရသော လက်ရုံးတစ်ဖက် ပြုတ်သွားသကဲ့သို့ ဖြစ်လေသည်။

နောက်ထပ် ဂျမားကဲ့သို့ အားကိုးရသူ ရှာမတွေ့တော့သဖြင့် သစ်စက်လုပ်ငန်းမှာ သိသိသာသာ ကျသွားလေသည်။

နောက်ဆုံးတွင် အကျိုးအမြတ်မရှိတော့သော အခြေအနေမျိုး ရောက်လာသဖြင့် သစ်စက်ကို ခေတ္တပိတ်ထားရသော အချိန်လည်းဖြစ်သည်။

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် သူဌေးချန္ဒရာက နီမောင်တို့လေးယောက်ကိုခေါ်ကာ သူပိုင်သော ပွဲရုံ၊ စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆိပ်ကြီးခနောင်တို့ ချောင်းဘက်သို့ လာလေသည်။

သူ့နောက်မှာ စက်လှေမောင်းသူ အပါအဝင် တပည့် နှစ်ယောက်လည်း ခေါ်လာသေးသည်။

ခနောင်တို ချောင်းအတွင်းသို့ ရောက်သောအခါ ဆန်စက်ရှိရာသို့ မောင်းသွားပြီး ဆန်စက်တံတား ထိပ်မှာပင် ဆိုက်ကပ်ကြလေသည်။

သူဌေးရောက်လာသောကြောင့် ကိုယ်စားလှယ်အဖြစ် တာဝန်ယူလုပ်ကိုင်နေသော ထွန်းအောင်ဖေကိုယ်တိုင် ပျာပျာသလဲ တံတားသို့ ဆင်းလာပြီး ကြိုလေသည်။

သူက သူဌေးခေါ်လာသော နီမောင်တို့လေးယောက်ကို လည်း အကဲခတ်သလို ကြည့်လိုက်သေးသည်။

ဆန်စက်ထဲမှာရှိသော ရုံးခန်းသို့ ရောက်သောအခါ ချန္ဒရာက ပြောပြသည်။

"သူတို့က ငါခေါ်လာတဲ့ အလုပ်သမားတွေပဲ ငါရဲ့စိတ်ချယုံကြည်ရတဲ့ လူတွေဆိုရင်လည်း မှန်တယ် သူတို့ကို သစ်စက်မှာတာဝန်ပေးပြီး လုပ်ခိုင်းမယ် လိုအပ်ရင်လည်း ဆန်စက်အလုပ်တွေမှာလည်း ကူညီပေးလိမ့်မယ်"

"ဟုတ်ကဲ့"

"သူတို့လိုအပ်တာတွေကို မင်းနဲ့ ဒီမှာရှိတဲ့ အလုပ်သမားတွေက အကူအညီ ပေးကြရလိမ့်မယ်"

"စိတ်ချပါသူဌေး၊ လိုအပ်တာတွေ ဝိုင်းလုပ်ပေးပါ့မယ်"

"အရင်က သစ်စက်မှာ လုပ်ခဲ့တဲ့လူတွေ ရှိသေးတယ်





မဟုတ်လား"

"ရှိတဲ့လူတွေလည်း ရှိသေးတယ် အချို့ကလည်း ဒီမှာအလုပ်မကောင်းတော့လို့ တခြားစက်တွေကို ပြောင်းသွားတာတွေ လည်း ရှိပါတယ်"

"ကျန်တဲ့လူတွေကို ဒီခေါ်လာပေးပါ"

ဟုစေခိုင်းရာ နောက်ထပ် နာရီဝက်ခန့်ကြာသောအခါ ရုံးခန်းအတွင်းသို့ အလုပ်သမား(၁၀)ယောက်ခန့် ရောက်လာကြသည်။ အတော်များများက ကုလားအလုပ်သမားများ ဖြစ်ကြပြီး ဗမာအလုပ်သမားအချို့လည်း ပါလာသည်။

ဝင်လာသော အလုပ်သမားများမှာ အပေါ်အင်္ကျီပင် မပါပဲ နံငယ်ပိုင်းများနှင့် ဖြစ်သည်။

သူတို့သည် အခန်းထဲရောက်သောအခါ ကြမ်းပြင်ပေါ်မှာပင် ဆောင့်ကြောင့်ထိုင်ကြသည်။

သူတို့ရောက်လာသောအခါ သူဌေးက သစ်စက်ပြန်လည်တော့မည့် အကြောင်းနှင့် နီမောင်တို့က ဦးဆောင်ပြီးလုပ်ကိုင်တော့မည်ဖြစ်ကြောင်းပြောပြရာ အလုပ်မရှိပဲ အတန်ကြာနေပြီဖြစ်သော သစ်စက်အလုပ်သမားတို့မှာ ဝမ်းသာသွားကြလေသည်။

"ဒီကနေ့ကစပြီး ဇမ္ဗူကျော်သစ်စက်ကို သူကတာဝန်ယူပြီး လုပ်ကိုင်လိမ့်မယ်၊ သူကငါ့ရဲ့ကိုယ်စား စီမံအုပ်ချုပ်လိမ့်မယ်၊ မင်းတို့သူပြောတဲ့စကားကို ကောင်းကောင်းနားထောင်ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ သူဌေးမင်း"

ထိုသို့ပြောဆိုမှာကြားပြီးနောက် ချန္ဒရာကိုယ်တိုင် သစ်စက်ရှိသောနေရာသို့သွားရာ နောက်မှ ထွန်းအောင်ဖေနှင့် အလုပ်သမားများ လိုက်သွားကြလေသည်။

နီမောင်တို့သုံးယောက်လည်း တစ်ပါတည်းလိုက်သွားကြလေသည်။ ဇမ္ဗူကျော်သစ်စက်ဝင်းမှာ အတော်ကျယ်ဝန်းပြီး ဆန် စက်နှင့် တစ်ဆက်တည်း ဖြစ်သည်။

ထိုနေရာသည် သောင်ပြန့်ရှိသောနေရာဖြစ်သောကြောင့် ကမ်းစပ်တွင် သစ်လုံးများ ဖုံးထားသည်။

အနောက်ဘက်မှာတော့ ပင်မသစ်ခွဲစက်ရုံကြီးရှိသည် ကမ်းစပ်နှင့် မနီးမဝေးတွင် သစ်စက်တာဝန်ခံနေသော အဆောက်အအုံ လုံးချင်းအိမ်တစ်လုံးနှင့် သစ်စက်အနောက်ဘက်မှာတော့ အလုပ်သမားများနေရန် တန်းလျားများ ဆောက်ပေးထားသည်။

ချန္ဒရာက သစ်စက်ဝန်း အခြေအနေတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုပြီးနောက် နီမောင်တို့ကို လွှဲအပ်ပေးခဲ့ပြီးနောက် ပြန်သွားလေတော့သည်။





# အခန်း(၄)

# အမှောင်ထဲမှ စိညာဉ်ပုံရိပ်များ

နီမောင်တို့လေးယောက်စလုံး ကမ်းနားဘက်မှာရှိသော လုံးချင်းအိမ်မှာပင် စုနေကြသည်။

သစ်စက် ပြန်လည်တော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာ အလုပ်သမားတို့လည်း စက်ဝန်းအတွင်း ပြန်လည်ရောက်နေကြပြီး ပြင်ဆင်စရာများ ပြင်ဆင်နေကြလေပြီ။

ကာလအတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေသော သစ်စက်ဝင်းတစ်ခုလုံး ဆူဆူညံညံအသံတို့ဖြင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

အသက်ဝင်လာချေပြီ. . .။

နီမောင်မှာ မမျှော်လင့်ပဲ ထိုအလုပ်ကို လက်ခံပြီးလုပ်ရသော်လည်း သစ်စက်လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သူတစ်ဦးတော့ မဟုတ်ပါချေ။

"အင်း. . . စိုင်ကော်လို့ ချုပေါ်တော့ရောက်ခဲ့ရပြီ၊ လုပ်ပါ ပြောလို့သာ လုပ်ရပေမယ့် သစ်စက်လုပ်ငန်းလည်း ဘာမှ သိပ်မသိသေးဘူး"

"ဘာမှ စိတ်မပူပါနဲ့ကွာ၊ ကြာရင် အလုပ်ကသင်ပေးတာနဲ့ မင်းတတ်လာမှာပါ၊ ဘယ်အလုပ်မဆို ပညာရှင်ဘဝကို ရောက်နေတဲ့သူတွေလည်း အစပိုင်းတော့ ဘာမှမသိတဲ့ ဘဝက စခဲ့ကြတာချည်းပါပဲ. . နောက်ပိုင်းရောက်မှ ကြိုးစားအားထုတ်မှုကြောင့် ပညာရှင်ဘဝ ရောက်ကြတာပါပဲ၊ အဓိကအရေးကြီးတာက ကိုယ်လုပ်ရမယ့် အလုပ်အပေါ်မှာ စိတ်ဝင်စားပြီး လုပ်ချင်တဲ့စိတ် ရှိဖို့ပဲလိုတာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကြိုးစားပြီးဖြစ်အောင်လုပ်မှာပါပဲ"

"မင်းက ကြိုးကြပ်ပေးရုံပါပဲ တတ်ကျွမ်းတဲ့ အလုပ်သမားတွေက သူ့တာဝန်နဲ့သူ လုပ်ကြပါလိမ့်မယ်. . ."

"လူတော်တော်များများက အပြောင်းအလဲကို နှစ်သက်ကြတယ်၊ ကောင်းတဲ့အပြောင်းအလဲနဲ့ မကောင်းတဲ့ အပြောင်းအလဲတော့ ကွာတာပေ့ါ၊ လူမိုက်ဘဝကနေ လူကောင်းဘဝ ပြောင်းလဲသူနဲ့ လူကောင်းဘဝကနေ လူမိုက်ဘဝပြောင်းလဲတဲ့





သူချင်းတူပေမယ့် ရလာဒ်ချင်းကတော့ ကွာမှာပေ့ါ၊ လူတော်တော်များများက အပြောင်းအလဲကို စိတ်ဝင်စားကြပေမယ့် တကယ်ပြောင်းလို့ အတွေ့အကြုံသစ်တွေနဲ့ တွေ့ရမှာကိုတော့ ကြောက်ရွံ့ကြတယ်"

"မှန်ပါတယ် . . ."

"ကြောက်ရွံ့တယ်ဆိုတာ ကောင်းတာရှိသလို မကောင်းတာလည်းရှိတယ်"

"ဘာတွေလည်းအဘ"

မကောင်းမှုကိုလုပ်ဖို့ ကြောက်ရွံ့တာဟာ ကောင်းပြီး၊ ကောင်းမှုကိုလုပ်ဖို့ ကြောက်ရွံ့နေတာကတော့ မကောင်းဘူးပေ့ါကွာ၊ မကောင်းတာကို မကြောက်ရွံ့ပဲ မိုက်မိုက်မဲမဲလုပ်တာကြောင့် ဒုက္ခတွေကြရပြီး ကောင်းတာလုပ်ဖို့ ကြောက်ရွံ့ပြီး ချီတုံချတုံ ဖြစ်နေတာကြောင့် အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးရတာတွေရှိတယ်"

"ဟုတ်ပါတယ်. . ."

"အသိပညာမဲ့တဲ့ သူတွေက မိုက်မဲခြင်းကို သတ္တိရှိတယ်လို့ ထင်မြင်ယူဆကြတယ် အသိပညာရှိသူတွေကတော့ တွေဝေခြင်းကို မိုက်မဲခြင်းလို့ ယူဆတတ်ကြတယ်"

ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း စိတ်ပါလက်ပါ ပြောပြနေရာ နီမောင်ကလည်း စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"ကောင်းတဲ့အလုပ်တွေကို စတင်လုပ်တဲ့အခါ အ



www.burmeseclassic.com

www.burmeseclassic.com


နှောင့်အယှက်နဲ့ အခက်အခဲတွေကတော့ အများကြီးတွေ့ရမှာပဲ၊ အဲဒီလို တွေ့တာနဲ့ စိတ်ဓာတ်ပျော့ညံ့သူတွေက နောက်တစ်မျိုးပြောင်းတယ်၊ ဒီလိုပြောင်းတဲ့အခါမှာလည်း နောက်အလုပ်မှာလည်း အခက်အခဲ အနှောင့်အယှက်တွေနဲ့ ထပ်တွေ့ရပြန်တယ် ဒီတော့ နောက်တစ်မျိုး ပြောင်းပြန်ရောကွာ ပြီးပါဦးမလား"

"ဘယ်ပြီးပါမလဲ အဘရယ်"

"စိတ်ဓာတ်ခိုင်မာတဲ့သူကတော့ တစ်ခုခုလုပ်ဖို့ သံဒိဋ္ဌာန်ချထားပြီးရင် ဘယ်လို အခက်အခဲ အနှောင့်အယှက်ပဲတွေ့တွေ့ ဆက်လုပ်သွားတယ်၊ ဟိုတစ်ယောက်က အလုပ်တစ်ခုပြီး တစ်ခုပြောင်းနေပြီး အသားမကျသေးခင်မှာ အလုပ်တစ်ခု တည်းကို ဇွဲရှိရှိနဲ့ ဆက်လုပ်တဲ့သူကတော့ တစ်နေရာမှာ အောင် မြင်မှုရသွားတယ်"

ထိုစကားသည် ယခုမှ အလုပ်တစ်ခုကို စတင်လုပ်မည့် နီမောင်တို့လို လူရွယ်များအတွက် စိတ်ကိုအားဆေးဖြစ်စေသော စကားအချို့ပင်ဖြစ်သည်။

"ဒီလိုလုပ်တဲ့ နေရာမှာ စိတ်ထားတတ်ဖို့တော့လိုတယ် ကောင်လေးရ. . ."

"ဘယ်လို စိတ်မျိုးထားရမှာလဲ. . ."

"ရည်ရွယ်ချက် ကြီးကြီးထားရပေမယ့် လောလောဆယ် ရလာမယ့် အကျိုးအမြတ်ပေါ်မှာတော့ တင်းတိမ်ရောင့်ရဲပြီး ကျေနပ်တဲ့ စိတ်မျိုးထားတတ်ရတယ်၊ ကိုယ်ကတစ်ရာလောက်မှန်းပြီး လုပ်ပေမယ့် တစ်မတ်၊ ငါးမူးရရင်လည်း ကျေနပ်ပေးရတယ်၊ ပထမဆုံးရတဲ့ ငွေတစ်မတ်ဟာ ငွေတစ်ကျပ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သလို တစ်ရာရဖို့ ပထမဆုံးဝင်တဲ့ ငွေအဖြစ်လည်း တန်ဖိုးထားတတ်ရတယ်. . ."

"အဲဒီလိုသာ စိတ်ထားကောင်းကောင်း၊ ရည်ရွယ်ချက်ကောင်းကောင်း၊ ဇွဲကောင်းကောင်းနဲ့လုပ်ရင် ချမ်းသာဖို့ မခဲယဉ်းဘူး၊ ကုန်ကုန်ပြောရရင် တောင်းစားရင်တောင် ထမင်းမငတ်ဘူး"

ထိုစကားကြောင့် နီမောင်တို့ သုံးယောက်က သဘောကျစွာ ရယ်လိုက်ကြသည်။

သို့သော်လည်း စိတ်ထဲမှာ အားရှိသွားကြလေသည်။

လေးယောက်သား မိမိတို့နေမည့် အိမ်အခြေအနေကို ကြည့်တော့ အသုံးအဆောင်၊ ပရိဘောဂပစ္စည်းအချို့ ရှိနေသည်။ အိပ်ရာ၊ စောင်၊ ခြင်ထောင်၊ အိုးခွက်၊ ပန်းကန်တို့ အပြင် မီးအိမ်၊ အောက်လင်းဓာတ်မီး၊ ရေဒီယို၊ အပ်ဖြင့်ဖွင့်ရသော ဓာတ်စက်တစ်လုံးပါ တွေ့ရသည်။

သစ်စက်ပိုင်ရှင် သူဌေးက သစ်စက်တာဝန်ခံကို တောသူဌေးတစ်ယောက်လို လိုလေသေးမရှိအောင် စီမံပေးထားဟန်တူသည်။ အတွင်းခန်းတွင် ခေါင်းရင်းဘက်မှာ သေတ္တာတစ်လုံးကို သော့ခလောက်ဖြင့် ခတ်ထားသည်။

ထိုအတွင်းခန်းမှာ သစ်သားခုတင်နှင့် အိပ်ရာရှိပြီး အိမ်ခန်းဘေးမှာ စာရေးရန် စားပွဲနှင့် ကုလားထိုင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲရှေ့တွင် ပြတင်းပေါက်ရှိပြီး ထိုနေရာမှကြည့်လျှင် သစ်လုံးများပုံထားသော ကမ်းဆိပ်နှင့် ဇမ္ဗူကျော်ဆန်စက် တံတားဘက်ကိုပါ လှမ်းမြင်ရသည်။

အရှေ့ဘက်မှ တံခါးတစ်ချပ် ဖွင့်ထားလျှင် သစ်စက်ထဲမှ အခြေအနေများကို လှမ်းမြင်နိုင်သည်။

ထိုအခန်းသည် ယခင်တာဝန်ခံ ဂျမားဆိုသူ နေသွားသော အခန်းဖြစ်ကြောင်း နောက်မှသိရလေသည်။

နီမောင်က အခန်းအခြေအနေကို ကြည့်ပြီးနောက် ကျန်သုံးယောက်ကိုပါခေါ်ပြီး သစ်စက်အတွင်းသို့ သွားလေသည်။ သစ်စက်ဝန်းမှာ အတော်ကျယ်ဝန်းသည်။

ဘေးပတ်လည်မှာ သစ်သားကြမ်း (ကဗာခြမ်း) များဖြင့် ခြံစည်းရိုးခတ်ထားသည်။

ကမ်းစပ်ဘက်မှာတော့ သစ်လုံးများ ပုံတင်ထားသည်။

ကျွန်း၊ ပျဉ်းကတိုးအပါအဝင် တန်းဖိုးရှိသော သစ်လုံး အတော်များများ ရှိသည်။

သစ်စက်မှာလည်း အတော်ကျယ်ဝန်းသည်။ ဒုထည် ကြီးသော သစ်ခွဲသားတိုင်များထူပြီး အပေါ်ထပ်မှ သွပ်ပြားချပ် များမိုးကာ အကျအန ဆောက်လုပ်ထားသည်။

သစ်လုံးကြီးများတင်သော သစ်လမ်း၊ ခွဲသောလွှကြီးစင် အသေးစိတ်ခွဲသော လွှအသေးစင်များလည်း သူ့နေရာနှင့်သူရှိ သည်။

အားလုံးမှာ စနစ်တကျနှင့် ကျကျနန တည်ဆောက်





ထားခြင်းဖြစ်သည်။

လွှစက်များကို မောင်းပေးသောစက်က နောက်ဘက် တပ်လျက်သား နေရာ၌ ရှိသည်။

နီမောင်မှာ မြစ်ဝကျွန်းပေါ်အရပ်မှာ နေခဲ့စဉ်က သစ် စက်အလုပ်များကို မလုပ်ဖူးသေးသော်လည်း သစ်ခွဲစက်များ အတွင်းသို့ မကြာခဏ ရောက်ဖူးသည်။

သစ်စက်တွင် ဈေးချိုချိုဖြင့်ရသော သစ်တိုသစ်စများကို ထင်းဆိုက်ရန်အတွက် သွားရောက်ဝယ်ယူခြင်းဖြစ်သည်။

ထို့ကြောင့် ထိုလုပ်ငန်းများကို တွေ့ဖူးမြင်ဖူးနေပြီး သ ဘောသဘာဝကို နားလည်နေသည်။

သူသည် သစ်စက်ထဲရောက်သောအခါ အလုပ်လုပ်နေ သော အလုပ်သမားများကို အားလုံးခေါ်သည်။

စုစုပေါင်း (၁၀)ယောက်ခန့်သာ ရှိသေးသည်။

ထိုအထဲတွင် စက်စရာ ရွှေမောင်၊ လွှဆရာဦးဖိုးတူး၊ သစ်စာရေးစိန်မြိုင်၊ အလုပ်သမားခေါင်းဆောင် ရာဂျူးတို့လည်း ပါသည်။

၎င်းနာမည်များကို မေးမြန်းပြီး ၎င်းတို့ တာဝန်ယူမည့် အလုပ်များကို ပြောပြရာမှ နာမည်နှင့် အလုပ်များကို သိရလေ သည်။

ကျန်သောသူများမှာ အလုပ်ကြမ်းသမားများဖြစ်ကြ သည်။ ထိုအထဲတွင် လွှဆရာ ဦးဖိုးတူးတစ်ယောက်မှ လွဲပြီး ကျန်အလုပ်သမားများမှာ ကုလားလူမျိုးနှင့် ကုလားကပြားများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြလေသည်။ ဦးဖိုးတူးကတော့ မြန်မာလူမျိုးဖြစ်သည်။

နီမောင်က အလုပ်သမားများကို ခေါ်ပြီး မှာစရာရှိတာမှာပြီး ပြောစရာရှိသည်များ ပြောနေစဉ် ဦးဗန်ကောင်းက တစ်ယောက်ချင်း မျက်နှာများကိုကြည့်ပြီး အကဲခတ်နေသည်။

ထိုနေ့ကတော့ လွှများစက်များ ပြင်ဆင်နေသောကြောင့် လုပ်ငန်းမစနိုင်သေးပေ။

ညနေပိုင်းရောက်တော့ သစ်စာရေး စိန်မြိုင်ကို ခေါ်ပြီး ငှင်းထံမှ သစ်စာရင်းများကို တောင်းကြည့်သည်။

စိန်မြိုင်မှာ အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး ကုလားကပြားတစ်ယောက်ဖြစ်သည်။

မျက်တွင်းနက်နက်ဖြင့် ကောက်ကျစ်သည့် ရုပ်မျိုးဖြစ်သည်။

“ခင်ဗျားဆီက သစ်စာရင်းတွေ ဒီမှာထားခဲ့ပါ၊ ဒီညစာရင်းတွေကြည့်ပြီး မနက်ဖြန်သစ်လုံးတွေနဲ့ သစ်စက်ထဲမှာ ခွဲပြီးသားသစ်တွေကို စစ်ကြည့်မယ်”

ဟုပြောရာ စိန်မြိုင်မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။ သို့သော် ထွေထွေထူးထူး ဘာမှပြန်မပြောပဲ စာရင်းစာအုပ်များကို ထားခဲ့ပြီး ပြန်ထွက်သွားလေသည်။

သူပြန်သွားတော့ နီမောင်က မေးသည်။

“အခြေနေဘယ်လိုလဲ အဘ. . . .”

“ငါတို့ရောက်လာတာကို သဘောကျတဲ့သူလည်းရှိတယ်၊ သဘောမကျတဲ့လူတွေလည်းရှိတယ်၊ မကျေနပ်တဲ့အထဲမှာ စောစောကပြန်သွားတဲ့ သစ်စာရေးလည်းပါတယ်”

“သတိတော့ ထားရမှာပေ့ါ၊ အဘပြောသလိုပေ့ါ အလုပ်တစ်ခုစလုပ်ရင် အဆင်ပြေတာက နောက်မှဖြည်းဖြည်းချင်းရပေမယ့် အဆင်မပြေတာတွေကတော့ သူ့ထက်ငါ အလုအယက်ရောက်လာတတ်တာပဲ၊ ဒါတွေကို အရင်ရှင်းပစ်ရမှာပေ့ါ”

ထိုစကားကြောင့် ဦးဗန်ကောင်းက သဘောကျစွာ တစ်ချက် ပြုံးလိုက်လေသည်။

“မင်းတော်တော် သဘောပေါက်နေပြီပဲ ဒီလိုပေ့ါ၊ အတွေ့အကြုံက တဖြည်းဖြည်းနဲ့ သင်ပေးပါလိမ့်မယ်၊ ငါတို့ကို သဘောမကျတဲ့သူတွေရှိသလို သဘောကျတဲ့ သူတွေလည်းရှိပါတယ်၊ ဦးဖိုးထူးလို လူမျိုးပေ့ါ မင်းသူ့ကို ဒီညခေါ်ပြီး အခြေအနေမေးကြည့်သင့်တယ်”

ဟုပြောသဖြင့် စောထီးလွှတ်ပြီး ဦးဖိုးထူးကို ခေါ်ခိုင်းလိုက်သည်။

ဦးဖိုးထူးမှာ သစ်စက်ဝန်းအတွင်းမှာရှိသော တန်းလျားမှာပင် နေထိုင်သူဖြစ်သောကြောင့် ခဏကြာတော့ စောထီးနှင့်အတူ ပါလာလေသည်။

သူသည် အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့် ခါးကိုင်းနေသူဖြစ်သည်။

အိမ်ထဲရောက်တော့ ကုလားထိုင်မှာ မထိုင်ပဲ ကြမ်းပြင်ပေါ်မှာပင် ထိုင်သဖြင့် ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းရသည်။ ထိုအခါမှ မဝံ့မရဲ အမူအရာဖြင့် တက်ထိုင်သည်။







www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်ကို ဆရာလေးခေါ်တယ်ဆိုလို့ လာတာပါ”

“ကျွန်တော်ကို ဆရာလေးလို့ မခေါ်ပါနဲ့ ကျွန်တော်နာမည် နီမောင်လို့ခေါ်တယ်၊ မောင်နီမောင်ဆိုရင် ရပါပြီ”

“ဟုတ်. . ဟုတ်ကဲ့”

ဦးဖိုးထူးမှာ ကွမ်းကြိုက်တတ်သူတစ်ဦးဖြစ်ကြောင်း ဇင်ပါးစပ်ကိုကြည့်ရုံဖြင့် သိနိုင်ပေရာ ဦးဗန်ကောင်းက ကွမ်းယာတစ်ယာပေးတော့ ကျေးဇူးတင်သော အမူအရာဖြင့် လှမ်းယူပြီး ပါးစပ်တွင်းထည့်ကာ ငုံထားလေသည်။

“ဒီသစ်စက်မှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ”

“ကျုပ်က တွံတေးဘက်ကပါ၊ သူဌေးသစ်စက်တည်ကတည်းက ဒီမှာလာလုပ်နေတာပါ”

“အရင်က ဒီမှာလုပ်တဲ့သူ ဘယ်သူလဲ”

“ဂျမားဆိုတဲ့လူပါ၊ သူကသူဌေးရဲ့ လူယုံတစ်ယောက်ပဲ သူဌေးအပေါ်မှာလည်း အတော်ကလေး သစ္စာရှိတယ်၊ သေသွားတာ မကြာသေးပါဘူး”

“ဘယ်လိုဖြစ်ပြီး သေတာလဲ”

“ကျုပ်လည်း သိပ်မသိပါဘူး အကောင်းသားကနေ အိပ်ရာထဲမှာ သေနေတာပါပဲ”

နီမောင် အကဲခတ်ကြည့်သောအခါ ဦးဖိုးထူးအနေနှင့် ပြောစရာစကားအချို့ ကျန်နေသေးကြောင်း ရိပ်မိသော်လည်း ထိုအကြောင်းကို မမေးတော့ပေ။





“ဒါထက် ဒီသစ်စက်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အကျွမ်းကျင်ဆုံးက ဘယ်သူရှိလဲ”

“ကျုပ်လည်း သင့်သလောက်တော့ ကျွမ်းကျင်ပါတယ်၊ ဒါပေမယ့် သစ်တန်တွက်တဲ့ နေရာမှာရော၊ သစ်လုံးတွေကြည့်ပြီး ထွက်မယ့်တန်ကိုပါ ခန့်မှန်းပေးနိုင်တဲ့ လူတစ်ယောက်တော့ ရှိပါတယ်”

“ဘယ်သူလဲ”

“သူ့နာမည်က ကျော်အောင်လို့ ခေါ်ပါတယ်၊ ဒါပေမယ့် အခုသူက ဒီမှာမရှိတော့ဘူး”

“ဘယ်ရောက်သွားပြီလဲ”

“ဂျမားရှိတုန်းကတော့ ဂျမားရဲ့လက်ထောက်အဖြစ် လုပ်ခဲ့ပေမယ့် ဂျမားသေသွားတော့ သူ့ကိုပါ အလုပ်ထုတ်ပစ်လိုက်ကြတယ်”

“ဘယ်သူက ထုတ်တာလဲ သူဌေးကထုတ်ပစ်တာလား”

“မဟုတ်ပါဘူး၊ သူဌေးကဒီအကြောင်းတွေကို သိတောင်မသိခဲ့ပါဘူး၊ ဒီမှာရှိတဲ့ လူတွေက ထုတ်လိုက်ကြတာပါ”

ထိုသို့ပြောရာမှာ ဦးဖိုးထူးက သူပြောနေသောစကားများကို အခြားတစ်စုံတစ်ယောက် ကြားသွားမည်ကို စိုးရိမ်နေသကဲ့သို့ လေသံတိုးတိုးဖြင့် ပြောဆိုနေခြင်းဖြစ်သည်။

“သူက ဘယ်မှာနေတာလဲ”

“ဆိပ်ကြီးဘက်မှာနေပါတယ်”

“ခင်ဗျား သူ့ကို သွားခေါ်ပေးနိုင်မလား”



www.burmeseclassic.com

www.burmeseclassic.com



"မောင်နီမောင်က ခေါ်ခိုင်းရင် သွားခေါ်ပေးပါ့မယ်"

"ကောင်းပြီ မနက်လင်းတော့ အဲဒီကိုကျော်မောင်ကို ကျွန်တော်ဆီကို ခေါ်လာခဲ့ပေးပါ"

"ကောင်းပါပြီ သူလည်းအပြစ်မရှိပဲ အလုပ်ထုတ်ခံ တော့ အတော်ကလေး စိတ်ထိခိုက်နေရှာတာ၊ ဒီလိုသာ ပြန်ခေါ် ရင်တော့ အတော်ကလေး ဝမ်းသာရှာမယ်"

"ဒါအပြင် ခင်ဗျားက ဒီသစ်စက်မှာ အနေကြာပြီ တော့ ဒီသစ်စက်နဲ့ ပတ်သက်ပြီး ထူးခြားမှုတွေရှိရင် ကျွန်တော် ကို ပြောပြပေးပါ. . ."

ထိုသို့မေးလိုက်သောအခါ ပါးစပ်ထဲမှာ ထည့်ငုံထား သော ကွမ်းယာကို တစ်ချက်နှစ်ချက်ဝါးလိုက်ပြီး တစ်စုံတစ် ကို ပြောသင့်မပြောသင့် စဉ်းစားနေဟန်ရှိသည်။

"ပြောစရာရှိရင် ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းသာ ပြောပါဦးဖိုးတူး"

ထိုအခါမှ ဖွင့်ပြောသည်။

"ဒီအိမ်တ သရဲခြောက်တယ်. . ."

"ဘယ်လိုခြောက်တာလဲ၊ ဘယ်လောက်ကြာပြီလဲ"

"ဂျမားသေသွားပြီးတဲ့ နောက်နေ့မှ ခြောက်တာ သူ့ သရဲဖြစ်ပြီး ခြောက်နေတာဖြစ်မှာပေါ့၊ ဒါကြောင့်ဘယ်သူ မနေဝံ့ကြဘူး"

ဦးဖိုးတူးပြောသမျှ အကြောင်းအရာများထဲမှာ ထို ကြောင်းကတော့ စိတ်ဝင်စားစရာ ဖြစ်သည်။





"ဒါကတော့ ကိစ္စမရှိပါဘူး ကျွန်တော်တို့လည်း ဒီမှာ လေးငါးယောက်တောင် နေမှာဆိုတော့ ကြောက်စရာမရှိပါဘူး၊ တကယ်လို့ သရဲလာခြောက်တော့လည်း အတွေ့အကြုံရတာ ပေါ့ဗျာ၊ ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ခင်ဗျားသာ မနက်လင်း တာနဲ့ ကိုကျော်မောင်ကို ရှာပြီး ခေါ်လာခဲ့ပါ"

"ကောင်းပါပြီ. . ."

ဟုပြောပြီး ဦးဖိုးတူးလည်း ပြန်သွားလေတော့သည်။

အချိန်က ညဉ့်ဦးပိုင်း ကျော်လာခဲ့ချေပြီ. . .။

နီမောင်တို့လည်း ထိုအကြောင်းကို ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မိမိတို့နေရာများကို သတ်မှတ်ရွေးချယ် ကြသည်။

နီမောင်က ဂျမားနေသွားသော အခန်းမှာပင် နေရာယူ လေသည်။

အဘယ်ကြောင့်ဆိုသော်. . . .

ထိုအခန်းမှ ကြည့်ပါက သစ်စက်ထဲမှ အခြေအနေကို မြင်နိုင်ရုံမက ကမ်းစပ်မှာ တင်ထားသည့် သစ်လုံးများအခြေ အနေကို လှမ်းမြင်ရသောကြောင့်ဖြစ်သည်။

ဦးဗန်ကောင်းက ခေါင်းရင်းခန်းမှာ နေရာယူသည်။ ခေါင်းရင်းဘက်တွင် စင်တစ်စင်ရှိသော်လည်း ဘုရားစင်တော့ မဟုတ်ပေ။

စောထီးနှင့် ငမဲအောင်တို့ယောက်ကတော့ ခြေရင်း ဘက်အခန်းတစ်ခန်းမှာ နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်တော့ နီမောင်က မီးအိမ်ကို ကြည့်တော့ မီးစာလည်းရှိ၊ အိုးထဲမှာ ရေနံဆီလည်း ရှိသောကြောင့် မီးထွန်းလိုက်သည်။

မီးအိမ်ကို အိပ်ရာနံဘေးမှ စားပွဲပေါ်မှာပင် တင်ထားလိုက်သည်။ မီးရောင်ရသဖြင့် အခန်းထဲမှ အခြေအနေကို မြင်ရသည်။ တစ်ခန်းလုံး ဖုန်များတက်နေသောကြောင့် အဝတ်ဟောင်းတစ်ထည်ဖြင့် သုတ်သင်ရှင်းလင်းပစ်ရသည်။

ထိုအခန်းထဲမှာလည်း ဘုရားစင်မရှိပေ။

နောက်တစ်နေ့မှ ဘုရားစင်ပြုလုပ်ရမည်ဟု စိတ်ကူးပေါ်မိသည်။ အချိန်ညဉ့်နက်ပိုင်း အချိန်ရောက်လာပြီမို့ မီးအိမ်မှမီးစာကို လျှော့ချလိုက်သည်။

လုံးလုံးငြိမ်းသက်လိုက်ခြင်းမျိုးမဟုတ်ပဲ အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် မှိန်မှိန်လေး ချန်ထားသည်။

အိပ်ရာပေါ်ရောက်တော့ ကုလားများသုံးစွဲလေ့ရှိသော မွှေးရနံ့တစ်မျိုးရသည်။

ဒါကလည်း ကုလားတစ်ယောက်နေသွားသော အခန်းမှာ ထိုကဲ့သို့သော အနံ့မျိုးရသည်မှာ အဆန်းတော့ မဟုတ်ပါချေ။ အိပ်ရာပေါ်ရောက်တော့ တော်တော်နှင့် အိပ်မပျော်ပေ။ ပြောင်းလဲမှုမြန်လှသော မိမိဘဝ၏ အချိုးအကွေ့များကို ပြန်စဉ်းစားကြည့်နေမိသည်။

ရှေ့မှာမည်သို့သော ပြောင်းလဲမှုများနှင့် ကြုံတွေ့ရဦးမည်မသိပေ။





အချိန်က တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ရောက်လာလေပြီ. . .။

သက်စက်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ခနောင်တိုချောင်းဘက်မှာလည်း အသွားအလာရှင်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုအချိန်တွင် သစ်စက်ဝန်းထဲမှ ခွေးတစ်ကောင်အူသံပေါ်ထွက်လာသည်။

ထိုခွေးအူသံကြားတော့ အခြားနေရာမှာရှိသော ခွေးများကပါ လိုက်အူကြသဖြင့် ခွေးအူသံများ ဆူညံသွားတော့သည်။

တိတ်ဆိတ်ငြိမ်သက်နေသော အချိန်တွင် ခွေးအူသံများကြားရသည်မှာ ချောက်ချားဖွယ်ရာ ဖြစ်စေသည်။

ထိုအခိုက်မှာပင် နီမောင်ရှိသော အခန်းတံခါးမှာ သူ့အလိုအလျောက် ပိတ်သွားလေသည်။

"ကျိ. . ."

နီမောင်က နေရာမှထသွားပြီး ပိတ်သွားသောတံခါးနှစ်ချပ်ကို ပြန်ဖွင့်ကြည့်သည်။

မရပေ. . . .

အထဲမှ တံခါးချက်တစ်ခုခု ကျနေသဖြင့် ဖွင့်မရလေသလားဟု တွေးပြီး ကြည့်တော့လည်း မဟုတ်ပေ။

"ဖွင့်မရတော့လည်း နေပေါ့ကွာ. . . ."

ဟုတွေးပြီး ခုတင်ရှိရာသို့ ပြန်လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျိ. . ."

နောက်ဘက်မှ တံခါးပတ္တာ မြည်သံကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ တံခါးနှစ်ချပ်က သူ့အလိုအလျောက် ပြန်ပွင့်လာလေသည်။

စောစောက လက်ဖြင့်ဆွဲဖွင့်သည်ပင် မပွင့်သော တံခါးက အလိုအလျောက် ပြန်ပွင့်လာတာကတော့ နည်းနည်းထူးဆန်းသည်။ သို့သော် နီမောင်က ကြောက်တတ်သူ မဟုတ်ပေ။

တစ္ဆေသရဲနှင့် ပတ်သတ်လာလျှင် အတွေ့အကြုံရှိပြီးဖြစ်သောကြောင့် စိတ်ထဲမှာ သက်သာသလိုပင် တွေးလိုက်သည်။

"သူ့ဘာသာ ပြန်ပွင့်လာတော့လည်း ပိုကောင်းတာပေါ့"

ထိုသို့ပြောပြီး ခုတင်ပေါ်မှာ ပြန်လှဲနေလိုက်သည်။ မီးအိမ်မှ မီးစာကိုလျှော့ထားသဖြင့် အခန်းထဲမှာ မီးရောင်မှိန်မှိန်သာရှိသည်။

ထိုအခိုက်မှာပင် ပွင့်နေသောတံခါးပေါက်မှ အရိပ်တစ်ခုထိုးကျလာသည်။

မိမိအဖော်ထဲက တစ်ယောက်ယောက်ဖြစ်မည် ထင်သဖြင့် ကြည့်နေလိုက်တော့ မည်သူမှ မတွေ့ရပေ. . .။

သို့သော်လည်း အရိပ်မည်းကြီးက ပေါ်နေဆဲပင်. . .။

ကြည့်နေရင်းမှပင် တဖြည်းဖြည်းနှင့် ရှည်ထွက်လာပြီး အခန်းတစ်ခုလုံး အရိပ်မည်းကြီးနှင့် ပြည့်သွားလေသည်။

"အင်း. . . နည်းတဲ့ကိုယ်ခန္ဓာတော့ မဟုတ်ဘူး"





ဟုတွေးနေစဉ် ပုံပန်းသဏ္ဌာန် ပီပီပြင်ပြင်မရှိသော မည်းမည်းသဏ္ဌာန်က တံခါးပေါက်မှ အတွင်းသို့ဝင်လာသည်။

နီမောင်က လှုပ်လှုပ်ရှားရှားမလုပ်ဘဲ ကြည့်ရုံသာ ကြည့်နေသည်။

ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသောပုံသဏ္ဌာန်က ခုတင်နံဘေးရောက်လာသည်။

မျက်နှာကို မမြင်ရသော်လည်း လူတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်သည်ကိုတော့ သိနိုင်သည်။ ထိုသဏ္ဌာန်က ခုတင်နံဘေးမှာရပ်ပြီး သူ့ကို ငုံ့ကြည့်နေသည်။

နီမောင်က မျက်စိမှိတ်ထားလိုက်ပြီး မေတ္တာပို့ အမျှအတန်းဝေပေးလိုက်သည်။ ထိုသို့ပြုလုပ်ပြီး အတန်ကြာအောင် ငြိမ်သက်နေသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ စောစောက ခုတင်နံဘေးမှာ ရပ်နေသည့် မည်းမည်းသဏ္ဌာန်လည်း မရှိတော့ပေ။

အပြင်ဘက်မှ ခွေးအူသံများလည်း ရပ်သွားသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

## ပြဿနာများကို စတင်ရှင်းလင်းခြင်း

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် ဦးဖိုးတူးက လူတစ်ယောက်ခေါ်ပြီး ပြန်ရောက်လာသည်။

အသက်(၃၀)ကျော်ခန့်သာ ရှိသေးသည့် လူလတ်ပိုင်း အရွယ်ရှိပြီး ရိုးသားသောသွင်ပြင်လက္ခဏာမျိုး တွေ့ရသည်။

"မောင်နီမောင် အခေါ်ခိုင်းလို့ သွားခေါ်လာတာ သူ့ နာမည်က ကျော်မောင်တဲ့ သူက အရင်ဒီစက်မှာ သစ်စ[illegible]ရေး ချုပ်ခဲ့တာ. . ."



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသည်။

ကျော်မောင်ဆိုသူက လွန်စွာရိုကျိုးသော အမူအရာဖြင့် နီမောင်ရှေ့မှာထိုင်ကာ ကြည့်နေလေသည်။

ထိုအချိန်မှာ ဦးဖန်ကောင်းက အနားမှာရှိနေသည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ နံနက်စောစောကတည်းက သစ်စက်ထဲသို့ သွားပြီး အလုပ်သမားများနှင့် အတူ သစ်စက်လုပ်ငန်းများစတင်ရန် ဆောင်ရွက်နေကြသည်။

"ကျွန်တော့်နာမည်က နီမောင်ပါ၊ သူဌေးချန္ဒရာက ဒီသစ်စက်ကို တာဝန်ယူပြီးလုပ်ပေးဖို့ စေခိုင်းထားတာနဲ့ ဒီနေရာကို ရောက်လာတာပါ။ ခင်ဗျားအကြောင်းကို ဦးဖိုးတူးပြောပြလို့ သိသင့်သလောက် သိပြီးပါပြီ"

ကျော်မောင်က ခေါင်းညိတ်ပြသည်။

"ခင်ဗျား ဒီသစ်စက်မှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီသစ်စက် စတည်ကတည်းက ဦးဖိုးတူးတို့နဲ့ အတူ အလုပ်ဝင်ခဲ့တာပါ၊ ကိုဂျမားရှိတုန်းကအထိ လုပ်ခဲ့ပါတယ် သူမရှိတော့မှသာ. . ."

စကားဆက်မပြောပဲ ရပ်တန့်သွားသည်။

"ခင်ဗျားကို သူဌေးက အလုပ်ထုတ်ပစ်တာလား"

"မဟုတ်ပါဘူး၊ သူဌေးက ဒီကိစ္စတွေကို သိမယ်တောင်မထင်ပါဘူး"

"ထားပါတော့လေ ခင်ဗျားသစ်စက်လုပ်ငန်းနဲ့ ပတ်





သက်ပြီးတော့ ဘာတွေသိသလဲ. . ."

"ဦးဖိုးတူးက လွှနဲ့ပတ်သက်ပြီး၊ စက်နဲ့ပတ်သက်ပြီး ကျွမ်းကျင်ပါတယ်၊ စက်သံလွှသံကြားတာနဲ့ ဘာဖြစ်နေတယ်ဆိုတာ သိပါတယ်၊ ကျွန်တော်က သစ်လုံးမြင်တာနဲ့ အကောင်းအဆိုး ခွဲခြားနိုင်ပြီး သစ်ချောဘယ်နှစ်တန် ထွက်မယ်ဆိုတာ မှန်အောင်မှန်းပေးနိုင်ပါတယ်၊ သစ်တန်တွက်လည်း ကျွမ်းကျွမ်းကျင်ကျင် တွက်ချက်တတ်ပါတယ် ဆရာ. . ."

ဟုပြောပြသည်။

ဆန်စက်တစ်လုံးမှာ ဆန်စပါးကျွမ်းကျင်သူနှင့် စက်ပိုင်းဆိုင်ရာကျွမ်းကျင်သူ ရှိဖို့လိုသလို. . . သစ်တန်တွက်ကျွမ်းကျင်သူနှင့် စက်အကြောင်း၊ လွှအကြောင်းသိသူ၊ ကျွမ်းကျင်သူရှိရန်လိုအပ်လှပေသည်။ သို့ကြောင့်. . . .

"ခင်ဗျားကို ဒီသစ်စက်မှာ အရင်အတိုင်း အလုပ်ပြန်ပေးရင် လုပ်နိုင်မလား"

"ဒီလိုပြန်ပေးရင် လုပ်ပါ့မယ်ဆရာ. . ."

"ကောင်းပြီး ဒီလိုဆိုရင် ခါတိုင်းနေတဲ့အခန်းမှာ ပြန်နေခွင့်ပေးမယ် အလုပ်ပြန်ဆင်းဖို့ စီစဉ်ပေတော့"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလည်း ကြီးလှပါပေတယ်၊ ကျွန်တော့်တစ်သက်တော့ ဒီသစ်စက်မှာ အလုပ်ပြန်ရတော့ဘူး ထင်နေတာ အခုမှပဲ စိတ်အေးရတော့တယ်"

ဟုပြောပြီး ပြန်သွားလေသည်။

ကျော်မောင် ပြန်သွားသောအခါ အလုပ်သမားတစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို လွှတ်ပြီး လောလောဆယ် သစ်စာရေး တာဝန်ယူထားသည့် စိန်မြိုင်ကို အခေါ်လွှတ်လိုက်ရာ အတန်ကြာတော့ ရောက်လာလေသည်။

သူကြည့်ရသည်မှာ အရက်သောက်ထားဟန် ရှိသည်။

"ခင်ဗျား ခေါ်ရတာ တခြားမဟုတ်ဘူး၊ ကိုဂျမားရှိတုန်းက ခင်ဗျားက ဒီမှာဘာလုပ်ရသလဲ"

"အလုပ်သမားတွေ ကြီးကြပ်ပေးရတဲ့ အလုပ်ပါ"

"ကောင်းပြီ ဒီကနေ့ကစပြီး အရင်အတိုင်း အလုပ်သမားတွေကြီးကြပ်တဲ့အလုပ်ပဲ ပြန်လုပ်ပါ. ."

စိန်မြိုင်က မျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့လဲ ဆရာ"

"သစ်စာရေးအလုပ်ကို အရင်လူ ကိုကျော်မောင်ကို ပြန်ပေးလိုက်ပြီ"

"ကျုပ်မှာ ဘာအပြစ်ရှိလို့ ဒီလိုလုပ်ရတာလဲ"

"ခင်ဗျားမှာ အပြစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကျွန်တော်စီစဉ်တဲ့ အတိုင်းလုပ်ရမှာပဲ၊ ဒီလိုမှ မကျေနပ်ရင် ခင်ဗျားသဘောကျသလို လုပ်နိုင်တယ်၊ ဒီတော့ ခင်ဗျားဆီမှာရှိတဲ့ သစ်စက်နဲ့ ပတ်သတ်တဲ့ စာရင်းဇယားတွေ လာအပ်ပါ"

ဟုပြောလိုက်ရာ စိန်မြိုင်လည်း မကျေမနပ်ဖြင့် ပြန်သွားလေသည်။

ညဉ့်ဦးပိုင်း အချိန်ရောက်တော့ စိန်မြိုင်က အရက်မူးအောင်သောက်ပြီး အိမ်ရှေ့မှာ လာရမ်းသည်။





သူနှင့်အတူ အခြားကုလားနှစ်ယောက်လည်း ပါလာသည်။ သူ့ကို သစ်စာရေးအလုပ် ပေးထားရမည်ဖြစ်ကြောင်း ထိုသို့မပေးပါက ပြဿနာရှာမည်၊ သစ်စက်ကိုမီးရှို့မည်ဖြစ်ကြောင်း ကြိမ်းမောင်းပြောဆိုလေသည်။

ထိုအခါ နီမောင်က ဓားတစ်လက်ကို ခါးမှာထိုးပြီး လက်မှဝါးရင်းတုတ်တစ်ချောင်းကိုင်ပြီး အောက်သို့ဆင်းသွားလေသည်။

အရက်မူးနေသော စိန်မြိုင်က နီမောင်ကိုယ်တိုင် ဆင်းလာသည်ကို မြင်သောအခါ အော်ဟစ်နေသော အသံတိတ်သွားပြီး အံ့သြသော အမူအရာဖြင့် ကြည့်နေသည်။

နီမောင်နောက် မနီးမဝေးမှာတော့ ဦးဗန်ကောင်း စောထီး၊ ငမဲအောင်တို့က ရပ်နေသည်။

နီမောင်က သူနှင့် လက်တစ်ကမ်းအကွာသို့ လျှောက်သွားပြီး ပြောလိုက်သည်။

"တကယ်သတ္တိရှိတဲ့သူ၊ သွေးကောင်းတဲ့လူက အရက်သောက်ပြီး မရမ်းရဘူးကွ၊ မင်းငါ့ကို မကျေနပ်ဘူးမဟုတ်လား အခုငါမင်းရှေ့မှာ ရောက်နေပြီ၊ ပါးစပ်က အော်မနေနဲ့ နားငြီးတယ်၊ မင်းသွေးကောင်းတယ်ဆိုရင် တုတ်ချင်းစမ်းမလား ဒါမှမဟုတ် ဓားချင်းစမ်းမလား"

ထိုသို့ပြောပြီး ရှေ့တိုးသွားတော့ နောက်ဆုတ်သွားသည်။ ထိုအခါ မျက်နှာကိုကြည့်ပြီး ပြောသည်။

"ဒီနေရာလာရင် ဒါမျိုးတွေကြုံရမယ်ဆိုတာ ငါသိပြီး



www.burmeseclassic.com

www.burmeseclassic.com



သား၊ မင်းတို့လိုတွေကို မကြောက်လို့ လာခဲ့တယ်ဆိုတာ မြဲမြဲမှတ်ထား၊ နောက်တစ်ခု ပြောလိုက်ဦးမယ် ငါကအရင်လူ ဂျမားမဟုတ်ဘူး၊ ငါနာမည် 'နီမောင်' လို့ခေါ်တယ် မင်းတို့လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ သူဌေးက ဒီသစ်စက်ကို ငါကိုယုံကြည်လို့ အားလုံး လွှဲအပ်ထားပြီးသား ငါသဘောကျသလိုလုပ်မယ် မင်းကြိုက်သလို လုပ်မပေးနိုင်ဘူး မင်းမလုပ်ချင်ရင် ဒီသစ်စက်ထဲက ထွက်သွားပေတော့"

ဟုပြောလိုက်ရာ စိန်မြိုင်လည်း တစ်ခွန်းမှ ထပ်မပြောဝံ့တော့ပေ။

"ငါနေတဲ့ သစ်စက်ထဲမှာ ဆူဆူညံညံလုပ်တာ မကြိုက်ဘူး၊ နောက်တစ်ခါ ဆူသံကြားရင် ငါ့အပြစ်မပြောနဲ့"

ဟုပြောပြီး အိမ်ပေါ်ပြန်တက်လာလေသည်။

စိန်မြိုင်ကိုလည်း ကုလားနှစ်ယောက်က ပြန်ခေါ်သွားကြလေသည်။ တကယ်တော့ စိန်မြိုင်မှာ ဒီလောက်သွေးကောင်းသူ မဟုတ်ပေ၊ သူနှင့် တွဲဖော်တွဲဖက်ဖြစ်သော ဆန်စက်စာရေး ထွန်းအောင်ဖေက သွေးထိုးမြှောက်ပင့် ပေးသောကြောင့်သာ ယခုလို လာရောက်ရမ်းကားဝံ့ခြင်းဖြစ်သည်။

ထွန်းအောင်ဖေကလည်း ယခုလို နီမောင်တို့ ရောက်လာသည်ကို မကျေနပ်ပေ။

အကယ်၍သာ သစ်စက်မှာ စိန်မြိုင်က သဘောကျ လုပ်ခွင့်ရှိပြီး သူကဆန်စက်မှာ သဘောကျလုပ်ခွင့်ရလျှင် နှစ်ယောက်ပေါင်းပြီး ၎င်းတို့အကျိုးစီးပွားရရန် ပြုလုပ်ကြမည့်သူများဖြစ်သည်။





အိမ်ထဲရောက်တော့ ဦးဗန်ကောင်းက ကျေနပ်စွာပြောသည်။

"ဒါက မင်းကိုသွေးစမ်းတဲ့ ပထမဆုံးပွဲပဲ ဒီပွဲမျိုးမှာ ဦးကျိုးသွားရင် နောက်ထပ်ဘာမှ လုပ်မရတော့ဘူး၊ လူမိုက်တွေပေါတဲ့ အရပ်မှာ ပုတီးကိုင်နေလို့ မရဘူး တုတ်နဲ့လာရင် တုတ်နဲ့ရင်ဆိုင်ရတယ်၊ ဓားနဲ့လာရင် ဓားနဲ့ရင်ဆိုင်ရတယ် ဒီလိုမှမလုပ်ဝံ့ရင် လူမိုက်တွေရဲ့ ခြေဖဝါးအောက်ရောက်သွားလိမ့်မယ်"

ဟုပြောသည်။

တကယ်တော့ နီမောင်မှာ ရိုးရိုးအေးအေး နေတတ်သူဖြစ်သော်လည်း သွေးနည်းသူ တစ်ဦးတော့ မဟုတ်ပေ။ မှန်သည်ဆင်ပါက မည်သည့် အတားအဆီးကိုမှ မကြောက်ပဲ ရင်ဆိုင်ဝံ့သူ ဖြစ်ပေသည်။

သစ်စက်မှာဖြစ်သောအပြစ်အပျက်များ၊ ကြုံတွေ့ရသော အခြေအနေကိုတော့ သူဌေးချန္ဒရာဆီသို့ လူလွှတ်ပြီး သတင်းပေးရသည်။

ဆိပ်ကြီးမှ ကူးတို့သမ္ဗန်ဖြင့် သွားပြီး ပြန်လာပါက နေ့ချင်းတော်ဆိုလျှင် မိမိနေသော နေရာသို့ ပြန်ရောက်နိုင်ပေသည်။

ထိုသို့သတင်းပေးပြီး နောက်တစ်နေ့ မနက်ပိုင်းမှာတော့ သူဌေးစီးသော ပွဲချိတ်စက်လှေဖြင့် လူငါးယောက်လာပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်လာသူကို တွေ့ဖူးမြင်ဖူးသလိုရှိသော်လည်း ဘယ်သူဘယ်ဝါမှန်းတော့ မသိပေ။

ထိုလူက နီမောင်နဲ့တွေ့တော့ သူ့ဘာသာသူ မိတ်ဆက်ပေးသည်။

"ကျုပ်က ၁၃လမ်းက လူမိုက်ပုဏ္ဏားဘထွန်းပဲ၊ သူဌေးချန္ဒရာက အလုပ်ရှိရင် ခိုင်းတတ်တယ် ဒီမှာ သူပေးလိုက်တဲ့စာ. ."

ဟုပြောပြီး စာတစ်စောင် ထုတ်ပေးသဖြင့် ဖတ်ကြည့်သည်။

"နီမောင်. . . .

*သစ်စက်ကအကြောင်းတွေကို ငါသိသင့်သလောက်သိတယ်၊ ဂျမားသေသွားပြီး မဟန်တော့လို့ သစ်စက်ကို ရပ်ထားတာပဲ၊ အခုလူမိုက်တွေကို မင်းကိုယ်တိုင်ရှင်းစရာ မလိုပါဘူး၊ သူတို့ကို မင်းကိုယ်စားရှင်းပေးမယ့် (၁၃)လမ်းက လူမိုက်ပုဏ္ဏားဘထွန်းကို လွှတ်ပေးလိုက်တယ် မင်းသဘောမကျတဲ့ သူတွေကို ဖယ်ပစ်လိုက်ပါ။*

ချန္ဒရာ. . . . ."

ဟုရေးထားလေသည်။

နီမောင်ကလည်း ပုဏ္ဏားဘထွန်းနှင့် သူ့တပည့်လေးယောက်တို့ကို နေရာထိုင်ခင်းများ ပေးထားလေသည်။

ရန်ကုန်မြို့မှ လူမိုက်ဘွဲ့ခံ ပုဏ္ဏားဘထွန်းတို့အဖွဲ့ရောက်နေသော သတင်းက သစ်စက်ဝင်းအတွင်းမှာသာမက





ဆန်စက်ဝင်းအတွင်းမှာ ရှိကြသူများပါ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး မလှုပ်ဝံ့ကြတော့ပေ. . .။

ကြောင်ရောက်လာသောကြောင့် သောင်းကျန်းနေသည့်ကြွက်များ ငြိမ်ကျသွားသည့် သဘောမျိုးဖြစ်သည်။

ထိုသို့အနှောင့်အယှက်များ ငြိမ်သွားသောအခါမှ လုပ်ငန်းများစတင်ရန် စီမံရတော့သည်။

နောက်တစ်နေ့မှာတော့ စိန်မြိုင်ရောက်လာပြီး ငှင်းထံမှ စာရင်းများကို လာအပ်သည်။

ထိုသို့ အပ်ရင်းနှင့် သူ့အမှားကို ဝန်ခံကာ သင့်တော်သောအလုပ် တစ်နေရာမှာ ဆက်ထားပေးဖို့ တောင်းပန်လေသည်။

နီမောင်ကလည်း ၎င်းအပေါ်မှာ အပြစ်ယူမနေတော့ပဲ သူ၏ မူလအလုပ်ဖြစ်သော အလုပ်သမားခေါင်းဆောင်နေရာ ပြန်ထားပြီး ရာဂျူးကို သင့်တော်သောနေရာ ထားပေးလိုက်သည်။

သစ်စာရင်းများကို ကျော်မောင်လက်သို့ အပ်ပေးလိုက်ပြီး စစ်ဆေးကြည့်သောအခါ လက်ကျန်စာရင်းနှင့် မကိုက်ပဲ ကွာနေသည်ကို တွေ့ရသည်။

ထိုကိစ္စကိုလည်း စိန်မြိုင်ကိုခေါ်ပြီး သက်သေများရှေ့မှာ လက်မှတ်ထိုးခိုင်းထားလေသည်။

စိန်မြိုင်ကလည်း သူပြုလုပ်မိကြောင်း ဝန်ခံသည့် ဝန်ခံပြီး အသိသက်သေများရှေ့မှာ လက်မှတ်ထိုးပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်တစ်ပတ်ခန့်ကြာသောအခါ အလုပ်နှင့် သက်ဆိုင်သူများကို အသီးသီး တာဝန်ပေးလွှဲအပ်ပြီးနောက် ဖမ္ဘူကျော်သစ်စက်ကို စတင်လည်ပတ်လေတော့သည်။

အလုပ်သမားများမှာလည်း မူလအလုပ်များကို ပြန်လည်လုပ်ကိုင်ခွင့်ရကြသဖြင့် ဝမ်းသာပျော်ရွှင်ကာ ကြိုးစားဆောင်ရွက်ကြလေသည်။

ထိုကဲ့သို့ အခြေနေငြိမ်သက်သွားတော့မှ ပုဏ္ဏားဘထွန်းတို့လည်း ရန်ကုန်သို့ ပြန်သွားကြသည်။

"အင်း. . လူမိုက်ဆိုတာ သူထက်ပိုမိုက်တဲ့သူတွေရင် ကြောက်တာပါပဲ၊ တကယ်တော့ လူမိုက်တွေဟာ သူများတွေထက်ပိုပြီး ကြောက်တတ်လို့ အုပ်စုဖွဲ့ပြီး လူမိုက်လုပ်နေကြတာပါပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ သူကသာရင်သာ သူတစ်ပါးကိုနှိပ်စက်ချင်တာ သူကိုသူတစ်ပါးက နှိပ်စက်မှာကိုတော့ လူမိုက်တွေက ပိုပြီးကြောက်တတ်ကြပါတယ်. . . ."

ဟုဦးဗန်ကောင်းက ပြောသည်။

သစ်စက်လုပ်ငန်းမှာ သစ်ကိစ္စကျွမ်းကျင်သော ကျော်မောင်၊ စက်ဆရာ ရွှေမောင်၊ လွှဆရာ ဦးဖိုးတူးတို့အပြင် လုပ်ငန်းကျွမ်းကျင်သည့် ရာဂျူးတို့ပါ ရှိနေသောကြောင့် ကောင်းစွာလည်ပတ်လျက်ရှိလေသည်။

တစ်ညမှာတော့ ဦးဗန်ကောင်းက သူ့လွယ်အိတ်ကြီးထဲမှ ပါလာသော ရုပ်တုတစ်ခုကို ထုတ်ပြီး နီမောင်အားပေးသည်။





"လူတွေရဲ့ အနှောင့်အယှက်အေးသွားတယ်ဆိုပေမယ့် မမြင်ရတဲ့ ပရလောကသားတွေရဲ့ အနှောင့်အယှက်တွေကတော့ ရှိနေဦးမှာပဲ မင်းဒီရုပ်တုလေးကို ယုံယုံကြည်ကြည်နဲ့ ပူဇော်ပသပါ"

နီမောင်က ယူပြီးကြည့်လိုက်တော့ အစိမ်းရောင်ကျောက်ဖြင့် ထုလုပ်ထားသော ရုပ်တုတစ်ခုဖြစ်သည်။

အရွယ်အစားမှာ ခြောက်လက်မခန့်ရှိပြီး အချိုးအဆစ်ကျနစွာဖြင့် ထုလုပ်ထားသည့် မယ်တော်ရုပ်တုပင်ဖြစ်သည်။

"ဒါဘာရုပ်တုလဲ အဘ"

"စန္ဒီနတ်သမီးလို့ခေါ်တယ် အချို့ကတော့ မြနန်းရှင်ဒေဝီလို့လည်း ခေါ်ကြတယ် သူကဒေဝီ(၇)ပါးမှာ တစ်ပါးအပါအဝင်ပဲ. . ."

"ကျွန်တော်က ဒီအကြောင်းတွေကို မသိလို့ နည်းနည်းလောက် ရှင်းပြပေးပါဦး"

"ဒေဝီလို့ခေါ်တဲ့ နတ်သမီးတွေဟာ လောကီလူသားတွေကို အနီးကပ်ဆုံး အကူအညီပေးနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေပဲ ထွက်ရပ်ပေါက်လမ်းသွားမယ့် ပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာဇော်ဂျီတွေနဲ့ သာမန်ပုထုဇဉ် လူသားတွေထဲမှာလည်း စိတ်ထားဖြူစင်တဲ့ သူတွေကို ကူညီစောင့်ရှောက်ပေးတတ်ကြတယ်. ."

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်း ဒေဝီနှင့် သက်ဆိုင်သော အကြောင်းအရာအချို့ကို ပြောပြလေသည်။

'ဒေဝီ' ဟူသောဝေါဟာရ အဓိပ္ပာယ်မှာ 'မိဖုယား' ဟူ၍


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

အချို့က ဒေဝီဟုခေါ်ပြီး၊ အချို့က 'နတ်သမီး' ဟုခေါ်ဝေါ်သုံးစွဲကြသည်။

အချို့ကတော့ ဒေဝီများမှာ ကုလားနတ်သမီးများဖြစ်ပြီး ဒေဝီဟူသော ဝေါဟာရပင် ကုလားဘာသာ အခေါ်အဝေါ် တစ်ခုဖြစ်ကြောင်း ပြောကြသည်။

မည်သို့ပင် ရှိစေ. . . .

မြန်မာနိုင်ငံမှာတော့ (၃၇) မင်းကဲ့သို့ နတ်ယုံကြည်ကိုးကွယ်မှုရှိကြသလို ဒေဝီများအား ပူဇော်ပသမှုလည်း ရှိကြသည်။

ဘုရားတန်ဆောင်းအချို့တွင် သူရသတီဒေဝီရုပ်တုကို ပြုလုပ်ထားခြင်းကို တွေ့နိုင်ကြသည်

ဒေဝီနှင့် ပတ်သတ်ပြီး (၉)ပါး၊ (၈)ပါး၊ (၇)ပါးဟူ၍ အမျိုးမျိုးရှိသည်။ အချို့ကတော့ ထိုထက်ပိုသော အရေအတွက်ကို ထည့်သွင်းရေတွက်ကြလေသည်။

သို့သော် အောက်ဖော်ပြပါ အရေအတွက်သာ အမိကကျပေသည်။

**ဒေဝီ (၉)ပါးအမည်များမှာ. . .**

၁။ မဟာဒေဝီ
၂။ ကြုရန္တသီဒေဝီ
၃။ ကြုရန္တသီဒေဝီ
၄။ မဏိမေခလာဒေဝီ





၅။ သူရဿတီဒေဝီ
၆။ မယာဒေဝီ
၇။ သိရိဒေဝီ
၈။ ဇာဂရီဒေဝီ
၉။ ပြာဂရီဒေဝီ. . . တို့ဖြစ်သည်။

**ဒေဝီ(နတ်သမီး) (၈)ပါးအမည်များမှာ. . .**

၁။ သူရဿတီ
၂။ နန္ဒာဒေဝီ
၃။ မနောဟရီ
၄။ ဖုဿကီ
၅။ ရမ္ဘာဒေဝီ
၆။ ကာလဒေဝီ
၇။ ဂန္ဓပ္ပိ
၈။ ပိနတ္တာရီ. . . တို့ဖြစ်သည်။

**ဒေဝီ (၅)ပါးအမည်များမှာ. . .**

၁။ မိန္ဒဒေဝီ
၂။ သက္ကေဒေဝီ
၃။ မဏိမေခလာဒေဝီ
၄။ ကိန္နရာဒေဝီ
၅။ ရုက္ခဒေဝီ


www.burmeseclassic.com

www.burmeseclassic.com

၆။ စန္ဒီဒေဝီ

၇။ စန္ဒာဒေဝီ . . . တို့ဖြစ်သည်။

ဒေဝီ (နတ်သမီး) (၈)ပါး၏ စောင့်ရှောက်ရမှုလည်း အသီးသီးလည်း ဖော်ပြပါမည်။

(၁) သူရဿတီ= ပိဋကတ် သုံးပုံနှင့် ဗေဒင်လေးပုံကို စောင့်ရှောက်ရ၏။

(၂) နန္ဒာဒေဝီ= အကြင်လူတို့သည် အိပ်ခြင်း၊ နေခြင်း သင့်မသင့်ကို ကြည့်ရှုမစရ၏။

(၃) မနောဟရီ= ထီးဖြူ ရထား၊ ထမ်းစင်၊ သံလျှင်း၊ အိမ်၊ နန်း ပြာသာဒ်စသော လူတို့နေရာအရပ်ရပ်ကို စောင့်ကြပ်ကြည့်ရှုရသည်။

(၄) ဖုသာကီ= စစ်ထွက်ခြင်း၊ ခရီးသွားခြင်း၊ လှေ၊ သင်္ဘောသွားခြင်းတို့ကိုစောင့်ရှောက် ကြည့်ရှုရသည်။

(၅) ရမ္မာ ဒေဝီ= အကြင်နတ်သမီးကညာ လုလင်ပျိုတို့၏မသင့်တင့်သောအကြောင်းတို့ကို ဖျက်ဆို၍ ကောင်းအောင်စောင့်ရှောက်ရသည်။

(၆) ကာလဒေဝီ=စပါးစသော အသီးအနှံဟူသမျှတို့ကို





မပျက်စီးအောင်စောင့်မကြည့်ရှုရသည်။

(၇) ဂန္ဓပီ= သတ္တရဘန် တောင်စဉ်ခုနစ်ထပ်ကို ကြည့်ရှုရ၏။

(၈) ပိနတ္တရီ= မင်္ဂလာဟူသမျှ ကြည့်ရှုစောင့်မရသည်။

အထက်ဖော်ပြသော ဒေဝီစာရင်းတွင် စန္ဒီဒေဝီ နတ်သမီးဟုခေါ်သော ဒေဝီလည်း တစ်ပါးအပါအဝင်ဖြစ်သည်။

ထိုဒေဝီမှာ မြနန်းရှင်ဒေဝီပင် ဖြစ်ပေသည်။

"မင်းအနေနဲ့ ကိုယ့်ဘဝလမ်းကို ကိုယ်ဖောက်ပြီး လျှောက်ရမယ့် အချိန်ရောက်လာပြီ၊ အရင်ကလို ကုန်ထမ်းနေတဲ့ နီမောင်မဟုတ်တော့ဘူး၊ သူဌေးလူယုံတော် သစ်စက်ကိုယ်စားလှယ်ဘဝကို ရောက်နေပြီ၊ ဒီတော့ စိတ်ထားကအစ ပြောင်းလဲပစ်ရမယ်"

နီမောင်ကတော့ ဦးဗန်ကောင်း ပြောသမျှကို စိတ်ဝင်စားစွာမှတ်သားနေသည်။

"စိတ်ထားပြောင်းတယ်ဆိုတာ ဘဝင်မြင့်ဖို့ ပြောတာ ဟုတ်ဘူး၊ ဘယ်အလုပ်မဆို ရည်မှန်းချက်ကြီးကြီးထားရမယ်ဆိုတာကိုပြောတာ အခုကိုယ်စားလှယ် ဖြစ်နေသေးပေမယ့် တစ်နေ့မှာ ပိုင်ရှင်တစ်ယောက်ဘဝ မရောက်ဘူးလို့ မပြောနိုင်ဘူး"

"စိတ်ချပါ အဘ. . ."


www.burmeseclassic.com

www.burmeseclassic.com

"ရည်မှန်းချက်ကြီးကြီးနဲ့ ခရီးလမ်းတစ်ခုကို လျှောက်ကြတဲ့နေရာမှာ. . . အခက်အခဲတွေ အတားအဆီးအနှောင့်အယှက်တွေကတော့ မလွဲမသွေ တွေ့ကြုံရမှာပဲ အဲဒါတွေကို ကိုယ်ရဲ့ ကာယစွမ်းအား ဉာဏစွမ်းအားတွေနဲ့ ရင်ဆိုင်ဖြေရှင်းရသလို မြင်အပ်မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကူညီစောင့်ရှောက်မှုတွေလည်း လိုအပ်တယ်"

"အဲဒီပုဂ္ဂိုလ်တွေက ကျွန်တော်တို့လို သာမန်လူတွေနဲ့ ဆက်စပ်မှုမှမရှိတာ သူတို့ရဲ့ အကူအညီကို ဘယ်လိုရနိုင်မလဲ"

"ရအောင်ကြိုးစားရင်ရတယ် ဒီအတိုင်းနေရင်တော့ ပုဂ္ဂိုလ်တွေက စောင့်ရှောက်မှု မပေးနိုင်ကြပေမယ့် သူတို့ကို ပူဇော်ပသပြီး တိုင်တည်ရင်တော့ အခါအခွင့်သင့်တဲ့အခါ ကူညီစောင့်ရှောက်မှုတွေ ပေးကြပါတယ်"

"ကောင်းပါပြီ"

"ကိုယ်မမြင်ရလို့ မရှိဘူးမထင်နဲ့၊ မမြင်သင့်လို့ မမြင်ရတာ၊ ကိုယ့်ကိုကူညီစောင့်ရှောက်မှု မပေးလို့ အလကားမထင်နဲ့ ကိုယ့်ဘက်က ချို့ယွင်းမှုရှိနေလို မရသေးတာ အဲဒါကိုတော့ သဘောပေါက်ထားရမယ် ရိုးရိုးပြောရရင်တော့ မခေါ်ချင် နေလို့ ရတယ် မပစ်မှားမိဖို့တော့ အရေးကြီးတယ်"

"ဟုတ်ပါတယ်"

"ဘယ်အရာမဆို ပူဇော်ပသတဲ့နေရာမှာ ကိုယ်ဆန္ဒတွေရဲ့ ရလိုမှုတစ်ခုတည်းကိုသာ ကြည့်ပြီး မလုပ်ရဘူး၊ ရသည်ဖြစ်စေ မရသည်ဖြစ်စေ ယုံယုံကြည်ကြည်နဲ့သာ ပူဇော်ပါ တစ်





နေ့ကျရင် အကျိုးကျေးဇူးရနိုင်ပါတယ်"

"ဟုတ်ကဲ့"

"တချို့က ဂါထာတစ်ပုဒ်ကြောင့် လူတစ်ယောက် အဆင်ပြေသွားတယ်ဆိုရင် အဲ့ဒီဂါထာကို မရအရတောင်းပြီး ရွတ်တယ်၊ သူလိုချင်တာ ဖြစ်မလာရင် အလကားပါကွာဆိုပြီး ပစ်ထားလိုက်တယ်၊ အရေးကြီးတာက သူဒီလိုဖြစ်အောင် အချိန်ဘယ်လောက်ကြာအောင်လုပ်ခဲ့ရတယ် ဘယ်လောက်လုပ်ရတယ် ဆိုတာတော့ သိအောင်လုပ်သင့်တယ်၊ ဒါကြောင့် ငါပေးတဲ့ရုပ်တုကို ယုံယုံကြည်ကြည်နဲ့ ပူဇော်ပသမှုပြုပါ၊ တစ်နေ့ကျရင် မင်းအတွက် အကူအညီ အထောက်အပံ့တွေ ရလာပါလိမ့်မယ်"

ဟုပြောသည်။

"စိတ်ချပါအဘ ကျွန်တော် ယုံယုံကြည်ကြည်နဲ့ ပူဇော်ပါ့မယ်"

ဟု နီမောင်ကလည်း ကတိပေးလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

# မြနန်းရှင် ဒေဝီအစီအရင်

နီမောင်သည် ၎င်းအခန်းထဲတွင် ခေါင်းရင်းဘက် တစ်နေရာမှာ ဘုရားစင်ပြုလုပ်သည်။

ထိုဘုရားစင်၏ အောက်ဘက် သူ့ခုတင်နှင့် မနီးမဝေးနေရာတွင် မြနန်းရှင်ဒေဝီရုပ်ထုကို စင်မြင့်တစ်ခုဖြင့် တင်ထားလေသည်။

ထိုနေ့ညအဖို့တော့ ထွေထွေထူးထူး ဘာမှ မလုပ်သေးဘဲ (ဘာမှလည်း မလုပ်တတ်ပေ) ရုပ်တုအား စင်ပေါ်မှာ တင်ရုံ



www.burmeseclassic.com

www.burmeseclassic.com

သာ တင်ထားလေသည်။

ညဘက် အိပ်ပျော်သွားသောအခါ အိပ်မက်လိုလိုနှင့် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ကို တွေ့မြင်ရသည်။

ထိုပုံရိပ်မှာ သူ့ခုတင်နှင့် မနီးမဝေးမှာ သွားလာလှုပ်ရှားလျက်ရှိသည်။

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း အဖြူရောင်ဝတ်ရုံရှည်အောက်မှ ကျော့ရှင်းလှပသော ကိုယ်ခန္ဓာကိုတော့ တွေ့မြင်နေရသည်။

နီမောင်က တစ်စုံတစ်ခု လှမ်းပြောရန် ပြင်လိုက်သည်နှင့် သူမထံမှ သာယာချိုအေးသောအသံ ပေါ်ထွက်လာသည်။

"ငါနဲ့ နီးကပ်စွာနေပြီး ငါရဲ့ကူညီစောင့်ရှောက်မှုကို အလိုရှိတယ်ဆိုရင် ငါပြောတာတွေကို လိုက်နာရလိမ့်မယ်"

"ဘာတွေလည်း ပြောပြပါ. . ."

ထိုစကားသံက အပြင်သို့ ထွက်လာခြင်းမဟုတ်ပဲ လည်ချောင်းထဲမှာပင် ပွဲတင်ထပ်သွားခြင်း ဖြစ်၏. . .။

ထိုအခါ စကားပြောသံကို ဆက်ကြားရသည်။

"ငါနဲ့ နီးကပ်စွာရှိစေလိုလျှင် အမဲသား၊ ဝက်သားစတဲ့ ခြေလေးချောင်းသားစားခြင်းကို ရှောင်ပါ၊ အရက်သေစာ သောက်စားခြင်းကို ရှောင်ပါ။ ဒါအပြင် ငါ့ကို ပူဇော်ပသရမယ့် အစီအစဉ်တွေကို ပြောပြပါမယ်"

ထိုကဲ့သို့ပြောပြီး အစီအစဉ် အချို့ကို ပြောပြလေသည်။

ရုပ်တုရှိသော စင်မြင့်ပေါ်မှာ ပိတ်အဖြူသုံးတောင်၊ ရှုး





သားသုံးတောင်ဖြန့်ခင်းခြင်း၊ ငှက်ပျောသီးသုံးဖီး၊ အုန်းသီးတစ်လုံးဖြင့်ပြင်သော ကန်တော့ပွဲ တစ်လုံး၊ မီးတိုင်၊ အမွှေးတိုင်၊ ပန်းအိုး၊ အမျိုးသမီး အသုံးအဆောင်များနှင့် အဝတ်တန်ဆာများ၊ ပူဇော်ပသသောအချိန်တွင် ယိုသုံးမျိုး၊ မုန့်သုံးမျိုး၊ သစ်သီးသုံးမျိုး၊ ပန်းသုံးမျိုး၊ ကွမ်းယာ၊ လက်ဖက်တို့ဖြင့် ပူဇော်ပသရမည်. . . အစရှိသည့်တို့ ပါဝင်လေသည်။

ထို့အပြင်. . .

"ငါ့ရုပ်တု၏ ကျောဘက်တွင် 'အင်းစမ' တစ်ခုရှိသည် ထိုက်သူသာတွေ့ရပြီး၊ မထိုက်သူ မတွေ့မြင်နိုင်ပေ၊ ထိုအင်းစမ ရုပ်ပေါ်လာသောအခါ ကူးယူထားပါ ကျွမ်းကျင်သောသူကို အင်းချပ်အဖြစ် စီရင်ခိုင်းပါလေ ထိုအင်းချပ်ကို ကိုယ်နှင့်မကွာ ဆောင်ထားပါက သင့်အနားမှာ ငါအမြဲရှိနေနိုင်ပြီး. . ဘေးအန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်ပေးပါလိမ့်မည်. . "

ထိုသို့ပြောပြီးနောက် မနီးမဝေးမှာ မြင်နေရသော ပုံရိပ်မှာလည်း တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားလေသည်။

နီမောင်လည်း နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားလေတော့သည်။ နောက်တစ်နေ့ နံနက်ပိုင်း အိပ်ရာမှ နိုးလာသောအခါ ထိုအကြောင်းကို ပြန်ပြောပြလိုက်သည်။

"ဒီလိုဆိုရင်တော့ မင်းကို အကူအညီပေးပြီး စောင့်ရှောက်ပေးပါလိမ့်မယ်၊ သူပြောတဲ့အတိုင်းသာ လုပ်ထားပေးပေတော့. . ."

"ဘာတွေအရင်လုပ်ရမလဲ အဘပဲလုပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသဖြင့် ဦးဇန်ကောင်းက သူအိပ်သောအခန်းတွင်းသို့ မျက်နှာပြင်ကျယ်သော စားပွဲတစ်လုံး သယ်ယူပြီး ချထားသည်။ ထိုစားပွဲပေါ်မှာ ပိတ်ဖြူနှင့် ရှုန်သားစများကို (၃) တောင်စီဖြန့်ပြီး ခင်းသည်။

ကန်တော့ပွဲတင်သည်။ အခြားညွှန်ကြားထားသော ပစ္စည်းများလည်း စုံလင်အောင်တင်သည်။

ပြီးမှ ရုပ်တုကိုယူပြီး ကျောဘက်ကိုကြည့်သည်။

အစိမ်းရောင် ကျောက်သားပြင်ကိုသာတွေ့ရပြီး အခြားဘာမှတော့ မတွေ့ရပေ။

"သူပြောတုန်းက ရုပ်ထုကျောဘက်မှ အင်းစမရုပ်ရှိတယ်လို့ ပြောတယ်၊ အခုတော့ မရှိပါလား"

"ဘာမှ စိတ်မပူပါနဲ့ အချိန်တန်တော့ တွေ့ရလိမ့်မယ်၊ တွေ့တဲ့အချိန်မှာသာ ကူးယူထားလိုက်ဖို့ မမေ့နဲ့"

ဟုမှာထားလေသည်။

နောက်ပိုင်း ရက်တွေမှာလည်း မနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် အမွှေးနံ့သာရည်များဖြင့် ရုပ်တုကို ဖျန်းပက်ပေးသည်။

မုန့်၊ သစ်သီး၊ ပန်း၊ ကန်တော့ပွဲများကိုလည်း လဲချိန်တန်က မှန်မှန်လဲပေးသည်။

ထိုကဲ့သို့ ပြုလုပ်ပေးနေ၍လား မပြောတတ်ပေ. . ။ သစ်စက်လုပ်ငန်း လည်ပတ်မှုကောင်းလာသည်။

သစ်စက်မှာ လုပ်နေကြသူများ၏ ကြိုးစားမှုလည်းပါ





နီမောင်တို့ ဦးဆောင်မှု ကောင်းခြင်းလည်းပါသည့်အပြင်. . ကံကောင်းထောက်မမှုများကြောင့် ရက်ပိုင်းလပိုင်းအတွင်းမှာ ထိုကဲ့သို့ အောင်မြင်လာခြင်း ဖြစ်ပေသည်။

လုပ်ငန်းကောင်းလာသောကြောင့် အထက်ပိုင်းမှာရှိသော သစ်ကိုယ်စားလှယ်များ၊ သစ်လုပ်ငန်းရှင်များထံမှ သစ်လုံးများ အဆက်မပြတ်ရောက်ရှိလာခြင်း ထိုသစ်လုံးများကို ရန်ကုန်မှာရှိသော သစ်အရောင်းဆိုင်များသို့ ပို့ပေးနိုင်လေသည်။

သူဌေးချွန်ရာမှာလည်း ယုံကြည်စိတ်ချရသော လူများကို ရွေးချယ်တာဝန်ပေးခဲ့သဖြင့် မိမိသစ်စက်လုပ်ငန်းမှ ဝင်ငွေအမြောက်အများရလာလေရာ ဝမ်းသာကျေနပ်နေတော့သည်။

နီမောင်နှင့် တွေ့သောအခါ သူကပြောသည်။

"သစ်စက်ကတော့ အဆင်ပြေသွားပြီ ဆန်စက်ကတော့ သိပ်မဟန်သေးဘူး၊ ဒီလိုပဲ အခြေအနေ ပြောင်းသင့်ပြောင်းရမယ်၊ မင်းအနေနဲ့ စိတ်ချယုံကြည်ရတဲ့သူတွေ့ရင် အခုကတည်းက ကြည့်ထားပါ"

"စိတ်ချပါ သူဌေးမင်း"

တစ်ညမှာတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ထူးခြားမှုတစ်ခုကြောင့် ပြန်နိုးလာသည်။

"ထပြီးကြည့်ပေတော့. . "

အနားမှာ တစ်စုံတစ်ယောက်က လာနှိုးသောကြောင့် နိုးလာပြီး ကြည့်လိုက်တော့ အခန်းထဲမှာ ထူးခြားသော အ


www.burmeseclassic.com

www.burmeseclassic.com

လင်းရောင်အချို့ကို တွေ့မြင်ရသည်။

ညဥ့်ဦးပိုင်း ကစားပွဲပေါ်မှာ မီးအိမ်ကို မီးမှိန်ထားသဖြင့် အခန်းထဲမှာ မှောင်နေသော်လည်း ယခုလင်းနေသည်။

အပြင်ဘက်မှ မီးရောင်ဝင်နေသလားဟုထင်ပြီး ကြည့်လိုက်တော့ မဟုတ်ပေ။

မီးရောင်မဟုတ်ပေ။ အစိမ်းရောင်များ လင်းနေခြင်းဖြစ်သည်။

နီမောင်က တအံ့တသြဖြစ်ကာ အိပ်ရာပေါ်မှာ ထလိုက်သည်။ အစိမ်းရောင်များ ထွက်နေသောနေရာမှာ အခြားနေရာမှ မဟုတ်ပေ။

စင်ပေါ်မှ တင်ထားသော မြနန်းရှင် ဒေဝီရုပ်တုမှပင် ဖြစ်လေသည်။

သူက တအံ့တသြဖြင့် ထသွားပြီးကြည့်တော့ အမှန်ပင် ထိုရုပ်တုမှ အစိမ်းရောင်များ ဖြာထွက်နေခြင်းဖြစ်သည်။

ထိုအခြင်းအရာကိုမြင်တော့ ပထမ မယုံဝံ့ပေ။ နောက်မှ တစ်စုံတစ်ခုကို သတိရသဖြင့် မဝံ့မရဲဖြင့် ကောက်ယူလိုက်သည်။


သူ့လက်ထဲ ရောက်လာတော့လည်း အလင်းရောင်များက ဖြာထွက်နေဆဲပင် ရှိသေး၏။

နီမောင်က တစ်စုံတစ်ခုကို သတိရသဖြင့် ကျောဘက်သို့ကြည့်လိုက်သောအခါ ထင်ထင်ရှားရှား ပေါ်နေသည့် ရုပ်တစ်ခုကို တွေ့ရသည်။





အခြားမဟုတ်ပေ။ စန္ဒီနတ်သမီး၏ ပုံပင်ဖြစ်သည်။ ထိုအခါမှ ဝမ်းသာအားရဖြင့် ရုပ်တုကို ပြန်ချထားပြီး အိမ်ရှေ့ခန်းမှာ အိပ်နေသော ဦးဗန်ကောင်းကို သွားနှိုးပြီး ပြောပြရလေသည်။



( စန္ဒီနတ်သမီး )



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းကလည်း ချက်ချင်းလိုက်လာပြီး ကြည့်သည်။ ရုပ်တုနောက်ကျောဘက် မျက်နှာပြင်၌ပေါ်နေသော အင်းစမပုံကို မြင်သောအခါ များစွာ အံ့ဩသွားသည်။

နောက်မှ ဝမ်းသာအားရလေသံဖြင့်။

"နီမောင် အဲဒီရုပ်ပုံကို မြန်မြန်ကူးယူပေတော့"

ဟု ပြောသဖြင့် စားပွဲပေါ်မှာ အဆင်သင့်ရှိနေသော သစ်စာရင်းမှတ်သောစာအုပ်နှင့် ဖောင်တိန်ကိုယူပြီး ကူးယူလေသည်။

"ငါက မျက်လုံးမကောင်းတော့ သိပ်မမြင်ရဘူး၊ စမပေါ်မှာပါတဲ့ စာလုံးလေးတွေမှန်သမျှ တစ်လုံးမကျန် ပါပေစေနော်"

နီမောင်က ခေါင်းညိတ်ပြပြီး ဂရုတစိုက်ကူးယူရာ အတန်ကြာတော့ ပြီးသွားလေသည်။

ထိုသို့ ကူးယူပြီးသောအခါ ရုပ်တုမှဖြာထွက်နေသော အစိမ်းရောင်များလည်း တဖြည်းဖြည်းနှင့် မှေးမှိန်လာကာ နောက်ဆုံးတွင် ကွယ်ပျောက်သွားလေတော့သည်။

ထိုအခါမှ စားပွဲပေါ်မှာ မီးအိမ်ကို မီးစာမြှင့်တင်လိုက်ရာ အလင်းရောင် ရလာသည်။

"ဒီရုပ်တု ငါ့ဆီရောက်နေတာ အတော်ကလေးနှစ်ကြာပြီ တစ်ခါမှ ဒီလိုမတွေ့ဘူး မမြင်ဘူးသေးဘူး၊ မှတ်တမ်းတွေထဲမှာတော့ ရုပ်တုရဲ့ နောက်ကျောမှာ အင်းစမရုပ်ပါတယ်၊ ထိုက်သူမှသာ တွေ့မြင်ရလိမ့်မယ်လို့တော့ ဖတ်ဖူးတယ်၊ မျက်မြင်ကတော့ ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်၊ ဒါကတော့ မင်းနဲ့ ထိုက်လို့





မင်းရတာပဲ နောက်ရက်ကျတော့မှ ရွှေပြားတစ်ချပ်ဝယ်ပြီး အင်းစမ စီရင်ပေးမယ်"

ဟု ပြောပြီး သူ့နေရာသို့ ပြန်သွားကာ အိပ်ပြန်လေသည်။ နီမောင်က နောက်ထပ်အိပ်မပျော်ပဲ ရုပ်တုရှိရာသို့သာ စိတ်ရောက်နေလေသည်။

သို့သော်လည်း နေ့အချိန်ရောက်လျှင်တော့ ထိုအကြောင်းတို့ကို မစဉ်းစားအားပေ။

သစ်စက်ထဲဆင်းပြီး သစ်စက်အလုပ်တို့ကို ကြိုးကြပ်လုပ်ကိုင်ရလေသည်။

ဦးဇန်ကောင်းကတော့ အင်းစမချပ် စီမံပြုလုပ်နေသောကြောင့် သစ်စက်သို့ပင် မဆင်းနိုင်ရှာပေ။

ကြေးပြားပေါ်မှာ စန္ဒီနတ်သမီး စမအင်းရုပ်ကို တသွေမတိမ်းတူအောင် ကူးယူရေးဆွဲပြီးနောက် အစီအရင်များ ပြုလုပ်လေသည်။

အခြားအစီအရင်တို့ကို တစ်ခုချင်း မဖော်ပြသော်လည်း ပြုလုပ်လိုသော စာဖတ်ပရိတ်သတ်အတွက် ဒေဝီခုနစ်ပါး အကြူးမန္တန်တော်ကိုတော့ ဖော်ပြပေးပါမည်။

"တောင်ဂန္ဓမာ၊ သီလစန္ဒ၊ ရုံဆလေးဆိုင်၊ လိုဏ်နန္ဒမူ၊ မြင့်ရွှေဂူဝယ်၊ မဉ္ဇူမာလာ၊ ခိုင်သီတာကို၊ ကြိုင်စွာရွှေဝတ်၊ လေယူဆွတ်သား၊ ညှာညွှတ်ကြွေဆဲ၊ ပန်းမိုးကြဲလျက်၊ ငွေသဲသ[illegible]၊ ပင်ရင်းမှာမူ၊ မြတ်စွာဗုဒ္ဓ၊ ပစ္စေကတို့၊ အရညဝါ၊ ကိန်းအောင်းရာ တည့်. . ဂန္ဓမာဟု၊ သာသည့်ဌာန၊ ထိုတောင်လှ၌ ဧသမက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ဟေမာလကာ၊ စန္ဒရက္ခာ၊ ကေလာသဘာ၊ တောင်ထိုမျှ၌ စိမ်းမြ ရွှေဂူ၊ ရောင်ဖူမိလ္လာ၊ ပျော်ရှာကုန်ကြ၊ ဒေဝမှန်ကူ ထွင့်ဘုန်း လူ. . . ရွှေမူလျှံကြွား၊ ပတ္တမြားရောင်၊ လင်းပြောင်တောက်ဖြာ၊ မိန္ဒရာမေ၊ မြူတေညွန့်ဖြိုး၊ တန်ခိုးကြီးမား၊ ခြောက်ပါးဖြစ်လင့်၊ ရှုတိုင်းတင့်သည်၊

ကောင်းခြင်းသိင်္ဂါ၊ မဟာဒေဝီ၊ မြရီပြာသာဒ်၊ မြင့်လတ် ဆုံပျံ၊ ရွှေရုံပေါင်းခါ၊ စံပယ်သသည်၊ ထွန်းပလျှံညီ မဟေသီ၊ မဟီသပြေ၊ ရေနဝရတ်၊ တောင်ကျွန်းမြတ်မှာ၊ ပန္ဒတ်မင်းဖျား၊ မိဖုယားဟု၊ ထွင့်ကားဥက္ကဌ၊ သောင်းရပ်ကျော်ဇော သကြော ဒေဝီ၊ ပန်းချီမြမြ၊ ရွှေသွေးစသည့်၊ တောက်ပရောင်ဖြာ၊ မယ် ဒေဝါ. . . ရှစ်ဖြာဝန်းရံ၊ ကင့်ငွေရွှက်၊ ရွှေထီးချက်လား၊ မကိုင့် ဖျားသို့၊ လုဖျားမဟော၊ ရွှေဇမ္ဗူငုံ့၊ ပင်ကိုယ်နွဲ့သို့၊ နဂိုရ်တော်လှ ရူပစန္ဒီ၊ မဏိရောင်ဖြာ၊ မင်္ဂလာငါးဖြာကြန်ညီ၊ သိင်္ဂီရောင်သွေ ရွှေဇမ္ဗူရစ်၊ ပုံသွန်းလစ်သို့၊ နေမြစ်သာကီ၊ ဇမ္ဗူဒီတွင်၊ ပလ္လင် ကြာစံ၊ ရွှေဘုံပျံဝယ်၊ ရွှေရံညွှတ်ခါ၊ တင့်ရွှမ်းပသည့် ဒေဝဟန်ချီ ကန္ဒရီ၊ နီရောင်လျှံပ၊ ကမ္ဘာကျက်သရေ မင်းစိုးချွေသား၊ နေမှန် ရဝိ၊ ထွန်းလျှံညီသို့၊ ကြီးဘိရောင်ဝါ၊ တန်ခိုးဖြာသည့် မူယာ ဟန်ပြင်၊ ကေရှင်ကော့မောက်၊ ဆံမြိတ်ခေါက်နှင့် ထက်အောက် မှာမူ၊ ဖြန့်တီးဖြူနှင့်၊ ကန်ဘူနောက်စွယ် ကြာရိပ်လယ်၌၊ စံပယ် စံရွှေ၊ သရွှနေသို့၊ ကြွေရွှေရူပ၊ မူဟန်လှလှနှင့်၊ ရက္ခမဟော၊ အောင် မြေဆီပင်၊ စုတ်ရေးသင်ခဲ့၊ လသွင်လင်းဖြာမယ်ဒေဝါ၊ ငွေလွှာရောင်ခါ၊ စန္ဒာလသို့၊ ထွန်းပရောင်ကြွား၊ ပတ္တမြားဝန်း





ယုန်မင်းထွန်းသို့၊ ဝင်းပျိုလင်းဖြာ၊ ဖြစ်မျိုးကွာသည် ငွေလွှာဝတ် ဆင်၊ ရွှေမထင်ပဲ၊ ကေရှင်ထုံးမတ်၊ ရှုန်းမတတ်သည်၊ ဆံမြိတ် ကေသာ၊ မြသဏ္ဍာမှာ၊ မူယာတော်ပို ယဉ်နဂိုရ်နှင့်၊ ကြည်ညိုမျက် နှာ၊ သော်တာလသွင်၊ ရောင်ရှင်ထွန်းညီ၊ စန္ဒီမည်သာ ဒေဝါတွင် မီ၊ မဟေသီ၊ သီဟဂဇာ၊ အမယာမှာ၊ ငွေသခီစစ်၊ လက်ယာရစ် တူ၊ ရောင်ရှိန်လူသည်၊ ဇမ္ဗူဒီပ၊ လှသည်ရောင်မီ၊ ဒေဝီစန္ဒာ မယ်ဒေဝါ. . . လေးပြားမည်ရ၊ စိန္တေယျဟု၊ လောကမျက်ရှု သဗ္ဗညုအား၊ သားသမင်ယုန်၊ အလုံးစုံတို့၊ မြူးခုန်ပျော်ရာ၊ ဘွဲ့ မည်သာစွ၊ မိဂဒါဝုန်၊ ထုံနန်းလှိုင်သည့် မြိုင်ရဂုံမှာ အာရုံကင်း စေ၊ မင်္ဂလမ်းခြွေသို့၊ ငါးထွေတွင်ချက်၊ ပဥ္စဝဂ်ကို၊ မပျက်မှန်စွာ၊ သုံးဖြာမကိုင့်၊ အမြိုက်ရေအေး၊ တိုက်ကျွေးတော်မူ၊ သယမ္ဘူကို၊ ဆယ်ဆူဖြန့်မိုး၊ လက်စုံမိုးရ၊ ကုသလကို၊မျှလိုသည်မူ၊ မယ်တို့ ရှုပ၊ များလှရောဂါ၊ ငါးဖြာရန်သူ၊ ဆယ်ဆူဘေးဒဏ်၊ ရှစ်တန်အ ပြစ်၊ ကင်းလစ်ဖယ်ရှား၊ နှစ်ဆယ့်ငါးနှင့် ဘေးများဝေးကွာ ဒဏ်မှ ဒဿ၊ ဒွတ္တိံသက၊ စသည့်ကြမ္မာ၊ ရံခါမညီ၊ နဝုတိဆ၊ မရှကိုယ် ဝယ်၊ လွတ်ပယ်ပျောက်လွင့်၊ ရန်ဖြင့်ရှင်းကွာ၊ သွားလေရာ၌၊ မေတ္တာသက်မျှ၊ လာဘ်လာဘမိုး၊ ပြည့်စုံဖြိုးလျက်၊ တန်ခိုး တောက်ထိန်၊ စည်းစိမ်ချမ်းသာ၊ ရတနာစစ်၊ ရတုံလှစ်၍၊ နေမြစ် ဂဠုန်၊ ရောင်ဟုန်ကျားမင်း၊ မာန်တင်းခြင်္သေ့၊ ဆင်ဇော့ဗုဒ္ဓ၊ ကြွက် လုပူးမင်း၊ မာန်ပြင်းနာဂ၊ မိန်းမယောက်ျား၊ ထွတ်ဖျားမဟာ ရာဇာမင်းစစ်၊ စောစစ်နန်းညွှာ၊ လက်ယာတော်မီ၊ မဟေသီ လျှင်၊ မြင်ကစုံမက်၊ သားဝမ်းထွက်သို့၊ မပျက်မေတ္တာ၊ အယက္ကိန္ဒြ



www.burmeseclassic.com

www.burmeseclassic.com

ဒေဝကျော်သောင်း၊ နတ်မင်းအပေါင်းလည်း၊ ကောင်းခြင်းစောင်မ၊ လိုကယခု၊ အောင်ဆုပေးလတ်၊ ကိုယ်စောင့်နတ်က၊ စသည့်အညီ၊ ဒေဝီခုနစ်၊ ထပ်ရစ်ကိုးပါး၊ မင်းမိဖျားလည်း သနားတုံ့ခဲ့၊ သုံးလိုတစ်ဖန်၊ ဝေယံဘုံရ၊ နတ်ထိုမျှလည်း စောင်မမေတ္တာ၊ လိုရာအောင်ဆု၊ ယခုလျှင်စော ပေးပါစေသော ပေးစေသော်။

ဦးဇန်ကောင်းက ထိုအစီအရင်တို့ကို ကျွမ်းကျင်သူဖြစ်ရာ စန္ဒီနတ်သမီး အင်းစမရုပ် စီရင်သောအခါ နတ်အိုးတစ်လုံး၊ ပန်းညိုခုနစ်ညွန့်၊ ဒေါင်းလန်းတစ်ချပ်၊ ထမင်းဖြူ ဟင်းဖြူထည့်၊ ဖျာသင်ဖြူးခင်း၊ ၄င်းဖျားပေါ်မှာ ဖျင်ဖြူဖျင်နီထပ်ခင်း၊ ရွှေဖယောင်းတိုင်တစ်တိုင်၊ ငွေဖယောင်းတိုင်တစ်တိုင်ထွန်း၍ စီရင်သည်။

ပြီးမှ ပွဲသုံးပွဲ၊ ပန်းသုံးခိုင်၊ အုန်းသုံးလုံး၊ ငှက်ပျောသုံးဖီး၊ ကွမ်းသုံးယာ၊ မုန့်သုံးယှက်၊ ဆီမီးသုံးတိုင်ထွန်းပြီးသိဒ္ဓိတင်သည်။

(အကယ်၍ ထိုအင်းစမအစီရင်ကို ထိုသို့မစီရင်ပဲ ပိယသိဒ္ဓိမှော်စီရင်ပါက များစွာအစွမ်းထက်လေသည်၊ စီရင်ပုံချင်းကတော့ အနည်းငယ်ကွာခြားသည်၊ ထိုစီရင်နည်းများမှာ ကျွမ်းကျင်သူများ စီရင်မှသာ သိဒ္ဓိရနိုင်သော်လည်း လိုချင်တာတစ်ခုကြောင့် စမ်းသပ်ကြည့်သည့်သဘောဖြင့် စည်းစနစ်မကျပဲ စီရင်ပါက အကျိုးမပေးပဲ အန္တရာယ်ရစေနိုင်သဖြင့် စီရင်နည်းတို့ကိုတော့ မဖော်ပြပေးတော့ခြင်းဖြစ်ပါသည်။)

(စာရေးသူ)

ဦးဇန်ကောင်းက စန္ဒီနတ်သမီးရုပ်တုမှရသော အင်းစမကို ရွှေပြားပေါ်၌ ကူးယူပြီးနောက် ခုနစ်ရက်ခန့်ကြာအောင် အစီအရင်များ ပြုလုပ်ပြီးမှ ထိုအင်းချပ်ကို ပေးသည်။

"စမအင်းချပ်ကတော့ပြီးပြီ၊ ဒီအင်းချပ်ကို မင်းကိုယ်နဲ့မကွာ ဆောင်ထားပေတော့ ထူးခြားတာတွေ ထပ်ပြီးတွေ့ရပေလိမ့်ဦးမယ်"

နီမောင်က သူပေးသောအင်းချပ်ကို ပဝါဖြူဖြင့် အုပ်ကာ ကောင်းမွန်သောနေရာမှာ ထားလေသည်။

ထို့နောက်မှာတော့ ဦးဇန်ကောင်းပြောသကဲ့သို့ ထူးခြားဆန်းကြယ်မှုများ ထပ်မံကြုံတွေ့ရလေသည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

## မြနန်းရှင်ဒေဝီနှင့်တွေ့ရခြင်း

ယခုတစ်လော နီမောင် စိတ်အစဉ်မှာ မတည်မငြိမ် ဖြစ်နေသည်။ နေ့ဘက်အချိန်များမှာ သစ်စက်အလုပ်များနှင့် ရှုပ်နေသောကြောင့် မသိသာသော်လည်း ညအချိန်ရောက်လာသျှင်တော့ စိတ်က ထိုအကြောင်းကိုသာ တွေးနေမိသည်။

အခြားမဟုတ်ပေ. . .။

မြနန်းရှင်ဒေဝီ အကြောင်းပင်ဖြစ်သည်။

ပထမတော့ မိမိအခန်းထဲမှာ ထိုအရုပ်ရှိနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုအကြောင်းကို တွေးနေမိခြင်းဖြစ်မည်ဟု ထင်သော်လည်း နောက်ပိုင်းတော့ မဟုတ်မှန်း သိလာရလေသည်။

ရုပ်တု ရှိနေသောကြောင့်တင် မကပဲ သူကိုယ်တိုင်က ထိုအကြောင်းကို မကြာခဏ တွေးနေချင်ကြောင်း သတိပြုမိလာသည်။ ထိုအကြောင်းကို တွေးနေရလျှင် စိတ်ထဲမှာ ကြည်နူးနေသလို ခံစားရသည်။

သူ့အနေဖြင့် မြနန်းရှင်ဒေဝီ၏ အသံကို ကြားဘူးသည်။ သာမန်ကြားနေကျ အသံတို့ထက်ပိုပြီး သာယာနာပျော်ဘွယ်ရှိသည်။ ရုပ်သွင်ကိုတော့ ဝိုးတဝါး တွေ့မြင်ဘူးသည်။ အချိုးအစားကျသော အလှများကိုသာ တွေ့လိုက်ရပြီး မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရပေ။

သူ့စိတ်ထဲမှာ လှိုက်လှိုက်စွာ တောင့်တနေခြင်းက အခြားမဟုတ်ပါချေ။ မြနန်းရှင်ဒေဝီမျက်နှာကို တွေ့လိုမြင်လိုသော ဆန္ဒပင် ဖြစ်ပေသည်။

ညအချိန် မိမိအိပ်ခန်းသို့ ပြန်ရောက်လျှင် ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးသည်နှင့် ရုပ်တုရှေ့သို့သွားပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

"မြနန်းရှင်ဒေဝီမယ်တော်၊ မယ်တော်ရဲ့ ကူညီစောင့်ရှောက်ပေးမှုကြောင့် လုပ်ငန်းအားလုံး အဆင်ပြေချောမွေ့ပြီး ဘေးအန္တရာယ်များလည်း ကင်းရှင်းခဲ့ပါသည်၊

ထို့အတွက် မယ်တော်ရဲ့ ဂုဏ်ကျေးဇူးကို မမေ့မလျော့ရှိခဲ့ပြီ မေတ္တာပို့ အမျှအတန်းများ ဝေပါသည်ခင်ဗျား . . အမျှ . . အမျှ . . . အမျှ . . ယူပါကုန်လော့ . . "

ဟု နေ့စဉ် ပြောဆိုတိုင်တည်ပြီးမှ အိပ်ရာဝင်သည်။

တစ်ညမှာတော့ အိပ်ပျော်နေစဉ် နှာခေါင်းထဲမှာ ထူးခြားသော မွှေးရနံ့တစ်ခု တိုးဝင်လာသောကြောင့် ပြန်နိုးလာသည်။ အိပ်မက်မက်နေခြင်း မဟုတ်ပေ။

နိုးလာသောအခါမှ ထူးခြားသော မွှေးရနံ့က ပိုရလာသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ရုံရှည်တစ်ခု လွှမ်းခြုံထားသော အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ကို တွေ့မြင်ရသည်။ အခန်းတွင်းမှာ မီးရောင်မရှိပေ။

သို့သော် တစ်နေရာမှ အလင်းရောင် ထိုးကျနေသကဲ့သို့ ကောင်းစွာတွေ့မြင်နေရသည်။

နီမောင်က စိတ်ထဲမှတုန်လှုပ်စွာဖြင့် ထထိုင်လိုက်သည်။ ထိုအခါအမျိုးသမီးက သူနှင့် မနီးမဝေးနေရာသို့ လျှောက်လာသည်။

မနီးမဝေးနေရာရောက်တော့ ရပ်ပြီး မေးလိုက်သည်။

"သင့်စိတ်ထဲမှာ ငါ့မျက်နှာကို မြင်ချင်နေတယ် မဟုတ်လား"

"ဟုတ် . . ဟုတ်ပါတယ်"

ငြင်းလည်းမငြင်းချင်တော့။ သို့ကြောင့် အမှန်အတိုင်းဝင် ခေါင်းညိတ်ဝန်ခံလိုက်သည်။

"သင်ကြည့်လိုသော ငါ့မျက်နှာကို ကြည့်ပေတော့"

ထိုသို့ပြောပြီး ဦးခေါင်းပေါ်မှ ခြုံထားသော ပဝါကို







www.burmeseclassic.com

www.burmeseclassic.com

ဆွဲဖယ်ချလိုက်သည်။

တိမ်တိုက်ဖုံးနေသည့် လစန္ဒာအား တိမ်တိုက်များ ကင်းစင်သွားပြီးနောက် ပြန်တွေ့ရသကဲ့သို့ ဝင်းပလှပသော မျက်နှာကို တွေ့မြင်ရသည်။

နီမောင်မှာ တအံ့တသြဖြင့် ငေးကြည့်နေရာမှ အသက်ရှူရန်ပင် မေ့လျော့နေသည်။

နက်မှောင်ရှည်လျားသော ဆံပင်တို့ကို တစ်ပတ်လျှိုထုံးထားသည့်အထိ ခါးအထိ ရောက်နေသည်။

ဖြူဝင်းသော နဖူးပြင်၊ နက်မှောင်သော မျက်ခုံး၊ တောက်ပသောမျက်လုံး၊ ဖြောင့်စင်းသောနှာတံ၊ နီထွေးနေသော နှုတ်ခမ်း၊ မို့မောက်သော ပါးပြင်နှစ်ဘက်တို့မှာ မိန်းမချောမိန်းမလှတစ်ဦး၌ရှိသော အလှအင်္ဂါရပ်များဖြင့် ပြည့်စုံနေလေသည်။

အပေါ်မှ ခြုံထားသော ဝတ်ရုံကိုဖယ်ချလိုက်သောအခါ ပါးလွှာသောပဝါတစ်ထည်အောက်မှ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့ကို တွေ့မြင်ရသောအခါ တစ်ကိုယ်လုံး မီးလောင်မြိုက်ခံရသကဲ့သို့ ပူလောင်လာလေသည်။

“သင့်အနေနဲ့ ငါ့ကို တွေ့ဖူးမြင်ဖူးချင်နေတယ်၊ စိတ်ထဲက တောင့်တနေတယ်၊ အခုလို မြင်ရတော့ ငါနဲ့ ပျော်မွေ့ချင်တဲ့စိတ်တွေ ဖြစ်လာတယ်မဟုတ်လား”

နီမောင်က ဘာမှ ပြန်မပြောဘဲ မျက်လုံးအပြူးသားဖြင့်သာ ငေးကြည့်နေသည်။





“ငါနဲ့သော်လည်းကောင်း၊ ငါရဲ့ကိုယ်ပွားရုပ်သွင်တို့နှင့် ပျော်မွေ့လိုပါက ပြုလုပ်၍ရစေနိုင်သော နည်းများရှိပေသည်၊ သင်အလိုရှိပါက ငါပေးပါမည်၊ တစ်ခုတော့ရှိသည်၊ ငါနဲ့ ပျော်မွေ့ပြီးလျှင်တော့ ဘဝတစ်လျှောက်လုံးမှာ နောက်ထပ် မည်သည့်မိန်းမနှင့်မှ ထိတွေ့ခွင့် မရတော့ပေ၊

အကယ်၍ ထိတွေ့မိပါက သင်ရော ထိုမိန်းမပါ ပျက်စီးခြင်းသို့ ရောက်ပေလိမ့်မည်”

ထိုစကားကြားတော့ အိပ်ပျော်နေသူကို လျှပ်စစ်ဖြင့် တို့လိုက်သကဲ့သို့ တုန်လှုပ်ချောက်ချားသွားလေသည်။

“သင်. . . ငါတို့နှင့် ပျော်မွေ့လိုသော အစီအရင်ကို အလိုရှိပါသလား”

“ကျွန်. . ကျွန်တော်မှားမိပါတယ်. . မယ်တော်ကို စိတ်နဲ့ ပစ်မှားမိပါတယ်. . ဒီအတွက် သည်းခံခွင့်လွှတ်ပေးပါ”

ဟု တောင်းပန်လိုက်သောအခါ မြနန်းရှင်ဒေဝီက ကိုယ်ပေါ်သို့ အဝတ်ပြန်လွှမ်းတင်လိုက်ပြီး တစ်ချက်ပြုံးလိုက်သည်။ ထိုအပြုံးမှာ ကြောက်စရာကောင်းသောအပြုံးမျိုးမဟုတ်ပဲ ခွင့်လွှတ်သည်းခံသော အပြုံးမျိုးဖြစ်သည်။

“သင့်ကို အပြစ်ဆိုစရာမရှိပါ၊ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ ဆန့်ကျင်ဘက်ကို စိတ်ဝင်စားကြတာ သဘောသဘာဝတစ်ခုပါပဲ. . စိတ်သည် ကာမဂုဏ်အာရုံတို့၌ တုန်လှုပ်တတ်သည်၊ အာရုံတစ်ခုတည်းမှာ မတည်ငြိမ်ပဲ လျှပ်ပေါ်တတ်တယ်၊ ကာမဂုဏ်စိတ်သို့ မသွားစေရန် တားမြစ်နိုင်ခဲ့တယ်၊ စောင့်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ပါတယ်"

နီမောင်က ခေါင်းငုံ့ပြီးသာ နားထောင်နေ၏။

"မြားတံပြုလုပ်သူဟာ အသွားဖြောင့်စေရန် မြားတံ ဖြောင့်အောင်ပြုလုပ်ပေးရသကဲ့သို့ စိတ်ကိုစောင့်ထိန်းနိုင်သ သည် ကာမဂုဏ်သို့ မကျက်စားမိစေရန် သတိဖြင့် ပြုပြင်ရတယ် စောင့်ထိန်းအပ်တယ်"

"မှန်ပါတယ် မယ်တော်"

"ပန်းပွင့်အလှများကဲ့သို့ ဆွဲဆောင်မှုရှိသော (ကာမဂု အာရုံကို ရွေးချယ်ဆွတ်ခူးလျက်၊ ၎င်းကို တွယ်တာကပ်ငြိနေလျှ အခြား အောင်မြင်မှုအားလုံးကို စွန့်လွှတ်ပေးကြရတယ်၊ အခွ အရေးကောင်းများကို ကာမဂုဏ်အာရုံက ကွယ်ထားသဖြင့် မမြင်သာသောကြောင့် မိမိထံသို့ အခွင့်အရေးတို့ ရောက်လာ သော်လည်း မယူနိုင်သောကြောင့် ဆုံးရှုံးမှု ဖြစ်ရပေတယ်"

"မှန်ပါပေတယ်. ."

"ချစ်ခင်တပ်မက်ခြင်းမှ ပေါက်ဖွားလာသော စွဲလ ခြင်းသည် ရှိလျှင်လည်းမကောင်း၊ မရှိလျှင်လည်း မကောင်း သော အရာဖြစ်တယ်၊ ၎င်းကို မျှတစွာသုံးစွဲသူတို့သည် အကျိ တရားရပြီး၊ လွန်ကဲစွာ သုံးစွဲမိက ပျက်စီးခြင်းသို့ ရောက်ကြ ပေတယ်"

"မှန်ပါပေတယ်"

"ပင့်ကူသည် ၎င်းနေရန် အိမ်ကို ၎င်းကိုယ်မှထွက်သေ ပိုးချည်မျှင်ဖြင့်သာ တည်ဆောက်သကဲ့သို့ပင် ပုထုဇဉ် လော





သားတို့သည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ယက်လုပ် သော ကြိုးမျှင်နှင့်တူသော အကြောင်းတရားတို့ဖြင့် ဖန်တီးပါ တယ်. .၊

ထိုကြိုးများထဲမှာ လောဘကြိုး၊ ဒေါသကြိုး၊ သံယောဇဉ် ကြိုး၊ စွဲလမ်းမှုကာမဂုဏ်ကြိုး ထို့အပြင် အတ္တကြိုးတို့လည်း ပါဝင် သတယ်၊ ထိုကြိုးများနှင့် တွယ်ငြိပါက ရုန်းထွက်ရန် လွန်စွာခဲ ဉ်းလှပါတယ်. .၊

သင်သည် နုနယ်သော ပုတုဇဉ်သားတစ်ယောက်သာ သေးသည်၊ ထို့ကြောင့် ကာမတဏှာ၏ လှည့်စားမှုကို ခံရခြင်း တယ်. .၊ သင်သည် ငါ၏ကိုယ်ခန္ဓာနှင့် အလှအပတို့ကို မက်မှုဖြစ်တယ်၊ တကယ်တော့ ထိုအလှအပတို့သည် သ ဘာဝများ မဟုတ်ကြပေ၊

ကမ္မဇိဒ္ဓိဖြင့် ဖန်ဆင်းထားခြင်းဖြစ်တယ်၊ ထိုအလှအပ ကိုဖျောက်ပြီး ကြောက်စရာကောင်းတဲ့ ရုပ်သွင်ကို ဖန်ဆင်း လျှင် စောစောကဖြစ်ပေါ်နေသော တပ်မက်စိတ်မျိုး ရှိနိုင်ပါ့ သား"

"ကျွန်တော် မှားမိပါတယ် မယ်တော်. . ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ၊ နောက်နောင် ထိုကဲ့သို့ မပစ်မှားမိစေရန် သတိ ထားပါ့မယ်. ."

"သင့်အနေနှင့် မှားနေသောစိတ်ကို ချက်ချင်းမြင်နိုင် ခြင်းဟာပင် အောင်မြင်ခြင်းဖြစ်ပေတယ်၊ သင်သည် တစ်ယောက် တည်းနေပါက စိတ်၏လှည့်စားခြင်းကိုခံနေရဦးမည်သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် မကြာခင်မှာ သင်နှင့်ထိုက်တန်သော ဖူးစာဖက် တစ်ဦးနှင့် တွေ့ရန် ငါစောင့်ရှောက်ပေးပါမည်”

ဟု ပြောဆိုကာ ရှေ့မှာပေါ်နေသော မြနန်းရှင်ဒေဝီ ပုံရိပ်မှာ တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားလေသည် အခန်းထဲမှာပေါ်နေသော အလင်းရောင်များလည်း မှိန်သွား လေသည်။

နီမောင်က စင်ပေါ်မှာတင်ထားသော ရုပ်တုရှိရာသို့ လက်အုပ်ချီလျက် အရိုအသေပေးပြီးတော့မှ အိပ်ယာပေါ်သို့ ပြန်လှဲချလိုက်သည်၊

သို့သော်လည်း မျက်စိထဲမှာ မြနန်းရှင်ဒေဝီ၏ ပုံရိပ်များ မြင်ယောင်နေပြီး၊ နားထဲမှာလည်း ပြောသွားသောစကားသံများ ကို ပြန်လည်ကြားယောင်နေလေတော့သည်။





# အခန်း(၁၃)

## ဘဝဟောင်းကပါရမီကြိုး

ရှေ့အခန်းများမှာ ရေးခဲ့သည့်အတိုင်း ဆိပ်ကြီး ခနောင် တို့မှာ ဆက်စပ်မှုရှိသော်လည်း တစ်နေရာစီဖြစ်သည်။ ခနောင် တို့ချောင်းမှာ အရှေ့နောက် သွယ်တန်းလျက်ရှိရာ ဆိပ်ကြီးက အရှေ့ဘက်ပိုင်းမှာရှိပြီး ခနောင်တို့က အနောက်ဘက်ပိုင်းမှာ ရှိသည်။ သို့သော် တစ်နေရာနှင့် တစ်နေရာ ဆက်စပ်မှုရှိသဖြင့် ကူးသန်းသွားလာမှုတော့ ရှိကြလေသည်။

ခနောင်တို့နှင့်စာလျှင် ဆိပ်ကြီးရပ်ကွက်က သိမ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ရေး ပိုကောင်းသည့်အပြင် ရန်ကုန်ဘက်သို့ကူးသော ကူးတို့ဆိပ်ရှိသောကြောင့် ပိုမိုစည်ကားလေသည်။

ကူးတို့ဆိပ်နှင့် အနီးတစ်ဝိုက်တွင် အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဟင်းရောင်းချသည့်စားသောက်ဆိုင်များအပြင် အခြားကုန်မျိုးစုံများ ရောင်းချသော ဆိုင်ကြီးအချို့လည်း ရှိလေသည်။

ထို့ပြင် အပေါင်ခံ၊ နေပြန်တိုးပေးသော ချစ်တီးများပါ ရှိသဖြင့် လက်လုပ်လက်စားများအဖို့ အဆင်ပြေသောနေရာ ဖြစ်သည်။ ဆိပ်ကြီးရပ်ကွက်၊ ကူးတို့ဆိပ်ရှိသောနေရာနှင့် မနီးမဝေး လမ်းမတစ်နေရာမှာတော့ ကုန်မျိုးစုံ လက်လီလက်ကား ရောင်းချသော ဆိုင်ကြီးတစ်ဆိုင် ရှိသည်။

စားသောက်ကုန်များ၊ လူအသုံးအဆောင်ပစ္စည်းများအပြင် အဝတ်အထည်များပါ ရောင်းသည်။

ထို့အပြင် လက်သမားသုံး ပစ္စည်းများအပြင် လှေလွန်းတင်ရာ၌ အသုံးပြုသော ပွန်းညှက်၊ ရေနံ၊ ကတ္တရာစေး စသော ကုန်ပစ္စည်းများပါ စုံလင်စွာရောင်းချလေသည်။

ထိုဆိုင်ပိုင်ရှင်တို့မှာ ဦးသာမောင်၊ ဒေါ်ရွှေလေးတို့ဖြစ်ပြီး ဆိုင်ကိုတော့ သားသမီးများကသာ လုပ်ကိုင်ကြလေသည်။

၎င်းတို့တွင် သားသမီးသုံးယောက်ရှိရာ သူ့တာဝန်နှင့်သူ ခွဲဝေပေးထားသည်။ အကြီးဆုံးသမီး မြနှင်းဖြူက အဝတ်အထည် ရောင်းသောဆိုင်မှာ တာဝန်ယူရောင်းချသည်။

သားအလတ် ကျော်ဝင်းဆိုသူက ကုန်မာပစ္စည်းများ





ရောင်းချပြီး သမီးအငယ် ရွှေမှုံက ကုန်မျိုးစုံရောင်းချသောနေရာ၌ တာဝန်ယူလေသည်။

မြနှင်းဖြူက အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်။ သူမသည် ရုပ်ရည်ချောမောရုံမကပဲ ပြောဆိုဆက်ဆံရေးကလည်း ပြေပြစ်သူဖြစ်သောကြောင့် အားလုံးက ခင်မင်နှစ်သက်ကြသည်။

မိဘများကလည်း ဆိပ်ကြီးခနောင်တိုတဝိုက်မှာ မျက်နှာဖုံးများဖြစ်ကြပြီး ငွေကြေးချမ်းသာသူများ ဖြစ်ကြသဖြင့် လူသိများလေသည်။

မိဘအရှိန်အဝါ ကောင်းသည့်အပြင် မြနှင်းဖြူက ရုပ်ရည်ချောမောလှပသူ ဖြစ်သဖြင့် အတော်များများက စိတ်ဝင်စားကြသည်။

မိဘအချင်းချင်း လာရောက်ကြောင်းလမ်းကြသူများ ရှိကြသလို လူငယ်အချင်းချင်း ချစ်ကျွမ်းဝင်ခွင့်ရရန် ကြိုးစားကြသူများလည်း ရှိသည်။

ထိုကဲ့သို့ လာရောက်ကြောင်းလမ်းကြသူများမှာ အရှေ့ဘက်ကမ်း ရန်ကုန်မြို့မှ လူကုံထံအချို့လည်း ပါလာလေသည်။

သို့သော် . . မြနှင်းဖြူက လက်မခံသောကြောင့် စေ့စပ်ကြောင်းလမ်းသည့် အဆင့်မျိုးတော့ မရှိသေးပေ. . . ။

မြနှင်းဖြူ အနေနှင့်လည်း မိမိစိတ်ထဲမှ နှစ်သက်သူမှ ဟုတ်ပါက လက်မခံချင်သဖြင့် ထိုကဲ့သို့ အတန်တန် ငြင်းပယ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူ၏ မေတ္တာကိုရရန် ကြိုးစားနေသူများထဲမှာ အဆင်ပြေမှုရရန် အနီးစပ်ဆုံး လူတစ်ယောက်တော့ ရှိနေသည်။ အခြားသူ မဟုတ်ပေ. . ဇမ္ဗူကျော်ဆန်စက်မှ တာဝန်ခံလုပ်နေသူ "ထွန်းအောင်ဖေ" ဆိုသူပင်ဖြစ်သည်။

ထွန်းအောင်ဖေက အသက်သုံးဆယ်ကျော်အရွယ် ရောက်နေသော်လည်း အပူမရှာပဲ တစ်ကိုယ်တည်း နေထိုင်သူ ဖြစ်သည်။

ဆန်စက်ပိုင်ရှင်မဟုတ်စေကာမူ ကိုယ်စားလှယ် တစ်ယောက်ဆိုသည်မှာ ဆန်စက်တစ်ခုလုံးကို သူ့သဘောကျ စီမံခန့်ခွဲမှုရသော ပိုင်ရှင်ကဲ့သို့ ပါဝါရှိသူဖြစ်သည်။

မြင်နှင်းဖြူတို့က ဆိုင်မှာ ရောင်းစရာဆန်လိုပါက ထိုဆန်စက်မှာ သွားရောက်ဝယ်ယူရာမှ ထွန်းအောင်ဖေနှင့် ခင်မင်သိကျွမ်းသွားခြင်းဖြစ်သည်

နောက်ပိုင်းတော့ ထွန်းအောင်ဖေက မြနှင်းဖြူကို စိတ်ဝင်စားသောကြောင့် အိမ်သို့ လာရောက်လည်ပတ်ရာမှ မိဘများပါ သိကြလေသည်။

ထိုခေတ်အချိန်အခါက ဆိပ်ကြီးခနောင်တိုဘက်တွင် နေကြသူတို့မှာ လက်လုပ်လက်စားများသောကြောင့် ထွန်းအောင်ဖေလို စက်ပိုင်ရှင်ကိုယ်စားလှယ်တစ်ယောက်မှာ မိုးကျရွှေကိုယ် ဖြစ်နေတော့သည်။

မိဘများကလည်း ထွန်းအောင်ဖေ သဘောကို ရိပ်မိသော်လည်း သဘောမျှသည့်အနေဖြင့် မသိဟန်ပြုနေကြသည်။





နောက်တော့ ထွန်းအောင်ဖေက သူ့သဘောကို ဖွင့်ပြောလာသည်။

"ကိုယ်ကတော့ မြနှင်းဖြူကို သဘောကျနှစ်သက်နေပြီ ကိုယ့်မေတ္တာကို လက်ခံမယ်ဆိုရင် ဒီဝါမဝင်ခင် လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူပါ့မယ်"

ထိုသို့ ဖွင့်ပြောလာသောအခါ မြနှင်းဖြူကလည်း သူမသဘောထားကို ပွင့်ပွင့်လင်းလင်း ပြောသည်။

"ကိုထွန်းအောင်ဖေအနေနဲ့ ဒီလိုဖွင့်ပြောလာတော့ ကျွန်မအနေနဲ့ အသေအချာ စဉ်းစားရပါဦးမယ်၊ တကယ်ဆိုရင် ကိုထွန်းအောင်ဖေလို လူမျိုးကို ငြင်းပယ်စရာ မရှိပေမယ့် ဘဝတစ်သက်လုံး လက်တွဲသွားမယ့် ကိစ္စမျိုးကိုတော့ လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ မရပါဘူး၊

ကိုထွန်းအောင်ဖေနဲ့ ကျွန်မတို့က အတွင်းသိ အစင်းသိတွေ မဟုတ်ကြတော့ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ တစ်ယောက်သဘော တစ်ယောက်သိဖို့ အချိန်ယူပြီး လေ့လာကြရင် မမှားဘူးလို့ ထင်ပါတယ်"

ထိုသို့ လိမ္မာပါးနပ်စွာဖြင့် ပြောသောအခါ ထွန်းအောင်ဖေလည်း ရှေ့ဆက်မတိုးသာတော့ပေ. . .။

သို့သော်လည်း ထွန်းအောင်ဖေကလည်း ခေသူမဟုတ်ပေ။ ရှစ်စပ်က ဂျင်ခြေလည်ခဲ့သူတစ်ယောက် ဖြစ်ပေရာ ငတ်နည်းနဲ့မရမှန်း သဘောပေါက်သဖြင့် အနုနည်းဖြင့်သာ ဓိတ်ရှည်လက်ရှည် ချဉ်းကပ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ မြနှင်းဖြူ၏ မိခင်ဖြစ်သူ ဒေါ်ရွှေလေးကပင် အားနာလာသဖြင့် သမီးဖြစ်သူကို နားချသည့် သဘောမျိုးဖြင့် ပြောဆိုပေးရလေသည်။

"ညည်းကလည်း သင့်တော်တဲ့သူ တွေ့ပြန်တော့လည်း အရိုးများတယ် ချေးခါးတယ် လုပ်နေတယ်၊ အခုကာလမှာ သူလို လူမျိုးဆိုရင် ဘယ်သူကမှ ငြင်းကြမယ် မထင်ဘူး၊ ဘာတွေများ စဉ်းစားပြီး ဒီလောက် အချိန်ဆွဲနေရတာလဲ ညည်းမှာတခြား ရည်စူးထားတာ ရှိနေလို့လား"

"မရှိပါဘူး အမေရယ်. ."

"ဒါနဲ့များအချိန်မဆွဲသင့်ပဲ ဆွဲနေရသေးတယ်. . ခေတ်ကာလက ကောင်းတာမဟုတ်ဘူး၊ တော်ကြာ ခေတ်ပျက်တဲ့ အချိန် ရောက်သွားရင် ဒီလိုအခွင့်အရေးမျိုး ရတော့မှာ မဟုတ်ဘူး. ."

"တကယ်တော့ ကျွန်မက အိမ်ထောင်မပြုချင်သေးပါဘူး အမေရယ်၊ ဒါကြောင့် စဉ်းစားနေတာပါ"

"ညည်းအရွယ်က အိမ်ထောင်ပြုရမယ့် အရွယ်ပဲရောက်နေပြီ၊ တော်ကြာ မတော်တဲ့သူနဲ့တွေ့သွားရင် မခက်ပေဘူးလား၊ ဒီတော့ မိဘကသင့်တော်တယ်ထင်လို့ စီမံတာကို အကြောင်းအမျိုးမျိုးပြပြီး ငြင်းမနေနဲ့တော့၊ ညည်းဆုံးဖြတ်ရ ခက်နေရင် ငါတို့ကပဲ သင့်တော်သလို စီစဉ်လိုက်တော့မယ်. ."

မိခင်ဖြစ်သူက ထိုသို့ပြောသဖြင့် မြနှင်းဖြူလည်း မငြင်းသာတော့ပေ။





နောက်တစ်လခန့်ကြာသောအခါ မြနှင်းဖြူတို့ နေအိမ်မှာပင် စေ့စပ်ကြောင်းလမ်းပွဲ ကျင်းပရန် စီစဉ်လေသည်။

သတို့သားလောင်း ထွန်းအောင်ဖေက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ရန်ကုန်မှာနေသော သူ့မိဘများအပြင် ဦးဗန်ကောင်းနှင့် နီမောင်တို့ကို လာရောက်ဖိတ်သဖြင့် လိုက်သွားကြရလေသည်။ နီမောင်အနေဖြင့် မိန်းကလေးနေအိမ် ရောက်တော့မှ မြနှင်းဖြူကို တွေ့မြင်ဖူးခြင်း ဖြစ်သည်။

"အတော်လှပြီး ကျက်သရေရှိတဲ့ မိန်းကလေးပဲ သူ့ကို ရတဲ့သူကတော့ အတော်ကံကောင်းတာပဲ"

ဟု စိတ်ထဲမှ တွေးနေမိသည်။

ထိုနေ့က သာမန်အဝတ်အစားများဝတ်ကာ သာမန်မျှသာ ပြင်ဆင်ထားပြီး သံပတ်ပေးထားသော စက်ရုပ်ပမာ လှုပ်ရှားနေသည်၊ ဧည့်သည်များကို အပြုံးဖြင့် နှုတ်ဆက်နေသော်လည်း အသက်မပါလှပေ. .၊

စေ့စပ်ပွဲတွင် ထွန်းအောင်ဖေ၏ မိဘများပါသော်လည်း သာမန်ရိုးရိုးအေးအေး နေကြသူများ ဖြစ်သဖြင့် ဦးဗန်ကောင်းကပင် သတို့သားဘက်မှ လူကြီးတစ်ယောက်အနေဖြင့် ပြောဆိုအသိပေးရမည်။

မိန်းကလေးရှင်များ အနေဖြင့်လည်း သဘောတူထားပြီး ဖြစ်သောကြောင့် ထွေထွေထူးထူး မရှိလှသဖြင့် မင်္ဂလာပွဲကျင်းပမည့်နေ့ရက်ကိုသာ ပြောဆိုဆွေးနွေးကြပြီး ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ်စက်ပြန်ရောက်တော့ ဦးဗန်ကောင်းက ပြောသည်၊

"ကြည့်ရတာ မိန်းကလေးက သိပ်ပြီးနှစ်မြို့က်ပုံမရဘူး"

"ဘာကြောင့်လည်း အဘရဲ့၊ နှစ်မြို့က်လို့ပဲ စေ့စပ်ကြောင်းလမ်းလို့တောင်ပြီးသွားပြီ မကြာခင် မင်္ဂလာဆောင်တော့မယ့်ဟာ. ."

"မင်္ဂလာဆောင်တာနဲ့ နှစ်သက်တာနဲ့ တစ်ထပ်တည်းကျတယ်ဆိုတာ အတော်ရှားပါတယ်ကွာ၊ မင်္ဂလာဆောင်ရပေမယ့် တစ်ယောက်နဲ့ တစ်ယောက် နှစ်သက်မှု မရှိတာတွေ အများကြီးရှိတယ်၊ တချို့က အကြောင်းအမျိုးမျိုးကြောင့် လက်ခံလိုက်ရတာတွေ ရှိတယ်. ."

"အဘက ဘာကို အကဲခတ်မိလို့ ဒီလိုပြောတာလဲ"

"မိန်းကလေး တစ်ယောက်ရဲ့အလှဟာ ပန်းတစ်ပွင့်လိုပဲ နှစ်သက်မှုရှိမှ အစွမ်းကုန်ပွင့်လန်းလေ့ ရှိကြတယ်. . .၊ မိန်းကလေးတွေရဲ့ ပျော်စရာအကောင်းဆုံးနဲ့ စိတ်လှုပ်ရှားမှု အဖြစ်ဆုံးအချိန်ဟာ ချစ်သူနဲ့ မင်္ဂလာဆောင်ရတော့မယ့် အချိန်လည်း တစ်ချိန်ပါတယ်"

"အဘက ဘယ်လိုများ သိနေတာလဲ"

"သိတာပေါ့ကွာ ငါလည်း ငယ်ရာကကြီးလာတဲ့သူပဲ. . ဒီလိုအချိန်မှာ ပါးပြင်ပေါ်မှာ သွေးရောင်လွှမ်းနေပြီး အမူအရာကလည်း သွက်လက်နေလေ့ရှိတယ်. .၊ မျက်လုံးလေးတွေက အရောင်လက်နေပြီး၊ သူတို့ရဲ့ အပြုံးကလည်း အသက်ဝင်နေတတ်တယ်"





"တယ်ဆိုတဲ့ စာပါလား"

"ဒီကနေ့တွေ့ခဲ့တဲ့ သတို့သမီးလောင်း မြနှင်းဖြူဆိုတဲ့ မိန်းကလေးကတော့ ဒီလိုမဟုတ်ဘူး မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်ပြီး တစ်လောကလုံး ဘယ်သူ့အားကိုးရမှန်း မသိတော့တဲ့ပုံမျိုး ဖြစ်နေတယ်. .

နောက်ပြီး သူ့အမူအရာကို မင်းသတိမထားမိဘူးလား၊ သံပတ်ပေးတဲ့စက်ရုပ်လို ငိုင်နေတာလေ. ."

"အင်း ဟုတ်တော့ဟုတ်တယ်. .၊ သူ့ကြည့်ရတာ မရွှင်မလန်းနဲ့ တစ်ခုခု ဖြစ်နေသလိုပဲ"

"ငါပြောရင် လွဲခဲပါတယ်ကွာ ဒီလိုအဆင်မချောတဲ့ အိမ်ထောင်ရေးတစ်ခုဟာ ရေရှည်လာရင် အဖုအထစ်တွေ တွေ့ရတတ်တယ်. ."

ဟုပြောပြလေသည်။

နောက်ပိုင်းမှာတော့လည်း နီမောင်တို့အနေဖြင့် သစ်စက်အလုပ်များဖြင့် ရှုပ်နေကြသဖြင့် မြနှင်းဖြူတို့အကြောင်းလည်း သတိမရနိုင်တော့ပေ။

တစ်ညမှာတော့ မြနန်းရှင်ဒေဝီကို တွေ့ရသည်၊

"သင်ရဲ့ ဖူးစာဖက်ကို တွေ့ခဲ့ရပြီလား"

ထိုစကားကြောင့် တအံ့တသြဖြစ်သွားပြီး. . .၊

"ဟင့်အင်း. . အခုထိတော့ မတွေ့ရသေးပါဘူး"

ဟု ပြန် ပြောလိုက်သည်။

"ဟိုတစ်နေ့က စေ့စပ်ပွဲလုပ်တဲ့ မိန်းကလေးဟာ သင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖူးစာဖက်ပဲ”

“မဖြစ်နိုင်တော့ပါဘူး မယ်တော်၊ သူက မကြာခင်မှာ မင်္ဂလာဆောင်တော့မှာပါ”

“စက္ကန့်နဲ့အမျှ ပြောင်းလဲနေတဲ့ အနာဂတ်ရဲ့ ကံကြမ္မာတွေကို ကြိုတင်ပြီး သိနိုင်ပါ့မလား”

“ကျွန်တော်တို့ အနေဖြင့် မသိနိုင်ပါ. .”

“ဘဝအတိတ်က အကြောင်းတရားတွေနဲ့ ဆက်စပ်မှုရှိနေတဲ့ အကျိုးတရားတွေဟာ ဆန်းကြယ်လှတယ်. . ၊ ဒါတွေကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ လက်ခံကြရတယ် ပါရမီဖြည့်ဖက်ဆိုတာ အရေးကြီးတယ်. .”

ယောက်ျားတစ်ယောက်ဟာ မိန်းမတွေနဲ့ အများကြီးတွေ့နိုင်တယ်၊ ပါရမီဖြည့်ဖက် မဟုတ်ရင် ဘဝသာ နစ်မွန်းသွားမယ် ဘာမှဖြစ်လာမှာ မဟုတ်ဘူး”

“မှန်ပါတယ်. .”

‘မိန်းမတွေလည်း ဒီလိုပဲ အားကိုးထိုက်တဲ့ ပါရမီဖြည့်ဖက်နဲ့မတွေ့ရင် ချမ်းသာသုခမရပဲ ဆင်းရဲဒုက္ခတွေနဲ့သာ တွေ့ကြုံရတယ်”

“ကိုယ့်ရဲ့ ပါရမီဖြည့်ဖက် ဖြစ်မဖြစ်ဆိုတာ ဘယ်လိုသိနိုင်ပါ့သလဲ မယ်တော်. .”

“ပါရမီဖြည့်တယ်ဆိုတာ ဘဝတစ်ခုနဲ့တစ်ခု အဆက်အသွယ်ဖြစ်ဖို့ ဆက်ထားတဲ့ ကြိုးတစ်ချောင်းနဲ့ တူတယ်၊ ဘုရားအလောင်းရဲ့ ပါရမီဖြည့်ဘက် သုမိတ္တာဟာ ဘဝတစ်ခုပြီး တစ်ခု





တစ်ဆက်ပြီး တစ်ဆက် ပါရမီကြိုးဆက်ခဲ့လို့ နောက်ဆုံး ယသော်ဓရာ ပါရမီဖြည့်ခွင့်ရခဲ့တာ မဟုတ်လား”

“မှန်ပါတယ်”

“ပါရမီဖြည့်ဖက်မှန်ရင် လူကမေ့နေရင်တောင် စိတ်က သိနေတယ်. . ပါရမီကြိုးက လှုပ်လာတာနဲ့ အာရုံက နိုးကြားလာတတ်တယ်. . သင် သူ့ကိုမြင်တော့ ဘယ်လိုဖြစ်သွားသလဲ”

“မရလိုက်တော့ပေမယ့် ရယူထိုက်တဲ့ ပန်းတစ်ပွင့်လိုပဲ စိတ်ထဲမှာ ဖြစ်ပေါ်ခဲ့မိပါတယ်. .”

“ဒါဟာ အပြစ်မဟုတ်ဘူး၊ တကယ်လို့ ပါရမီဆက်မှန်ရင် သင်မမျှော်လင့်တဲ့ အဖြစ်အပျက်မျိုးတွေ တွေ့ရပါတော့မယ်. .”

“အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ် မယ်တော်”

ထို့နောက်မှာတော့ မြနန်းရှင်ဒေဝီ၏ ပုံရိပ်သဏ္ဍာန်က တဖြည်းဖြည်းနှင့် မှုန်ဝါးပျောက်ကွယ်သွားသော်လည်း နီမောင်တာတော့ အတွေးစများ ရှည်လျားနေသောကြောင့် အိပ်မပျော်နိုင်တော့ပါချေ. .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

## တက်နွှာကျေးကျွန်းသို့တိုးဝင်မိခြင်း

လောကလူသားတို့အတွက် ချစ်သူနှင့် ရွှေလက်တွဲရသော အချိန်၊ ချစ်သူနှင့် မင်္ဂလာပွဲဆင်နွှဲရသောအချိန်သည် အပျော်ဆုံး အချိန်များထဲမှာ တစ်ချိန်အပါအဝင်ဖြစ်သည်ဟု အဆိုရှိကြပေသည်။

မြနှင်းဖြူအတွက်တော့ ထိုပျော်ရွှင်မှုများကို ပြည့်ပြည့်ဝဝ မခံစားရသေးပေ။ သူမအနေဖြင့် မကြာခင်မှာ မင်္ဂလာပွဲဆင်နွှဲရပေတော့မည်။ တစ်ခုတော့ရှိသည် မင်္ဂလာပွဲ ဆင်နွှဲရမည့်



www.burmeseclassic.com

www.burmeseclassic.com



သတို့သားမှာ သူမ၏ချစ်သူတော့ မဟုတ်သေးပေ. . ။

ချစ်သူဘဝရောက်ခဲ့ပြီးမှ လက်ထပ်ခွင့် မရခဲ့သူတွေ အများကြီး ရှိပေလိမ့်မည်။

ထိုနည်းတူစွာ ချစ်သူဖြစ်ဖို့ဝေးရော. . တစ်ကြိမ်တစ်ခါမှ တွေ့ဖူးမြင်ဖူးခြင်း မရှိပါပဲ လက်ထပ်ကြရပြီး ဘဝလက်တွဲဖော်ဘဝ ရောက်သွားကြသူတွေလည်း ရှိကြသည်။

မြနှင်းဖြူအနေနှင့်တော့ ထွန်းအောင်ဖေနှင့် ချစ်သူများ မဖြစ်ကြသေးပေ. . ။

သူမစိတ်ထဲမှ စဉ်းစားနေဆဲသာ အဆင့်မျိုး ရှိပေသေးသည်။ ပြောရလျှင်တော့ သူမနှလုံးသားက ထွန်းအောင်ဖေအတွက် အဆင်သင့် မဖြစ်သေးပေ။

ထိုအခြေအနေမျိုးမှာ တစ်ဆင့်ကျော်ပြီး လက်ထပ်ဘို့ အဆင့်မျိုး ရောက်လာသောအခါ စိတ်လှုပ်ရှားမှု ဖြစ်ရုံမှလွဲပြီး ပျော်ရွှင်မှု မရခဲ့ပေ။

နောက်တော့လည်း တစ်ယောက်သဘောတစ်ယောက် သိလာရသည့် နောက်ပိုင်းမှာ တဖြည်းဖြည်းနှင့် အဆင်ပြေလာလိမ့်မည်ဟုတော့ မျှော်လင့်ထားလေသည်။

ထွန်းအောင်ဖေကတော့ အလုပ်အားသည်နှင့် ရောက်လာပြီး လက်ထပ်ပြီးပါက မည်သို့မည်ပုံနေထိုင်ကြမည့် အကြောင်းများကို ပြောသည်။

"မြလေး ကြည့်ရတာ မပျော်မရွှင်နဲ့ ဘယ်လိုဖြစ်နေတာလဲ. ဘာလဲ ကိုယ်နဲ့လက်ထပ်ဖို့ သဘောတူပြီးမှ နောင်တ





ရနေတာလား"

"ဒီအခြေအနေမျိုးတောင် ရောက်နေပြီးမှတော့ နောင်တရစရာ မရှိပါဘူး ကိုထွန်းအောင်ဖေရယ်. ."

"အခုအချိန်ထိ ကိုယ့်နာမည်ကို အပြည့်အစုံ ခေါ်နေတာကြည့်ရင် စိတ်မပါသေးဘူးဆိုတာ သိသာတာပေါ့၊ ဘာလဲ မြလေးက ကိုယ့်အပေါ်မှာ မယုံကြည်သေးတဲ့ သဘောမျိုးလား"

"ကျွန်မ လူတစ်ဖက်သားပေါ်မှာတော့ အထင်မသေးတတ်ပါဘူး၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ ကိုယ်နဲ့ ဘဝတစ်လျှောက်လုံး လက်တွဲသွားရမယ့် လူတစ်ယောက်ကိုတော့ သူ့ရဲ့အကြောင်းတွေကို ဒီထက်ပိုပြီး သိထားသင့်ပါတယ်၊ ပြောရရင်တော့ ကိုထွန်းအောင်ဖေရဲ့အကြောင်းတွေကို ဒီထက်ပိုပြီး သိထားချင်ပါတယ်"

မြနှင်းဖြူ၏စကားက ထွန်းအောင်ဖေအတွက် အနာပေါ်တုတ်ကျသကဲ့သို့ အခံရခက်သွားလေသည်။

ထို့ကြောင့် စောစောက မျက်နှာပေါ်မှာ တွေ့ရသော အပြုံးများပါ ပျောက်ကွယ်သွားသည်။

"ဒါကတော့ ကိုယ့်အပေါ်မှာ မယုံကြည်တဲ့သဘောပဲ၊ အထင်အမြင်သေးတဲ့သဘောပဲ ကိုယ်က မြလေး အထင်အမြင်သေးလောက်အောင် အဆင့်အတန်း နိမ့်ကျတဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ ပြောရရင်တော့ ကိုယ်ဘက်ကလည်း မြလေးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဘာမှ သိပ်သိသေးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကလည်း ရှင့်ဘက်က အမိကထားပြီး လေ့လာသင့်တဲ့ အကြောင်းပါပဲ၊ မိန်းကလေးတစ်ယောက်ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တော့မယ်ဆိုရင် အဲ့ဒီမိန်းကလေးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို သေသေချာချာ သိထားသင့်တာပေါ့၊ မိန်းကလေးတစ်ယောက်ဆိုတာ ခြောက်ပြစ်ကင်း သဲလဲစင် လှနေရုံနဲ့ မပြီးဘူး"

ထွန်းအောင်ဖေက မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"အနည်းဆုံးတော့ အဲ့ဒီမိန်းကလေးရဲ့ ကိုယ်ကျင့်တရားနဲ့ စိတ်သဘောထားကိုတော့ သိထားရင် မမှားဘူးပေါ့၊ ချောမောလှပတဲ့ မိန်းကလေးကို မြင်တာနဲ့ သဘောကျပြီး ချက်ချင်းလက်ထပ်လိုက်ပြီးမှ စိတ်သဘောချင်း မတိုက်ဆိုင်တော့လို့ ကွာရှင်းရတာတွေ အများကြီးရှိပါတယ်. ."

မြနှင်းဖြူက တည်တည်ငြိမ်ငြိမ် ပြောနေသော်လည်း ထွန်းအောင်ဖေကတော့ မတည်မငြိမ်ဖြစ်နေသည်။

မကြာခင်လက်ထပ်ရတော့မည့် အမျိုးသမီးတစ်ယောက်က ယခုအချိန်ထိ သူ့အပေါ်မှာ မယုံမကြည်ဖြစ်နေသေးသည်ဟု စိတ်ထဲမှ ထင်သဖြင့် မခံချင်ဖြစ်သွားသည်။

"မင်းပြောတာကို ကိုယ်သဘောပေါက်ပါတယ်၊ အခုအချိန်အထိ ကိုယ့်အပေါ်မှာ မယုံကြည်သေးဘူး ဆိုတာလည်း သိပါတယ်၊ ဒီအတွက်လည်း စိတ်မကောင်းပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ပါလေ. . ကျွန်မအနေကတော့ မိဘတွေ မျက်နှာပျက်စရာ အရှက်ရစေမယ့်အလုပ်မျိုးကို ဘယ်တော့မှမလုပ်ပါဘူး၊ မိဘတွေစီစဉ်ထားတဲ့အတိုင်း ရှင်နဲ့ လက်ထပ်မှာပါ. ."





"ကိုယ်ကလည်း မင်းကို လက်ထပ်မှာပါ၊ ဒါပေမယ့် ကိုယ်ဟာ သိက္ခာပိုင်းနဲ့ ပတ်သက်လာလျှင် အငြိအစွန်းမခံတဲ့ လူတစ်ယောက်ဆိုတာတော့ သက်သေပြချင်ပါတယ်"

မြနှင်းဖြူက နားမလည်သလို ကြည့်နေသည်။

"ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့အချိန်က တစ်လလောက် လိုပါသေးတယ်၊ ဒီတော့ ဒီအချိန်အတွင်းမှာ မင်းကလည်း ကိုယ့်အကြောင်းကို တတ်နိုင်သလောက် စုံစမ်းကြည့်ပါ၊ ကိုယ်ကလည်း မင်းနဲ့ပတ်သက်တာတွေကို စုံစမ်းကြည့်ပါ့မယ်"

ထိုစကားကြောင့် အံ့သြသွားသည်။

"ဒီရက်အတွင်းမှာ တစ်ယောက်ယောက်မှာ ကိုယ်ကျင့်တရားပျက်ခဲ့တာမျိုး၊ ခွင့်မလွှတ်နိုင်လောက်တဲ့ အပြစ်မျိုးရှိခဲ့ရင် စေ့စပ်ပွဲကို ဖျက်နိုင်ပါတယ်၊ ဒါအပြင်. . နစ်နာတဲ့သူကို လျော်ကြေးပေးရမယ်လေ. . ."

"ဘယ်လို လျော်ကြေးမျိုးလဲ"

"ကိုယ့်ဘက်ကပဲဖြစ်ဖြစ်၊ မင်းဘက်ကပဲဖြစ်ဖြစ်၊ ခွင့်လွှတ်နိုင်တဲ့ ဖောက်ပြန်မှုမျိုးရှိခဲ့ရင် တွေ့ခဲ့ရင် နစ်နာတဲ့သူကို ရွှေတစ်ပိဿာနဲ့ ငွေငါးသောင်းလျော်ကြေးပေးရမယ်၊ နောက်ပြီး စေ့စပ်ပွဲလည်း ဖျက်ပေးရမယ် ဘယ်လိုလဲ. ."

မြနှင်းဖြူက ထွန်းအောင်ဖေကို အကဲခတ်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အမှန်တကယ် ပြောနေမှန်း သိရလေသည်။

"ရှင့်ရဲ့ စိန်ခေါ်မှုကို လက်မခံရင် ကျွန်မအပေါ် တစ်မျိုး ထင်စရာဖြစ်နေဦးမယ်၊ ဒီတော့ ရှင်ပြောတာကို လက်ခံပါတယ်၊ ဒီကနေ့ကစပြီး ကျွန်မနဲ့ပတ်သက်တဲ့ အကြောင်းတွေကို စုံစမ်းကြည့်ပါ. . ချို့ယွင်းမှု တစ်စုံတစ်ရာတွေ့ရင် ရှင်ပြောတဲ့ လျှော်ကြေးမျိုးပေးပြီး စေ့စပ်ပွဲကိုလည်း ဖျက်ပေးပါ့မယ်. ."

"ကောင်းပြီလေ စောင့်ကြည့်ရသေးတာပေါ့. ."

ဟုပြောပြီး ထပြန်သွားလေသည်။

မြနှင်းဖြူ စိတ်ထဲမှာတော့ သူမပြောလိုက်သော စကားကို မခံချင်ဖြစ်ပြီး ထိုကဲ့သို့ ပြောသွားသည်ဟု ထင်မိလေသည်။

သို့သော်လည်း ထိုအကြောင်းက မကြာခဏ အတွေးထဲသို့ ဝင်ရောက်နေသောကြောင့် စိတ်ထဲမှာ ထင့်နေလေသည်။

ဘာပဲဖြစ်ဖြစ် ကိုထွန်းအောင်ဖေနဲ့ ငါနဲ့က မကြာခင်မှာ လက်ထပ်တော့မယ့် သူတွေပဲ၊ ဒီလို အတူတကွ နေရမယ့်သူအပေါ်မှာ ဒီလိုပြောဆို ဆက်ဆံမိတာ မှားများသွားလေသလား။

သူ့လက်ထဲရောက်တော့ နည်းအမျိုးမျိုးနဲ့ နှိပ်စက်နေမလား။ အို. . . သူ့အနေနဲ့ ဒီလိုသဘောထား သေးမယ်ဆိုရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ. .၊ ဘာပဲဖြစ်ဖြစ် သူနဲ့တွေ့ရင်တော့ စိတ်ကို တတ်နိုင်သမျှလျှော့ထားပြီး အဆင်ပြေအောင် ဆက်ဆံရင်တော့ ရေရှည်သွားရမယ့်ခရီးမှာ ပိုကောင်းမယ် ထင်တာပဲ. . . ဟုတွေးကာ မိမိစိတ်ကို လျှော့ချထားလိုက်လေသည်။

ဒီအခြေအနေအထိ ရောက်နေမှတော့ သူမအနေနှင့်





ပြင်စရာ အခွင့်အရေး မရှိတော့။

ရွေးချယ်ရမည့် နောက်ထပ်လမ်းတစ်ခုလည်း မရှိတော့ပေ။ ထို့ကြောင့် မလွဲမသွေ လျှောက်ရမည့်လမ်းခရီးမှာ မိမိလက်တွဲရမည့် ဘဝခရီးဖော်နှင့် အဆင်ပြေပြီး အကောင်းဆုံးဖြစ်စေရန်သာ မိမိဘက်က ကြိုးစားရပေးရမည်ဟုလည်း တွေးမိသည်။

နောက်တစ်ပတ်ခန့်ကြာတော့ ထွန်းအောင်ဖေ ရောက်လာပြီး သူမှားကြောင်း တောင်းပန်ပြောဆိုလေသည်။

"ကျွန်မလည်း ကိုထွန်းအောင်ဖေကို တောင်းပန်ပါတယ်"

"ရပါတယ် မြလေးရယ် ကိုယ်တို့နှစ်ယောက်က ဘဝတစ်လျှောက်လုံး အတူတူ လက်တွဲသွားရမယ့်သူတွေပဲ တောင်းပန်နေစရာ မလိုပါဘူး၊ နောက်ပြီး ကိုယ်က မြလေးအပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်တာပါ၊ သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားပါမယ်လို့လည်း ကတိပေးပါတယ်"

ဟု လေချိုသွေးသည်။

ဘာပဲဖြစ်ဖြစ် ထိုကဲ့သို့ ပြောလာပြန်တော့လည်း သူမရင်ထဲမှာ ဖြစ်ပေါ်နေသော စိုးရိမ်မှုတစ်ခု လျော့ကျသွားပြီး ကျေနပ်သွားမိလေသည်။

"ကိုယ် အခုလာတာ အခြားမဟုတ်ပါဘူး၊ ကိုယ်တို့နှစ်ယောက် မင်္ဂလာမဆောင်ခင်မှာ ဆန်စက်ထဲမှာ ဧည့်ခံပွဲလေး တစ်ခုလုပ်ဖို့ စီစဉ်ထားတယ်၊ တခြားဧည့်သည်တွေတော့ မပါပါဘူး၊ ဆန်စက်ထဲက အလုပ်သမားတွေချည်းပါပဲ၊ အဲဒါ မြလေး



www.burmeseclassic.com

www.burmeseclassic.com



ခဏဖြစ်ဖြစ် လာခဲ့ပေးဖို့ လာပြောတာပါ"

"ကျွန်မက ဘယ်လိုလာရမှာလဲ"

"အဲဒီနေ့ မနက်ပိုင်းအချိန်မှာ ဆန်စက်က သမ္ဘန်တစ်စင်း လွှတ်ပေးလိုက်မယ်. . မိန်းကလေး အဖော်တွေ ထည့်ပေးလိုက်ပါမယ် လိုက်ခဲ့ပေးပါ"

"ကျွန်မတစ်ယောက်တည်းတော့ မလိုက်ဝံ့ဝါဘူး"

"အော် မြလေးရယ် မကြာခင် မင်္ဂလာတောင်ဆောင်တော့မှာပဲ ဘာများကြောက်နေရသေးလဲ နောက်ပြီး ဆိပ်ကြီးနဲ့ ခနောင်တိုဆိုတာ သိပ်ဝေးတာလည်း မဟုတ်ပါဘူး၊ မြလေး ကြောက်မှာစိုးလို့ ဆန်စက်ကမိန်းကလေးနှစ်ယောက် သုံးယောက်လည်း ထည့်ပေးလိုက်မှာပါ။ နောက်ပြီး အဲဒီနေ့မှာ ရန်ကုန်မြို့က စက်ပိုင်ရှင်သူဌေးလည်း လာမှာဆိုတော့ မြလေး မလာလို့ ဖြစ်မှာမဟုတ်ဘူး"

ဟုပြောရာ မြနှင်းဖြူမှာ မငြင်းသာတော့ပေ. . ။

"အင်းလေ ဒီလိုဆိုရင်လည်း အဲဒီနေ့ မနက်ကျတော့ အခေါ်လွှတ်ပေးလိုက်ပေါ့ ကျွန်မလိုက်ခဲ့ပါ့မယ်"

နောက်သုံးရက်ခန့် ကြာသောအခါ မြနှင်းဖြူတို့ နေအိမ်သို့ လူတစ်ယောက်နှင့် အမျိုးသမီး သုံးယောက်တို့ ရောက်လာကြသည်။ ဦးဆောင်လာသော သူမှာအခြားသူမဟုတ်ပေ။

သစ်စက်မှာ အလုပ်လုပ်နေသည့် စိန်မြိုင်ပင်ဖြစ်သည်။ သူနှင့်အတူ ပါလာသော အမျိုးသမီးသုံးယောက်တို့မှာ ဆန်စက်မှာ အလုပ်လုပ်နေသူများ ဖြစ်လေသည်။





မိန်းကလေး သုံးယောက်တို့မှာ သနပ်ခါး၊ ပေါင်ဒါ စသည်တို့ပြင်ဆင်ထားပြီး အဝတ်အစား အသစ်တို့ကို ဝတ်ဆင်ထားသည်။ မြနှင်းဖြူတို့ ဆိုင်ရောက်တော့ စိန်မြိုင်ကပြောသည်။

"ကျွန်တော်တို့ဆရာကြီးက ဒီကမိန်းကလေးကို အခေါ်ခိုင်းလို့ လာခေါ်တာပါ၊ ဆန်စက်မှာတော့ ရန်ကုန်က သူဌေး မိသားစုပါ ရောက်နေကြပါတယ်၊ သူဌေးမင်းက ကျွန်တော်တို့ ဆရာကြီးရဲ့ ဇနီးလောင်းကို တွေ့ချင်တယ်ဆိုပြီး စောင့်နေပါတယ်"

စိန်မြိုင်စကားကြောင့် မြနှင်းဖြူ အနေဖြင့် ဘာမှမထူးခြားသော်လည်း အနားမှာရှိနေသော မိခင်ဖြစ်သူ ဒေါ်ရွှေလေး ကတော့ ပျာပျာသလဲ ဖြစ်သွားလေသည်။

"ဟဲ့. . ဟိုမှာ သူဌေးမင်းကိုယ်တိုင် စောင့်နေတယ်ဆိုတော့ အားနာစရာ ဖြစ်နေပြီ. . နင်က အခုထိဘာမှ မပြင်ဆင်ရသေးဘူး၊ နင်တို့ကြောင့်တော့ ခက်ပါတယ်"

ဟု မြည်တွန်ပြောဆိုလေသည်။

"အို. . အမေကလည်း သူကဘယ်နေ့ဘယ်ရက်၊ ဘယ်အချိန်လုပ်မယ်လို့မှ ကြိုတင်ပြောမထားတာ ကျွန်မကဘယ်တတ်နိုင်ပါ့မလဲ. . အခုမှ သူဌေးစောင့်နေရင်လည်း ခဏဖြစ်ဖြစ်တော့ အဝတ်အစားလဲရဦးမှာပဲ"

ဟုပြောပြီး ဈေးရောင်းနေရာမှထကာ အတွင်းခန်းသို့ ဝင်သွားလေသည်။

အတော်ကြာတော့မှ အသင့်အတင့်လောက်သာ ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြီး အဝတ်အစားလဲကာ ပြန်ထွက်လာပြီးနောက် သမ္ဗန်ဆိပ်သို့ ဆင်းလာလေသည်။

သမ္ဗန်ထဲမှာတော့ စိန်မြိုင်နှင့် အမျိုးသမီးသုံးယောက်အပြင် သမ္ဗန်ခတ်သည့် ကုလားတစ်ယောက်သာပါသည်။ သူတို့သမ္ဗန်ထဲရောက်တော့ သမ္ဗန်က ပြန်ထွက်လာသည်။ ရေစီးနှင့်အတူ ချောင်းရိုးအတိုင်း ခတ်လာသည်။

အတန်ကြာတော့ မြနှင်းဖြူက မေးလိုက်သည်။

"ရှင်တို့ ဆရာက ဘာလုပ်မလို့ကျွန်မကို ခေါ်ခိုင်းတာလဲ"

"ဟို . . ဟို . . အလှူလုပ်တာထင်ပါရဲ့ ခင်ဗျား မသိဘူးလား"

"မသိသေးဘူး၊ သူဌေးကဘယ်အချိန်က ရောက်နေတာလဲ"

"မ . . မနက်ပိုင်းကတည်းကပဲ"

"ကုလားလူမျိုးဖြစ်ပြီး မြန်မာဘုန်းကြီးပင့်ပြီး ဆွမ်းကျွေးတာမျိုးလုပ်တာ သူဌေးက လက်ခံသလား"

ထိုသို့မေးသောအခါ စိန်မြိုင်မှာ ဘာပြန်ပြောရမှန်း မသိတော့ပေ။ မြနှင်းဖြူကလည်း စိန်မြိုင်အခြေအနေကို ကြည့်ပြီး ဆက်မမေးတော့ပေ . .။

ဆိပ်ကြီးနှင့် ခနောင်တိုမှာ ချောင်းတွင်းပိုင်းမှ သွားလျှင် ချောင်းကွေ့ချောင်းကောက်များသဖြင့် ခရီးအတော်ဝေးလေသည်။ ချောင်းရိုးတစ်လျှောက်မှာတော့ ကမ်းစပ်များတွင် လမု





ပင်တောများနှင့် ဓနိတောများသာရှိသည်။

ကမ်းစပ်တစ်လျှောက်မှာ ရွာမရှိပေ။

အချို့နေရာများမှာတော့ လှေလွန်းတင်သောရုံများရှိသည်။ မြနှင်းဖြူမှာသမ္ဗာန်ပေါ်မှာ မိန်းကလေးအဖော်သုံးယောက်ပါလာသဖြင့်သာ တော်ရှေ့သည်။

အရဲစွန့်ပြီးလိုက်ရသော်လည်း စိတ်ထဲမှာ တထင့်ထင့်နှင့်ဖြစ်နေသည်။

တစ်နေရာရောက်တော့ မိန်းကလေးတစ်ယောက်က အော်ပြောသည်။

"ဒီမှာ လှေဝမ်းပေါက်ထွက်ပြီး ရေတွေဝင်လာပြီ လုပ်ကြပါဦး"

လှမ်းကြည့်လိုက်တော့ လှေဝမ်းအလယ်မှ အပေါက်ပေါက်နေပြီး ထိုနေရာမှ ရေများဝင်နေသည်။

"ဟ . . ဟ . . ဒီအတိုင်းသွားလို့ မဖြစ်ဘူး လှေပေါက်ကို ဖာပြီးသွားမှရမှာ၊ ဟိုရှေ့က အိမ်ဆိပ်မှာ ခဏကပ်လိုက်၊ ကပ်လိုက် . ."

ဟုစိန်မြိုင်က ပြောသဖြင့် ကုလားက သမ္ဗန်ကို တံတားဆိပ်တစ်ခုတွင် ကပ်ပေးသဖြင့် အလျှင်အမြန် တက်ကြရသည်။ သူတို့တက်နေသောအချိန်မှာပင် သမ္ဗန်ထဲသို့ ရေက အတော်ဝင်နေချေပြီ . .။

"လှေပေါက်ကို မြန်မြန်ဖာစမ်းကွာ ရွှံ့စေးနဲ့ဖြစ်ဖြစ် ပိတ်လိုက် ငါတို့နောက်ကျနေရင် ဆရာကြီးကရော သူဌေးကပါ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပြောလိမ့်မယ်”

“ဟုတ်ကဲ့ ဆရာ..”

ဟု ပြောပြီး ကုလားက ရွှံ့စေးနှင့် လှေပေါက်ဖာရန် ရေထဲဆင်းသွားသည်။

ထိုအခါ တဲထဲမှ အဖွားအိုတစ်ယောက်ထွက်လာပြီး ပြောသည်။

“အပြင်မှာ နေပူလှတယ် တဲရိပ်ခဏ ဝင်နေကြပါလား”

ဟုပြောသဖြင့် ငါးယောက်သား တဲထဲသို့ ဝင်သွားပြီး ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်ကြသည်။

ထိုအခါ အဘွားအိုက သူတို့ငါးယောက်ကို သောက်ရေ တစ်ခွက်စီ ခပ်ပေးသဖြင့် အမောပြေသောက်ကြသည်။

ထိုသို့သောက်ပြီး ခဏကြာသောအခါ မြနန်းဖြူမှာ ခေါင်းမထူနိုင်တော့လောက်အောင် မူးဝေလာသောကြောင့် ကွပ်ပျစ်ပေါ်သို့ လဲကျသွားလေတော့သည်။

နောက်ပိုင်း ဘာမှ မသိရတော့ပေ...။





# အခန်း(၁၅)

# ဒုက္ခတွင်းမှကယ်တင်ပေးမည့်သူ

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည် မသိတော့ပေ။ သတိပြန်ရလာတော့ ဦးခေါင်းတစ်ခုလုံး မူးဝေနေဆဲပင် ရှိသေးသည်။

မိမိအနီးမှာ တစ်စုံတစ်ယောက် ရှိနေသည်ကို သတိပြုမိသဖြင့် အားယူပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဦးစွာ မိခင်ဖြစ်သူ ဒေါ်ရွှေလေးမျက်နှာကို တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားပြီး လှဲအိပ်နေရာမှ ထလိုက်သည်။ ခေါင်းမူးနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့် ထမရပဲ ဖြစ်နေရာ ညီမငယ်ရွှေမုံက နောက်မှ ဖေးကူပေးရသည်။ ဒေါ်ရွှေလေးက ဒေါသမျက်လုံးဖြင့် သူမကို ကြည့်နေရာ နားမလည်သလို ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲအမေ. . ."

"ဘာဖြစ်ရမလဲအေ့၊ ညည်းလုပ်ပုံ ကောင်းသေးလို့ လား"

ဟု အပြစ်တင်စကားဆိုသည်။

"ကျွန်. . ကျွန်မ ဘာလုပ်မိလို့လဲ"

"ကိုယ်လုပ်တာကိုယ် မသိဟန်ဆောင်နေပြန်ပြီ၊ အခု တော့ ညည်းလုပ်ပုံကြောင့် ငါတို့တစ်မိသားစုလုံး အရှက်ရပြီး မျက်နှာမဖော်ဝံ့အောင် ဖြစ်ကုန်ကြပြီ၊ ကိုယ့်မိဘတွေရဲ့ ဂုဏ် သိက္ခာကို တစ်ချက်တည်းနဲ့ ဖျက်ဆီးပစ်လိုက်တာပဲ"

ဟု မချိတင်ကဲပြောသည်။

"အမေပြောတာတွေ ကျွန်မ ဘာမှနားမလည်လို့ ဖြစ် သမျှတွေကို ကျွန်မကို ပြောပြပါအမေရယ်"

"ညည်းက အတော်ဟန်ဆောင်ကောင်းတယ်. . ကိုယ့် မှာ ချစ်သူရှိနေတာတောင် မိဘတွေ မရိပ်မိအောင် နေတတ် တယ်. ."

ထိုစကားကြောင့် မြနှင်းဖြူမှာ တအံ့တသြဖြင့် ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။

"ကျွန်မမှာ ချစ်သူမရှိပါဘူး"

ထိုစကားကြောင့် ဒေါ်ရွှေလေးက မီးဝင်းဝင်းတောက်





မတတ် မျက်လုံးကြည့်သည်၊

"ညည်းအဖေနဲ့ မောင်ရွှေမှာသာ အဲသည်လိုပြောရင် တော့ ထသတ်ကြမှာ အသေအချာပဲ ဆင်ကြီးတစ်ကောင်လုံး တွေ့နေတာတောင် မုန်လာဥ လုပ်ချင်သေးတယ် တတ်လည်း တတ်နိုင်တယ်"

"အမေပြောတာတွေ ကျွန်မ ဘာမှနားမလည်နိုင် အောင် ဖြစ်နေတယ်. . အဖေတို့ အမေတို့ သတ်ရင်လည်းခံရ မှာပါပဲ၊ ကျွန်မနားလည်အောင်တော့ ပြောပြပေးပါ အမေရယ် ကျွန်မ တောင်းပန်းပါတယ်"

ထိုအခါ ဒေါ်ရွှေလေးကမေးသည်။

"ညည်းနဲ့ ညည်းကိုလာခေါ်တဲ့. . ဟို စိန်မြိုင်ဆိုတဲ့ ကောင်လေးနဲ့က သမီးရည်းစားတွေ မဟုတ်ဘူးလား"

"ဟင့်အင်း မဟုတ်ပါဘူး. . . သူ့ကိုကျွန်မ သိတောင် မသိပါဘူး"

ဟု ပြောလိုက်ရာ ဒီတစ်ကြိမ် တအံ့တသြ ဖြစ်သွားသူက ဒေါ်ရွှေလေးပင်ဖြစ်သည်။

"ငါတောင် ရှုးချင်လာပြီ၊ တစ်နေ့က မောင်ထွန်းအောင် ဖေက အလှူရှိလို့ ခေါ်နိုင်းတော့ ညည်းလိုက်သွားတယ်. .၊ ဒါပေမယ့် ညည်းက ဟိုမရောက်ဘဲ ဟိုကောင်လေးနဲ့ ခိုးရာ လိုက်သွားတယ်. ."

"ရှင်. ."

"ညအချိန်အထိ ရောက်မလာတော့ မောင်ထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

ဖေက ဒီကိုရောက်လာပြီး လာမေးတယ်. .၊ ဒီရောက်တော့ အကြောင်းစုံသိသွားပြီး သူတို့လိုက်ရှာကြတော့မှ ညည်းတို့ နှစ်ယောက်ကို တဲတစ်လုံးမှာ ပြန်တွေ့ကြတယ်လို့ ပြောတယ်၊ အဲ့ဒီနောက် ညည်းကို ဒီလာပို့ပေးလို့ ပြန်ရောက်နေတာ လက်ဖွဲ့ လက်ကြပ် မိနေတာတောင် ငြင်းချင်သေးသလား"

"မဟုတ်ဘူး. . အမေပြောတာ တစ်ခုမှမဟုတ်ဘူး ကျွန်မ ဒီလောက်မိုက်မဲတဲ့ မိန်းကလေးမဟုတ်ဘူး၊ စိန်မြိုင်ဆိုတဲ့ လူကို သိလည်း မသိဘူး၊ ကျွန်မနဲ့ ချစ်သူဆိုတာလည်း တစ်ခုမှ မဟုတ်ဘူး"

"ဟုတ်ရဲ့လား မိနှင်းဖြူရယ် ညည်းတို့နှစ်ယောက် တဲတစ်လုံးထဲမှာ အတူအိပ်နေတာကိုတွေ့လို့ ပြန်ခေါ်လာရတာ ရော ဘယ်လိုဖြစ်ရတာလဲ"

မြနှင်းဖြူက သူမဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့ကို အကြောင်းစုံ ပြောပြလိုက်လေရာ ဒေါ်ရွှေလေးမှာ ပါးစပ် အဟောင်းသားဖြစ်သွားလေတော့သည်။

"ဟဲ့. . နင်ပြောတာတွေက တကယ်ရော ဟုတ်ရဲ့လား"

"အမေ့ကို ဘာကြောင့် ညာပြောရမှာလဲ အခုထိ ကျွန်မက အပျိုစင်ဘဝမှာပဲ ရှိသေးတယ်. . သူတို့ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး၊ ကျွန်မကို သက်သက်ယုတ်မာကြတာ. ."

ဟုပြောပြလိုက်သည်။

"သူက ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်





ကို ဘာကြောင့်အခုလို အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး နာမည်ပျက်အောင် လုပ်ရတာလဲ"

"သူ ယုတ်မာတာကို ကျွန်မသိတယ်၊ မကြာခင်အမေတို့ပါ သိလာလိမ့်မယ်"

"နင်ပြောတာတွေက အမှန်တွေပဲလား မိနှင်းဖြူရယ်"

"ကျွန်မ ဘယ်တော့မှ မလိမ်တတ်ပါဘူး၊ ကိုယ့်မိဘတွေကို မလိမ်ဝံ့သလို ကိုယ့်ကိုကိုယ်ကိုလည်း မလိမ်ပါဘူး၊ ကျွန်မ ပြောတဲ့စကားတွေ အမှန်ဖြစ်တယ်ဆိုတာကိုလည်း သစ္စာပြုဝံ့ပါတယ်"

ဒေါ်ရွှေလေးက စိတ်မသက်သာသော အမူအရာဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"စိတ်မပူပါနဲ့အမေ. . အမှန်တရားကို နတ်စောင့်ပါတယ်၊ ကျွန်မတို့က မှန်တဲ့ဘက်ကရှိနေရင် လူယုတ်မာတွေ နှိပ်စက်လို့ မရပါဘူး"

ဟု ပြောလိုက်လေသည်။

နောက်တစ်နေ့မှာတော့ လူတစ်ယောက် ရောက်လာပြီး မြနှင်းဖြူ နာမည်တပ်ထားသော စာအိတ်တစ်လုံးလာပို့ပေးသဖြင့် ဖောက်ဖတ်ကြည့်လိုက်သည်။

*"မြနှင်းဖြူ"*

*အခုတော့ ဘယ်သူသစ္စာပျက်ပြီဆိုတာ လက်တွေ့သိပြီ မဟုတ်လား၊ ငါကတော့ စိန်မြိုင်ကို မယားခိုးမှုနဲ့ရော မုဒိန်းနဲ့ပါ အမှုဖွင့်ပြီး တရားစွဲရမှာပဲ. .၊ ငါ့ဘက်မှာ သက်သေခံပေး*



www.burmeseclassic.com

မယ့်လူတွေ မျက်မြင်သက်သေတွေလည်း ရှိနေပြီလေ. . ဒီလို တရားစွဲလိုက်တာနဲ့ မင်းတို့နှစ်ယောက် အကြောင်းကိုလည်း အားလုံးကသိကြပြီး မင်းဘဝလည်း တစ်သက်လုံး အမည်းကွက် ထင်မှာ သေချာပြီလေ. .

ဒီလိုမှ လူသိရှင်ကြား အဖြစ်မခံချင်ရင်တော့ မင်းနဲ့ လောင်းကြေးထပ်ထားတဲ့အတိုင်း ရွှေတစ်ပိဿာနဲ့ ငွေ သောင်းပေးမယ်ဆိုရင်တော့ ငါဘက်က ကျေအေးပေးပါ့မယ်. . စေ့စပ်ထားတာကိုလည်း ဖျက်ပေးပါမယ်. . စဉ်းစားပြီးတာ အကြောင်းပြန်ပေးပါ. . .

“ထွန်းအောင်

ဟုရေးထားလေသည်။

မြနှင်းဖြူက စာရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ် ထားရင်း အံကြိတ်ထားသည်။ မျက်ရည်များ ပေါက်ပေါက်စီး လာသည်။

“လူယုတ်မာ ကတ္တိယသိက်သမား၊ နင်လိုကောက်ကျ ယုတ်မာတဲ့ အကြံနဲ့ လုပ်တာကို ခေါင်းငုံ့ခံမယ်လို့များ ထင် သလား၊ ဘယ်တော့မှ အရှုံးမပေးဘူး၊ အသက်ကိုသာ အသေ လိုက်မယ်. .”

တစ်ယောက်တည်း ကျိတ်ပြီး ရေရွတ်လိုက်သည်။

နောက်တော့ ထိုအကြောင်းကို ဒေါ်ရွှေလေးမှတစ် ဖခင်ဖြစ်သူ ဦးသာမောင်ပါသိသွားပြီး အံတကြိတ်ကြိတ် တော တစ်ခေါက်ခေါက် ဖြစ်နေတော့သည်။



“ဘုရားမှတ်လို့ ကိုးကွယ်မိတယ်. . ဖွတ်ထွက်လာတော့မှ တောင်ပို့မှန်းသိရတော့တယ်. .၊ ဒီလိုအရှက်တကွဲ အကျိုးနည်းအောင် လုပ်လာလို့ကတော့ အသက်ချင်းလဲပစ်မယ်ဟော့ သာမောင်တဲ့ တစ်မောင်တည်းရှိတယ်”

ဟု ကြိမ်းမောင်းပြောဆိုနေလေသည်။

မြနှင်းဖြူမှာ မိမိအပူကတစ်ဖက်၊ ဖခင်နှင့် မောင်ဖြစ်သူတို့ ဒေါသအလျောက် ပြုမူကြမည်ကို စိုးရိမ်နေရသောကြောင့် ရတတ်မအေးပဲ ရှိလေသည်။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် မြနှင်းဖြူတို့ နေအိမ်သို့ လူနှစ်ယောက် ရောက်လာကြလေသည်။ နီမောင်နှင့် ဦးဗန်ကောင်းတို့ပင် ဖြစ်ကြလေသည်။ သူတို့ရောက်လာတော့ ပထမတော့ ဦးသာမောင်တို့က လက်မခံချင်ကြပေ၊

နောက်ထပ် ဥပါယ်တမျဉ်နှင့် ဒုက္ခထပ်ပေးမည်ကို ကြောက်နေကြသောကြောင့် ဖြစ်သည်။

အတန်တန် ရှင်းပြတော့မှ မြနှင်းဖြူနှင့် တွေ့ခွင့်ရသည်။ ဦးဗန်ကောင်းက ဦးသာမောင်တို့နှင့် စကားပြောနေပြီး နီမောင်က မြနှင်းဖြူနှင့် စကားပြောခွင့်ရလေသည်။

“ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ် ကျွန်တော်က ဇမ္ဗူကျော်သစ်စက်က သူဌေးကိုယ်စားလှယ်ပါ”

“ကျွန်မ အစ်ကို့ကို မြင်ဖူးပါတယ်”

“မြနှင်းဖြူတို့ စေ့စပ်ပွဲနေ့က ကျွန်တော် လိုက်လာပါတယ်. . အဲ့ဒီတုန်းက တွေ့ဖူးတာဖြစ်မှာပါ. .”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"အခုကျွန်မနဲ့ တွေ့ရအောင်လာတာ ဘာကိစ္စရှိလို့လဲ ဟင်"

"ကျွန်တော်တို့လာတာ အကူအညီပေးဖို့ လာတာပါ"

"ရှင်. ."

"အော် ဒီလိုပါ မြနှင်းဖြူနဲ့ စိန်မြိုင်တို့ သတင်းက သစ်စက်နဲ့ ဆန်စက်ထဲမှာတင် မကတော့ပဲ ခနောင်တိုရွာထဲမှာပါ အတော်ကလေး ပြန့်နေတယ်၊ စိန်မြိုင်က ကျွန်တော်တို့ သစ်စက်က အလုပ်သမားပါ၊ သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါတယ်"

မြနှင်းဖြူက နီမောင်မျက်နှာကို တအံ့တသြ ကြည့်နေလေသည်။

"အစ်ကိုကဘယ်လို အကူအညီ ပေးမှာလဲဟင်"

မြနှင်းဖြူမှာ ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ လူတွေ့တိုင်း မယုံဝံ့တော့လောက်အောင် ဖြစ်နေသည်။

"မြနှင်းဖြူအနေနဲ့ ကျွန်တော်မေးတာကို မှန်တဲ့အတိုင်း ဖြေပေးပါ၊ ဒါမှ ကျွန်တော်တို့က ကြားထဲကဝင်ပြီး အကူပေးရမှာ မို့ပါ၊ အခုသတင်းကြားရတာတွေက မဟုတ်ဘူး. . မဟုတ်လား"

မြနှင်းဖြူက နီမောင်ကို တအံ့တသြကြည့်သည်။

ပြီးမှ ခေါင်းခါပြသည်။

"မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ကျွန်တော့်ကို အမှန်အတိုင်း ပြောပြပေးပါ"

ဟုမေးသောအခါ မြနှင်းဖြူလည်း သူမအနေနှင့် မှတ်





မိသော အကြောင်းအရာ အချို့ကို ပြောပြလိုက်သည်။

"မြနှင်းဖြူဆီကို သူရေးပို့ထားတဲ့စာကို ကြည့်ပါရစေ. ."

ဟုပြောသောအခါ တစ်နေရာမှာထားသော စာအိတ်ကို ယူလာပြီး ပေးသည်။

နီမောင်က ထိုစာရွက်ကို ဖတ်ကြည့်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"တကယ်တော့ မြင်နှင်းဖြူအနေနဲ့ ဘာမှမသိရပဲ ကြွက်ထိ ယသိုက်သမားတစ်ယောက်ရဲ့ ကျော့ကွင်းထဲကို တိုးဝင်သွားမိတာပါ"

"ဒီလောက် ယုတ်မာကောက်ကျစ်မယ်လို့ မထင်လို့ အခုလိုဖြစ်ရတာပါ. . အခုတော့. ."

မြနှင်းဖြူက ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်တို့ကို ပုဝါဖြင့် သုတ်ဖယ်ပစ်လိုက်သည်။

"ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ဗျာ ယုတ်မာကောက်ကျစ်တဲ့သူတွေ နှိပ်စက်တာကို ခေါင်းငုံ့ခံနေရင်း နှစ်ခါနစ်နာပါတယ်. . ဒီတော့ အမှန်တရားဘက်က ရှိနေတဲ့သူ အနေနဲ့ တုံ့ပြန်ရမှာပါပဲ. . ."

"ကျွန်မတို့က တစ်ရှက်ကနေ နှစ်ရှက်ဖြစ်မှာစိုးလို့. ."

"အမှားတစ်ခုကို ငြိမ်ခံလိုက်တာနဲ့ ပတ်ဝန်းကျင်က အမှန်လို့ ထင်မြင်ယူဆသွားကြလိမ့်မယ်၊ အဲ့ဒီလိုဆိုရင် နှစ်ခါနစ်နာမှာပေါ့. . အမှန်တရားဘက်က တုံ့ပြန်ဖြေရှင်းမှ အဖြေ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပေါ်မှာပေါ့”’

ထိုအခါ မြနှင်းဖြူကမေးသည်။

“အစ်ကိုက ဘာကြောင့်ကြားထဲက ကျွန်မအတွက် အကူအညီပေးရတာလဲဟင်”

“အကူအညီပေးသင့်လို့ ဝင်ပြီးပေးတာပါ၊ အခြားအကြောင်းတွေလည်း ရှိပါသေးတယ်၊ ဒါတွေကတော့ နောက်မှ ကျွန်တော်ပြောပြပါမယ်”

ဟုပြောရာ မြနှင်းဖြူလည်း ထိုအကြောင်းကို ဆက်မမေးတော့ပေ။ . ။

“ကျွန်မတို့အတွက် အခုလိုလာပြီး အကူအညီပေးတာ အများကြီးကျေးဇူးတင်ပါတယ်. . ဒါပေမယ့် ကျွန်မက အဲဒါမျိုးတွေ ဖြစ်လည်း မဖြစ်ဘူး၊ ကြုံလည်းမကြုံဘူးကြတော့ ဘယ်လိုလုပ်ရမှန်း မသိပါဘူး”

“ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်တို့မှာ အားကိုးစရာ အမှန်တရားနဲ့ တရားဥပဒေဆိုတာ ရှိပါတယ်၊ အဲ့ဒါတွေ အကူအညီနဲ့ပဲ အကောက်ကြံတဲ့သူတွေကို ရင်ဆိုင်သွားမှာပါ”

ဟုပြောသောအခါမှ မြနှင်းဖြူက လိုလိုလားလား ခေါင်းညိတ်ပြလေတော့သည်။

အပြင်မှာလည်း ဦးဖန်ကောင်းက မြနှင်းဖြူ၏မိဘများကို အကျိုးအကြောင်းပြောပြထားပြီးပြီမို့ ၎င်းတို့ကလည်း အားကိုးအားထားပြုသော အမူအရာဖြင့် ‘သဘောကျသလိုသာ





ဆောင်ရွက်ကြပါတော့’ ဟု ပုံအပ်လေသည်။

ထို့နောက် နှစ်ယောက်သား အားလုံးကိုနှုတ်ဆက်ပြီး ပြန်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

## မာယာကျွန်ယက်ထဲမှ သဲလွန်စများ

ညအချိန် ရောက်သောအခါ နီမောင်နေသောအိမ်သို့ ထွန်းအောင်ဖေတစ်ယောက် ရောက်လာလေသည်။ သူသည် အရက်သောက်ထားသဖြင့် အတန်ငယ်မူးနေဟန်လည်းရှိသည်။

နီမောင်က အိမ်ရှေ့ဘိုက်မှာ ချထားသော ကုလားထိုင်မှာထိုင်ပြီး သစ်စာရင်းများ ပြုလုပ်နေစဉ် သူရောက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နီမောင်က ထွန်းအောင်ဖေ အမူအရာကို အကဲခတ်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဘာကိစ္စရှိလို့လည်း ကိုထွန်းအောင်ဖေ. ."

"မင်းနဲ့ စာရင်းရှင်းစရာရှိလို့ လာခဲ့တာပေါ့ကွာ. . ဒါထက် မင်းတို့က ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဘာကြောင့် ဝင်ပါချင်ရတာလဲ"

"ဘာကို ပြောတာလဲ"

နီမောင်က မသိဟန်ပြုပြီး မေးလိုက်သည်။

"အခုမှ မသိချင်ယောင်ဆောင်မနေပါနဲ့ကွာ၊ ဒါထက် မေးပါရစေဦး မြနှင်းဖြူတို့နဲ့ မင်းတို့နဲ့က ဘယ်လိုပတ်သက်မှု ရှိနေလို့ မဆိုင်ပဲနဲ့ ကြီးတော်နွား ဝင်ကျောင်းပေးချင်ရတာလဲ"

"မြနှင်းဖြူက ဦးဗန်ကောင်းနဲ့ ဆွေမျိုးနီးစပ်တော်တယ် ကိုယ်ဆွေမျိုးသားချင်းတွေ အခက်အခဲတွေ့နေကြတဲ့အချိန်မှာ ဝင်ပြီးအကူအညီပေးတာ ဘာများဆန်းသလဲဗျာ. . ."

နီမောင်က အရေးမကြီးသော အမူအရာဖြင့် ပြောလိုက်လေသည်။ ထိုသို့ပြောသည်ကိုပင်. . ထွန်းအောင်ဖေမှာ မခံချိမခံသာ ဖြစ်နေတော့သည်။

"ဟုတ်မှလည်းပြောပါကွာ. . ဘာပဲဖြစ်ဖြစ်ပါလေ. . မင်းတို့ချင်းတွေက ဘယ်လိုပဲ အဆက်အသွယ်ရှိရှိ ဒါက အရေးမကြီးပါဘူး မင်းအနေနဲ့ သိထားရမှာက မြနှင်းဖြူဟာ ငါနဲ့ တရားဝင် စေ့စပ်ကြောင်းလမ်းထားတဲ့ ငါရဲ့ဇနီးလောင်းတစ်ယောက်ပဲ. . သူ့ရဲ့ဖောက်ပြန်မှုကိုတော့ အပြစ်ပေးတန် ပေးရ





မှာပဲ"

"သူဖောက်ပြန်တာကို ခင်ဗျားအနေနဲ့ ဘယ်လို သက်သေပြနိုင်သလဲ"

"ဟား . . ဟား. . ဟား. . ဟား. . လက်စသတ်တော့ မင်းက သူများစားကြွင်းစားကျန်ကို စောင့်စားဖို့ကြံစည်နေတဲ့ ကြောင်းဖားပဲကိုးကွ၊ ဒါပေမယ့် မင်းသူ့ကို မရနိုင်ပါဘူးကွာ၊ တစ်နေ့ကျရင် ငါခြေထောက်ဖက်ပြီး တောင်းပန်ရတော့မှာပါ"

ဟုပြောဆိုပြီး ထပြန်သွားလေတော့သည်။

နီမောင်လည်း တစ်ချက်သာကြည့်ပြီး လုပ်စရာရှိသော အလုပ်များကို ဆက်လုပ်နေလေသည်။

နောက်ရက်မှာတော့ မြနှင်းဖြူ၏ မိဘများက ဆိပ်ကြီးခနောင်တိုကို အုပ်ချုပ်နေသော သူကြီးဦးဘဆင်ထံသို့ တိုင်ချက်ဖွင့်သည်။

သူကြီးက ထိုအမှုမျိုးမှာ သာမန်မဟုတ်ပဲ ရှုတ်ထွေးလှသောကြောင့် ရန်ကုန် လမ်းမတော်ဂါတ်ထဲကိုလွှဲပေးရာ နောက်တစ်နေ့တွင် ထိုဂါတ်တဲမှ အင်စပက်တော် ဦးမင်းဟန်နှင့် စုံထောက်ကျော်စွာတို့ ရောက်လာကြသည်။

၎င်းတို့နှင့်အတူ ပုလိပ်အချို့လည်းပါလာသည်။

ပုံချိတ်သင်္ဘောတစ်စင်းဖြင့် လာကြပြီး သူကြီးနေအိမ် ဆိပ်ကမ်းမှာပင် ဆိုက်ကပ်ထားသည်။

အင်စပက်တော် ဦးမင်းဟန်က ဦးဗန်ကောင်းကိုတွေ့သောအခါ ခင်ခင်မင်မင် နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ကျော်စွာကလည်း ဦးဗန်ကောင်းကိုသိနေသဖြင့် နီမောင်ပင် အံ့သြရလေသည်။

"ဦးဗန်ကောင်းရေ. . . ကျုပ်တို့တော့ ဒီဘက်ကမ်းလာရတာ အတော်နေရာကျတာပဲဗျ"

"ဘာကြောင့်လည်း ပြောပါဦး"

"ဒီဘက်ကမ်းမှာ မတင်မကျနဲ့ သက်သေမခိုင်လုံလို့ ပလပ်ပေးထားရတဲ့ လူသေမှုတစ်ခု ရှိတယ်ဗျ"

"ဘယ်သူများပါလိမ့်"

"ခနောင်တိုဘက်က ဇမ္ဗူကျော်သစ်စက်မှာ တာဝန်ခံလုပ်သွားတဲ့ ဂျမားဆိုတဲ့ ကုလားတစ်ယောက်ပဲ"

"အခုကျုပ်တို့လုပ်နေတဲ့ သစ်စက်ကပါပဲ သူက ဘယ်လိုသေရတာလဲ"

"အဆိပ်မိတယ်လို့တော့ ယူဆရတာပဲ. . ဒါပေမယ့် အဆိပ်ကလည်း ချက်ခြင်းမိတာမျိုး မဟုတ်ဘူးဗျ. . ရက်ရှည်လများ မိနေပြီးမှ သေသွားတဲ့ ပုံစံမျိုးပဲ၊

ဒါပေမယ့် ဘာမှသဲလွန်စမရတော့ ဒီအတိုင်းလွှတ်ထားခဲ့ရတာပဲဗျ၊ အခုဒီရောက်လာတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို စုံစမ်းကြည့်ကြတာပေါ့ဗျာ. . ၊

အမှုကတော့ ဆွေးတယ်မရှိပါဘူး၊ သေတဲ့လူက သေသွားတာကြာပေမယ့် တစ်နေ့ကျရင် အရိုးတွင်းတတ်တာမျိုးတွေ ရှိတယ်"

ဟုပြောဆိုပြီး အမှုအကြောင်းကို ပြောဆိုကြလေသည်။





နီမောင်က ဦးဗန်ကောင်းနှင့် နှစ်ယောက်ချင်းတွေ့သောအခါ သိချင်တာ မေးကြည့်ရတယ်"

"ဒီပုလိပ်တွေ စုံထောက်တွေနဲ့ အဘက ဘယ်တုန်းကတည်းက သိနေကြတာလဲ"

"ငါ ဂိုဒေါင်မှာ အစောင့်လုပ်နေကတည်းက သူတို့နဲ့ သိနေတာပါ အဲ့ဒီတစ်ဝိုက်က လူဆိုးလူမိုက်တွေ သူခိုးသူဝှက်တွေနဲ့ ရာဇဝတ်မှုတွေကို ငါက တတ်နိုင်သလောက် စုံစမ်းပေးရင်းက သိနေကြတာပါ၊ သူတို့က ဂါတ်ထဲက စုံထောက်၊ ငါက ပလက်ဖောင်း စုံထောက်ပေါ့ကွာ. . "

"စုံလည်းစုံပါ့ဗျာ. . "

"ဒီလိုပဲလုပ်ရတာပဲ ကောင်လေးရဲ့လောကမှာ မပေါင်းအပ်တဲ့သူဆိုတာမျိုး ရှိမှမရှိတာ၊ တစ်ခုတော့ရှိတာပေါ့ စိတ်ပေါင်းကိုယ်ခွာ ပေါင်းတာနဲ့ ကိုယ်ရောစိတ်ပါ ပေါင်းရတာမျိုးတော့ ရှိတာပေါ့၊ ပုလိပ်ပဲဖြစ်ဖြစ် သူခိုးပဲဖြစ်ဖြစ် သူ့နေရာနဲ့သူ အသုံးချရတာမျိုးတွေ ရှိတယ်. . "

"မှန်ပါပေတယ်. . အခုသူတို့ ရောက်လာပြီတော့ ကျွန်တော်တို့က ဘယ်လိုလုပ်ရမှာလဲ"

"သူတို့အလုပ် သူတို့လုပ်ကြမှာပေါ့၊ ငါတို့ကနောက်ကနေ ဝိုင်းဝန်းအကူအညီပေးရုံပေါ့"

ဟုပြောလေသည်။

ထိုနောက်မှာတော့ စုံထောက်ကျော်စွာက နီမောင်ကိုပါခေါ်ပြီး ဇမ္ဗူကျော်ဆန်စက်သို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ကျော်စွာကို မြင်တော့ ထွန်းအောင်ဖေက မျက်နှာပျက်သွားလေသည်။

"ကျုပ်က ဒီဆန်စက်တာဝန်ခံ ထွန်းအောင်ဖေပါ ဘာများ အကူအညီပေးရမလဲ"

"ခင်ဗျားကို မေးစရာရှိလို့ပါ. . ဟိုတလောက ဒီဆန်စက်မှာ အလှူတစ်ခုလုပ်တယ်လို့ သတင်းကြားပါတယ်၊ ဘာအတွက် လုပ်တာလဲ"

"ဟို . . ဟို မင်္ဂလာဆွမ်းကျွေးအတွက် လုပ်တာပါ."

"မြန်မာမလေ့ထုံးစံလုပ်တော့ ဘယ်ကျောင်းက ဘုန်းကြီးကို ပင့်ပါသလဲ"

"ဘုန်းကြီးတောင် မပင့်လိုက်ရပါဘူးဗျာ. . ပြဿနာတွေ ပေါ်လာတာနဲ့ အစီအစဉ်တွေ ပျက်သွားတယ်၊ မိန်းမတွေဟာ သစ္စာကိုမရှိကြဘူး"

"ဆွမ်းကျွေးလုပ်ဖို့ စီစဉ်တော့ မြနှင်းဖြူဆိုတဲ့ မိန်းကလေးကို ခင်ဗျားခေါ်ခိုင်းပါသလား"

"ကျုပ်နဲ့ စေ့စပ်ထားတာမို့ ခေါ်ခိုင်းပါတယ်"

"ခင်ဗျား အခေါ်ခိုင်းတဲ့ စိန်မြိုင်ဆိုတဲ့လူက မြနှင်းဖြူနဲ့တွေ့တော့ ဇမ္ဗူကျော်ဆန်စက်သူဌေး ရောက်နေပြီဆိုပြီး ခေါ်ပါတယ်. . အဲ့ဒီအချိန်မှာ သူဌေးက ဒီကိုရောက်နေသလား"

"မလာဖြစ်ပါဘူး"

"စိန်မြိုင်နဲ့ မြနှင်းဖြူတို့ ချစ်သူဖြစ်နေတယ်ဆိုတာရော အမှန်ပဲလား"





"လက်ပူးလက်ကြပ်မိနေမှတော့ ဘာများပြောစရာလိုတော့သလဲဗျာ. . ."

"သူတို့နှစ်ယောက်ကို ဘယ်နေရာမှာ ဘယ်လို အခြေအနေမျိုးနဲ့ ပြန်တွေ့ရတယ်ဆိုတာတော့ ပြောပြပါ. ."

"ကျုပ်ဒီအကြောင်းကို ပြန်မပြောချင်လောက်အောင်ပါပဲဗျာ. . အဲ့ဒီနေ့က အလှူရှိလို့ စိန်မြိုင်ကို အခေါ်လွှတ်လိုက်တယ်. . စက်က မိန်းကလေးသုံးယောက်ကိုပါ အဖော်ထည့်ပေးလိုက်ပါသေးတယ်၊ ခေါ်လာပြီး လမ်းမှာ သမ္ဗန်ပေါက်လို့ ဝင်နားကြရတယ်"

"ဟုတ်ပါပြီ"

"အဲ့ဒီမှာပဲ အဖော်မိန်းကလေးတွေကို တစ်နေရာမှာထားခဲ့ပြီး သူတို့နှစ်ယောက်က တောထဲကအိမ်တစ်အိမ်ကို ထွက်ပြေးသွားတယ်. . နောက်တစ်နေ့ရောက်တော့မှ လိုက်ရှာတဲ့သူတွေက သူတို့နှစ်ယောက်ကို လူမရှိတဲ့ တဲတစ်လုံးမှာ အိပ်ပျော်နေတာကို တွေ့ကြရတာပါပဲ၊ ကျုပ်အနေနဲ့ကြည့်ရင် ဘယ်လောက် အသည်းနာဖို့ ကောင်းသလဲဗျာ. ."

"မှန်ပါတယ် ကိုယ်နဲ့လက်ထပ်တော့မယ့်ဆဲဆဲ အမျိုးသမီးတစ်ယောက်က အခုလို သစ္စာမဲ့တာကတော့ အသည်းနာစရာပေါ့. . ဒါထက်သူတို့နှစ်ယောက် ပြန်တွေ့တာကို သက်သေပြနိုင်ဖို့ ခင်ဗျားဘက်က ဘာတွေလုပ်ထားပါသလဲ"

"ရှိတာပေါ့ဗျာ သိပ်ရှိတာပေါ့၊ ခင်ဗျားတို့က ကျုပ်ကို တမင်လီဆယ်ပြီး ပြောနေတယ်လို့ ထင်နေကြတယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လား ကိုင်း. . ဒီမှာသာ ကြည့်ကြပေတော့. . ဒီထက်ခိုင်လုံတဲ့ သက်သေအထောက်အထားမျိုး ရှိပါဦးမလား"

ဟု ပြောပြီး ၄င်းအိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ပြသဖြင့် စံထောက် ကျော်စွာက ယူပြီးကြည့်လိုက်သည်။ ဓါတ်ပုံထဲမှာတော့ စိန်မြိုင်နှင့်မြနှင်းဖြူတို့ အိပ်ရာတစ်ခုပေါ်မှာ တစ်ယောက်နှင့်တစ်ယောက် ဖက်လျက်သား အိပ်နေသောပုံပင်ဖြစ်သည်။

အနီးကပ်ရိုက်ထားသောကြောင့် မျက်နှာတို့ကိုလည်း သဲသဲကွဲကွဲ မြင်ရလေသည်။

"ဒီဓါတ်ပုံက ဘယ်သူရိုက်တာလဲ"

"ကျုပ်တပည့်တစ်ယောက် ရိုက်ခဲ့တာပါ"

"သူက ကင်မရာကို ဘာကြောင့်ယူသွားတာလဲ"

"သူက ဓာတ်ပုံရိုက်တာ ဝါသနာပါတော့ သွားလေရာ ကင်မရာ ယူသွားတတ်လို့ အခုလို လက်ပူးလက်ကြပ်မိပြီး သက်သေပြနိုင်တာပေါ့"

ထိုသို့ပြောပြီး ဓာတ်ပုံကို ပြန်တောင်းသဖြင့် စုံထောက် ကျော်စွာက ပြန်ပေးပြီး သစ်စက်ဘက်သို့ လာကြလေသည်။ နီမောင်နေသော အိမ်ရောက်တော့ သစ်စက်ထဲမှာရှိနေသော စိန်မြိုင်ကိုခေါ်မေးသည်။

"မင်းနဲ့မြနှင်းဖြူနဲ့ ချစ်သူတွေဖြစ်နေကြတာ အမှန်ပဲလား"

"အမှန်ပါပဲ"

"ဘယ်လောက်ကြာပြီလဲ"





"တစ်နှစ်ကျော်လောက်ရှိပါပြီ"

"သူ့မိဘတွေက ဘယ်သူတွေလဲ"

"အဲ. . အဲဒါတော့ မသိသေးဘူးဗျ. . "

"ကိုယ်နဲ့ ခိုးရာလိုက်မယ့် အဆင့်တောင် ရောက်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မိဘတွေတောင် မသိသေးတာကတော့ လွန်တာပေါ့ကွာ. . ၊ ဒါထက် မင်းတို့ချင်း ချစ်သူဖြစ်နေတာကို မင်းဆရာက မသိဘူးလား"

"သူ မသိပါဘူး"

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့ မိန်းကလေးဘက်က အလိုမတူပဲ ခိုးယူပေါင်းသင်းမှုနဲ့ အမှုဖွင့်ထားတော့ မင်းကို ဖမ်းခေါ်သွားရမယ်. . "

စုံထောက်ကျော်စွာ စကားကြောင့် စိန်မြိုင်မှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လည်းဗျ၊ သူသဘောတူလို့ ခိုးရာနောက် လိုက်ခဲ့တာပဲ"

"အေးလေ အဲ့ဒါတွေက တရားရုံးရောက်တော့မှသာ မင်းပြောပေတော့ အခုလောလောဆယ်တော့ မင်းကို ဖမ်းရမယ်. . မိန်းကလေးဘက်က မှန်ရင်တော့ မင်းထောင်ထဲမှာ သုံးနှစ်ထက်မနည်း နေရမှာပေါ့ကွာ"

ဟု ပြောပြီး စိန်မြိုင်ကို လက်ထိတ်ခတ်လိုက်လေသည်။ ထိုအခါမှ စိန်မြိုင်မှာ ငိုတော့မလို ရယ်တော့မလို ဖြစ်ကာ မျက်နှာငယ်ကလေးနှင့် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . . သမ္ဘန်ခတ်ပို့သောကုလားနှင့် အဖော်လိုက်ပေးသော မိန်းကလေးသုံးယောက်တို့ကိုပါ တစ်ပါတည်းခေါ်ပြီး အမှုအခင်းဖြစ်သည့်နေ့က အသုံးပြုသော သမ္ဘန်ကိုပါ ယူဆောင်သွားလေသည်။

ထိုနောက်မှာတော့ အားလုံးကို လမ်းမတော်ဂါတ်ထဲသို့ခေါ်သွားပြီး တစ်ယောက်တစ်နေရာစီ ခွဲချုပ်ထားလိုက်လေသည်။

ထို့နောက် စုံထောက်ကျော်စွာက နီမောင်ကိုပြောသည်။

"ကိုနီမောင် ခင်ဗျားလှေသမ္ဘန်အကြောင်း သိသင့်သလောက် သိတယ်မဟုတ်လား"

"သိပါတယ် ဘာလုပ်ပေးရမလဲ"

"ဝမ်းဗိုက်ပေါက်နေတဲ့ သမ္ဘန်ကို စစ်ကြည့်ရအောင်ဗျာ"

"ဒါကလွယ်ပါတယ်. . လွန်းစင်ပေါ် တင်စစ်လိုက်ရင် အဖြေသိနိုင်ပါတယ်"

ထိုသမ္ဘန်ကို လွန်းတုံးပေါ်တင်စစ်သောအခါ အပေါက်မှာ သစ်သားဆွေးမြေ့၍သော်လည်းကောင်း၊ ပိုးစားသဖြင့်သော်လည်းကောင်း၊ ရေအောက်မှ တစ်စုံတစ်ခုဖြင့် ထိုးမိ တိုက်မိသဖြင့် ပေါက်ခြင်းမျိုးမဟုတ်ကြောင်း လွှန်းသူကြီးက ပြောပြသည်။

"ဒီအပေါက်က ကျွန်းပျဉ်အကောင်းကြီးကို ဆောက်





သွားနဲ့ ထိုးဖောက်ထားတာပါ ပြီးမှ ရွှံ့စေးနဲ့ ပြန်ပိတ်ထားတာပါ ဒီအပေါက်မျိုးက အပေါ်က လက်နဲ့ဖိလိုက်ရုံနဲ့ ပေါက်ထွက်နိုင်တယ်"

ထိုအဖြေရသောအခါ သမ္ဘန်ခတ်သည့် ကုလားကို ခေါ်စစ်သည်။ ကုလားမှာ ကြောက်သဖြင့် တစ်ကိုယ်လုံး တုန်နေသည်။

"မင်းမှန်မှန်ပြောရင် ဒီအပြစ်ကလွတ်ပေးမယ် အစိုးရသက်သေအနေနဲ့ ထားပေးမယ်၊ ဒါမှဆက်လိမ်နေရင်တော့ အလိုတူ အလိုပါအဖြစ် ထောင်ထဲပို့ရမှာပဲ"

"ကျွန်. . ကျွန်တော့်ကို ချမ်းသာပေးပါ. . ကျွန်တော်မှာ မိန်းမနဲ့ကလေးတွေ အများကြီးရှိပါတယ်"

"ဒါဖြင့် ငါတို့မေးတာကိုသာ မှန်မှန်ပြောပေတော့၊ သမ္ဘန်ဝမ်းဗိုက်က အပေါက်က တမင်ဖောက်ထားတာ မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"ဘယ်သူဖောက်ခိုင်းတာလဲ"

"ဆန်စက်ကိုယ်စားလှယ်က ဖောက်ခိုင်းတာပါ"

"မင်းကိုဘယ်လောက်ပေးသလဲ"

"ဆန်တစ်အိတ်နဲ့ ငွေငါးဆယ်ပေးပါတယ်"

"ကောင်းပြီ. . ဒီလိုပြောတဲ့အတွက် မင်းဘာမှ မဖြစ်စေရဘူး၊ မင်းသမ္ဘန်ကပ်ပေးတဲ့ လှေဆိပ်ကတဲကို သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိ. . သိပါတယ်"

"ဒါဖြင့် ငါတို့နဲ့လိုက်ခဲ့ပြီး ပြပေတော့"

ဟုပြောပြီး ပုလိပ်အချို့ကိုပါခေါ်ပြီး ပွဲချိတ်စက်လှေဖြင့် သွားကြလေသည်။

ထိုတဲအိမ်မှာတော့ အဘွားအိုတစ်ယောက်သာရှိလေသည်။ ထိုအဘွားကြီးကိုစစ်သောအခါ သိပ်ကြာကြာမစစ်ရပဲ မြနှင်းဖြူသောက်မည့် ရေခွက်ထဲသို့ ဆေးမှုန့်အချို့ထည့်ပြီး ပေးခဲ့ရကြောင်း သိရပြန်သည်။

ထိုအဘွားကြီးကိုလည်း လူတစ်ယောက်ရောက်လာပြီး ဆန်နှင့်ငွေငါးဆယ်ပေးသောကြောင့်. . . ထိုကဲ့သို့ လုပ်ပေးရကြောင်း အရိုးခံအတိုင်း ပြောလေသည်။

ထို့နောက် သတိမေ့နေသော မြနှင်းဖြူကို စံမြိုင်နှင့် အတူဖက်ပြီး တဲအတွင်းမှာပင် ဓာတ်ပုံရိုက်ယူသွားကြောင်း ပြောပြရာ ပိုပြီးပြည့်စုံသွားလေတော့သည်။

"ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ကို တမင် အကွက်ချပြီး ယုတ်မာခဲ့တာပဲကိုး"

"ဟုတ်တယ် ကိုနီမောင် ကျွန်တော်တို့ကတော့ အတွေ့အကြုံအရ အခြေအနေ ကြည့်ရုံနဲ့အကဲခတ်လို့ရပါတယ်၊ ဒါပေမယ့် အခုလို တစ်ခုချင်း စစ်လိုက်တော့ သူတို့ကြိုတင်ကြံစည်ခဲ့တဲ့ ကွင်းဆက်တွေ သိလာရတာပေါ့ဗျာ. . ."

"ဟုတ်တယ်ဆရာ ဟိုမှာခေါ်ထားတဲ့ မိန်းကလေး သုံးယောက်ကို ခွဲစစ်ရင် ဘယ်လိုယုတ်မာတာတွေ ကြားရဦးမယ်





မသိဘူး"

"မကြာတော့ပါဘူး အဖြေသိရတော့မှာပါ"

ဟုပြောပြီး ချောင်းတွင်းမှ ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၇)

## ဥပဒေစက်ကွင်းမှ မလွတ်ကင်းကြသူများ

သက်သေအဖြစ်ဖမ်းထားသော မိန်းကလေးသုံးယောက်စလုံး ခနောင်တိုမှပင်ဖြစ်သည်။

သုံးယောက်စလုံး အသက်(၂၀)ကျော်အရွယ်ခန့်သာရှိကြသေးပြီး အလုပ်ကြမ်းလုပ်နေကြသူများဖြစ်သည်။

မယ်ခင်၊ ယဉ်လှဆိုသော မိန်းကလေးနှစ်ယောက်က မြန်မာလူမျိုးဖြစ်ပြီး၊ မာရီက ကုလားဖြစ်သည်။

မယ်ခင်နှင့် ယဉ်လှက ဆန်စက်မှာ ဖွဲထမ်းသော အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်လုပ်ပြီး မာရီက သစ်စက်ဝန်းမှာ နေသူဖြစ်သည်။ မာရီခင်က သစ်စက်အလုပ်သမား တစ်ယောက်ဖြစ်သည်။ ၎င်းတို့အတွက်ပေးသော တန်းလျားခန်းမှာပင် နေကြသည်။ ကျန်နှစ်ယောက်ထက် မာရီက ရုပ်ရည်ရှိသည်။

ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးသည်။ ထို့ပြင် ထိုကဲ့သို့ အမှုအခင်းဖြစ်နေသော အချိန်မှာပင် သူမမျက်နှာက တင်းတင်းပင်ရှိသည်။ သူတို့သုံးယောက်ကို တစ်နေရာစီထားပြီး စစ်ဆေးမည့်နေ့ရောက်သောအခါ ဆိပ်ကြီးသို့ ပြန်ခေါ်လာသည်။ သူကြီးဦးဘဆင်နေအိမ်သို့ ရောက်တော့လည်း တစ်ယောက်တစ်နေရာစီပင် ခွဲထားသည်။

အမှုစစ်မည့်နေရာမှ သူကြီးဦးဘဆင် အမှုစစ်သောအခန်းမှာပင်ဖြစ်သည်။

သို့သော် ခါတိုင်းထက် တစ်ခုတော့ပိုပြီး ထူးခြားနေသည်။ အခြားမဟုတ်ပေ။

အခန်းတစ်နေရာမှာ နီမောင် အခန်းမှာထားသော မြနန်းရှင် ဒေဝီရုပ်ကို ယူလာပြီး ထိုအခန်းမှာ စင်ဖြင့် တင်ထားသည်။

အမွှေးတိုင်၊ ဖယောင်းတိုင်၊ ကန်တော့ပွဲအပြင် ပန်းပွင့်များနှင့် စားပွဲများပါ တင်ထားသည်။ အမွှေးတိုင်များ ထွန်းပေးထားသောကြောင့် အခန်းထဲမှာ အမွှေးနံ့များ ပြန့်နေသည်။

ထိုမိန်းကလေးသုံးယောက်ကို လမ်းမတော်ဂါတ်ထဲမှာ စစ်တန်သလောက် စစ်ခဲ့ပြီးသော်လည်း ခိုင်လုံသော အထောက်





အထားမျိုးတော့ မရသေးပေ။

ယခုအစီအစဉ်ကတော့ ဦးဖန်ကောင်း၏ အစီအစဉ်ဖြစ်ပြီး စုံထောက်ကျော်စွာနှင့် တိုင်ပင်ကာ ထိုကဲ့သို့ စစ်ဆေးရန် စီမံထားခြင်းဖြစ်သည်။

ထိုအခန်းကို နံဘေးမှမမြင်စေရန် ခန်းဆီးများကာထားပြီး အခန်းထဲမှာတော့ သူကြီးဦးဘဆင်၊ ဦးဖန်ကောင်း၊ စုံထောက်ကျော်စွာနှင့် နီမောင်တို့ လေးယောက်ရှိနေကြသည်။

အပြင်ဘက်မှာတော့ ပုလိပ်အချို့ရှိနေသည်။ ပထမဆုံး ခေါ်ယူစစ်ဆေးသူမှာ မယ်ခင်ဖြစ်သည်။ မယ်ခင်မှာ ထိုအခန်းထဲ ဝင်လာကတည်းက မျက်စိမျက်နှာပျက်နေသည်။

ဦးဖန်ကောင်းက မြနန်းရှင်ဒေဝီကို ကန်တော့ခိုင်းတော့ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်သည်။

"ရုံးမှာအမှုစစ်ရင်တော့ ကျမ်းကိုင်ရတယ်၊ ဒီမှာတော့ မြနန်းရှင်ဒေဝီကို တိုင်တည်ပြီး စစ်ဆေးရမှာပဲ၊ ငါတိုင်ပေးတဲ့အတိုင်းလိုက်ဆိုပါ။

"ကျွန်မသည်. . . ."

"ကျွန်မသည်. . . ."

မယ်ခင်က တုန်နေသောအသံဖြင့် လိုက်ဆိုသည်။

"မှန်သောစကားကိုသာ ပြောဆိုပါမည်ဟု မြနန်းရှင်ဒေဝီ မယ်တော်ကို တိုင်တည်ပါ၏. . ."

မယ်ခင်က ဦးဖန်ကောင်း တိုင်ပေးသည့်အတိုင်း အထစ်ထစ်ငေါ့ငေါ့ဖြင့် လိုက်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျော်စွာက စတင်ပြီးမေးသည်။

"ဟိုနေ့က မြနှင်းဖြူကို သွားခေါ်တော့ သမ္ဘန်ပေါ်မှာ ဘယ်နှစ်ယောက်ပါသလဲ"

အတန်ကြာအောင် စဉ်းစားပြီးမှ. .

"ငါးယောက်. . ."

ဟုဖြေသည်။

"ဘယ်သူတွေလည်း ပြောပါဦး"

"ကျွန်မရယ်၊ ယဉ်လှရယ်၊ မာရီရယ်၊ ကိုစိန်မြိုင်ရယ် သမ္ဗာန်ခတ်တဲ့ ကုလားဆာမိရယ် ငါးယောက်ပါ"

"နင်တို့ကို ဘယ်သူခိုင်းတာလဲ"

"ဟို. . . ဟို. ."

"မှန်တဲ့အတိုင်းသာ ပြောပါ"

"ဦး. . ဦးထွန်းအောင်ဖေ ခိုင်းတာပါ"

"လမ်းရောက်တော့ သမ္ဗာန်ပေါက်သွားတယ် ဘယ်သူလုပ်တာလဲ"

"ရှင်. ."

"သမ္ဘန်က အစကတည်းက အပေါက်ဖောက်ထားတယ်ဆိုတာကို သိပြီးပြီ၊ ရွှံ့စေးနဲ့ပိတ်ထားတဲ့ အပေါက်ကို ဘယ်သူ ဖောက်လိုက်တာလဲ အမှန်အတိုင်း ပြောပါ"

"ယဉ်. . ယဉ်လှ'

"ကောင်းပြီ. . ကျန်တာတွေကို ဆက်ပြောပါဦး"

ထိုအခါ မယ်ခင်က သူသိသမျှ မြင်သမျှတွေကို ပြော





ပြသည်။ ထို့နောက် ယဉ်လှဆိုသော မိန်းကလေးကို ခေါ်စစ်သည်။ အခန်းထဲရောက်ပြီး မယ်တော်ရုပ်တုရှေ့မှာ သစ္စာဆိုခိုင်းသောအခါ ကြောက်လန့်နေသည်။

"ရုပ်တုရှေ့မှာတော့ သစ္စာမဆိုပါရစေနဲ့ ကျမသိတာတွေကို မှန်တဲ့အတိုင်း ပြောပြပါ့မယ်"

ထို့နောက်မှာတော့ ယဉ်လှဆိုသော မိန်းကလေးက ရွှံ့စေးဖြင့် ပိတ်ထားသော အပေါက်ကို လက်ဖြင့်ထိုးဖောက်ပေးရကြောင်းနှင့် တဲပေါ်ရောက်သောအခါ မြင်တွေ့ရသော အကြောင်းများကို ပြောပြသည်။

သူပြောပြသော အကြောင်းများက တဲရှင်အဘွားကြီးပြောလိုက်သည်နှင့် တစ်ထပ်တည်းဖြစ်သည်။

"နင်တို့သုံးယောက်ထဲမှာ စိန်မြိုင်နဲ့ ပတ်သက်နေတာ ဘယ်သူလဲ"

"မာ. . မာရီ ပါ"

"သူက အရင်ဘာတွေလုပ်တယ်ဆိုတာ ပြောပြပါဦး"

"သူက သစ်စက်ဝင်းထဲမှာ နေပါတယ်၊ အရင်လူ ကိုဂျမားရှိတုန်းကတော့ ထမင်းလခနဲ့ ချက်ပို့ပေးပါတယ်၊ ကိုဂျမားသေသွားတော့ မလုပ်တော့ပါဘူး"

ဟု သူမသိသမျှ ပြောပြသည်။

စုံထောက်ကျော်စွာက သူမကို အပြင်ထုတ်ပြီး မာရီကို အခန်းတွင်း ခေါ်လိုက်သည်။

မျက်နှာထားတင်းတင်းနှင့် ဝင်လာသော မာရီမှာ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ရင်းဘက်မှာ တင်ထားသော မြနန်းရှင်ဒေဝီရုပ်တုကို ရုတ်တရက်တွေ့မြင်သောအခါ အကြီးအကျယ် မျက်နှာပျက်သွားပြီး တစ်ကိုယ်လုံး တုန်လှုပ်သွားလေသည်။

မျက်နှာမှာလည်း သွေးမရှိတော့သကဲ့သို့ ဖြစ်သွားလေသည်။ ဦးဇန်ကောင်းက သူမကို ရုပ်တုရှေ့မှာ ထိုင်စေပြီး. .၊

"ငါပြောတဲ့အတိုင်း လိုက်ဆိုပါ"

ဟုပြောတော့ ဘာမှပြန်မပြောပဲ အံကြိတ်ထားသည်။

နောက်တစ်ကြိမ်ထပ်ပြောတော့လည်း သည်အတိုင်းပင်ထိုင်မြဲထိုင်နေသည်။

ထိုအခိုက်မှာပင် မာရီ၏ ဆံပင်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲချလိုက်သကဲ့သို့ ဖြစ်သွားပြီး ကြမ်းပေါ်သို့ ဝပ်ကျသွားသည်။

ပြန်ထမရတော့ပေ. . .၊ ခဏကြာတော့မှ အသံထွက်လာသည်။

"ကြောက်ပါပြီရှင်. . လိုက်ဆိုပါတော့မယ်"

ဟုပြောတော့မှ ဦးခေါင်းပြန်ထောင်၍ ရလာသည်။

မျက်နှာပြင်တစ်ခုလုံး နီရဲနေပြီး မျက်ရည်များ စီးကျနေသည်။

"ကျွန်မသည် မယ်တော်မြနန်းရှင်ဒေဝီရှေ့မှာ မှန်သောစကားကိုသာ ပြောပါမည်. ."

ထိုသို့တိုင်ပေးသောအခါ လိုက်ဆိုသည်။

ထို့နောက် သိချင်သည်များကို တစ်ခုချင်းစစ်သောအခါ





ထိုအစီအစဉ်များမှာ ထွန်းအောင်ဖေက စေခိုင်းသဖြင့် စိန်မြိုင်က တာဝန်ယူပြီး စီစဉ်လုပ်ကိုင်ခဲ့ကြောင်း၊ ကျန်လူများက သူတို့စေခိုင်းသမျှ လုပ်ပေးရကြောင်း ပြောပြလေတော့သည်။

"ဒီစကားတွေက အမှန်ပဲ မဟုတ်လား"

"အမှန်တွေပါပဲရှင် မယ်တော်ရဲ့ရှေ့မှာ ကျွန်မ မလိမ်ဝံ့မညာဝံ့တော့ပါဘူး"

"ကောင်းပြီ နောက်တစ်ခုမေးမယ် မှန်တဲ့အတိုင်းပြောရင် သက်သာမယ်၊ ဖုံးကွယ်ပြောရင်တော့ ငါတို့ မသိရင်တောင် မယ်တော်က သိနေမှာပဲ"

"မေးပါရှင်. . ."

"ဇမ္ဗူကျော်သစ်စက်မှာ ဂျမားရှိတုန်းက လခနဲ့ ထမင်းဟင်းတွေ ချက်ပို့ပေးရတယ် မဟုတ်လား"

ပထမတော့ အံ့သြသွားဟန်ရှိသည်။ နောက်မှ ခေါင်းညိတ်ပြသည်။

"ဂျမားစားမယ့် အစားအသောက်တွေထဲမှာ စိန်မှုန့်တွေ နည်းနည်းချင်းထည့်ပေးတာ နင်လုပ်တာ မဟုတ်လား"

"မဟုတ်ပါဘူးရှင်. . ."

"ဒါဖြင့် မှန်တဲ့အတိုင်းသာ ပြောပါ၊ ငါတို့မှာ သက်သေခံအထောက်အထားတွေ အားလုံးရထားပြီးပြီ. .'

"ကျွန်မတို့က ထမင်းဟင်းချက်ပြီး သွားပို့ပေးရုံပါပဲ အစ ဆိပ်မခတ်ပါဘူး"

"ဒါဖြင့် ဘယ်သူခတ်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com

“သူပဲ ခတ်တာပါပဲ”

“သူဆိုတာ ဘယ်သူလဲ”

“ကိုစိန်မြိုင်ပါပဲ၊ သူက သစ်စက်တာဝန်ခံ ဖြစ်ချင်တော့ ကိုဂျမားကို တဖြည်းဖြည်းသေအောင် ကြံစည်ခဲ့တာပါပဲ”

ထိုသို့ ဝန်ခံသောအခါ စုံထောက်ကျော်စွာ မျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးများ ပေါ်လာလေတော့သည်။

“အချိန်အတော်ကြာအောင် လိပ်ခဲတင်းတင်းနဲ့ မတင်မကျဖြစ်နေတဲ့ အမှုတစ်ခုတော့ အခုမှပဲ အဖြေပေါ်တော့တယ်”

“ဒီလိုဆိုရင် မောင်ကျော်စွာအတွက်တော့ အမှုတစ်ခု လိုက်ရှင်းက နောက်တစ်မှုပါ ပေါ်ပြီဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားပြီပေါ့”

“ဒါပေါ့အဘရယ်. . ဒီလိုအဖြေရတာကလည်း အဘတို့ ကိုနီမောင်တို့ရဲ့ အကူအညီပေးတာကြောင့်လည်း ပါပါတယ်”

“ကျုပ်တို့ကို သိပ်ပြီး အထင်ကြီးမနေပါနဲ့ မောင်ကျော်စွာရယ် အခုလိုချောချောမွေ့မွေ့နဲ့ ပြီးသွားတယ်ဆိုတာ မြနန်းရှင်ဒေဝီရဲ့ ကူညီစောင့်ရှောက်မှုလည်း ပါပါလိမ့်မယ်. . ”

“ကျွန်တော်ကတော့ ဒီလိုဂမ္ဘီရဆန်တဲ့ ကိစ္စမျိုးတွေ သိပ်ပြီးတော့ နားမလည်ပါဘူး၊ ဒါပေမယ့် ဖြစ်နိုင်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ မာရီဆိုတဲ့ ကုလားမက စိတ်အတော်မာပုံရတယ် လွယ်လွယ်နဲ့ပြောမယ့်ပုံလည်း မရှိဘူး”

“ဟုတ်တယ်. . ဟုတ်တယ်”

“ဒါပေမယ့် အခန်းထဲမှာ မယ်တော်ရုပ်တု ရောက်တာနဲ့





ဆံပင်ဆွဲပြီး ကြမ်းပြင်ပေါ် ဆောင့်ချလိုက်တော့မှ လေသံပြောင်းသွားတော့တာပဲ. . အဘတို့ မျက်လှည့်ပြလိုက်တာတော့ မဟုတ်ပါဘူးနော်”

“မဟုတ်ပါဘူး မောင်ကျော်စွာရယ်. . ဒါမျိုးတွေက လှည့်စားလို့ မရဘူး၊ ကျုပ်တို့လုပ်လို့လည်း မရပါဘူး၊ သိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကူညီစောင့်ရှောက်ပေးရင် ဘယ်ကိစ္စမဆို လွယ်ကူပါတယ်”

ထို့နောက်မှာတော့ စုံထောက် ကျော်စွာလည်း ဇမ္ဗူကျော်ဆန်စက်မှာရှိသော ထွန်းအောင်ဖေကို ဖမ်းဆီးရန် သွားရာ မတွေ့ရတော့ပေ။

ထွန်းအောင်ဖေမှာ အခြေအနေမဟန်တော့မှန်း သိသဖြင့် ထွက်ပြေးသွားလေသည်။

သို့သော်လည်း ၎င်းနှင့် အဆက်အသွယ်ရှိသော နေရာများကို စုံစမ်းပြီး ပိုက်စိပ်တိုက်ရှာဖွေကြရာ နောက်ဆုံးတွင် မြစ်ဝကျွန်းပေါ် ဘက်ထွက်မည့် သင်္ဘောတစ်စင်းပေါ်မှာ တွေ့သဖြင့် ဖမ်းဆီးခေါ်ဆောင် သွားကြလေတော့သည်။

ယခုတော့လည်း အရာအားလုံး ပြီးဆုံးသွားခဲ့ပေပြီ. . ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

## ပြုကျွဒိန်မလိုသော ချစ်ခြင်းမေတ္တာ

ဇမ္ဗူကျော်ဆန်စက်တွင် ထွန်းအောင်ဖေ မရှိတော့သော အခါ သူ့ငွေးချန္ဒရာကိုယ်တိုင် ရောက်လာပြီး ဆန်စက်လုပ်ငန်း မှုန်သမျှကို တာဝန်ယူလုပ်ကိုင်ရန် နီမောင်အား လွှဲပေးလေ သည်။

"ငါရဲ့ ဆန္ဒတွေလည်း အခုမှပြည့်ဝတော့တယ်၊ အရင် က ဆန်စက်လုပ်ငန်းရော သစ်စက်လုပ်ငန်းပါ ငါက အချိန်ပြည့် ကြည့်နိုင်ဘူး၊ သူတို့တစ်တွေက လုပ်ချင်တိုင်း လုပ်နေကြတော့



www.burmeseclassic.com

www.burmeseclassic.com

အကျိုးအမြတ်မရလှဘူး၊ အခုသစ်စက်မှာ မင်းတို့ရောက်လာတော့ အကျိုးအမြတ် အတော်ရလာတယ်၊ ဆန်စက်ကိုလည်း မင်းလက်ထဲပဲအပ်ပါတယ် . . သဘောကျသလိုသာ စီမံခန့်ခွဲပြီး လုပ်ပေတော့ . . ”

ဟုလွှဲအပ်ပေးလေသည်။

နီမောင် ဆန်စက်သို့ ပြောင်းရသောအခါ သစ်စက်တာဝန်ကို ဦးဇန်ကောင်းနှင့် သစ်စာရေးကျော်မောင်တို့ကို လွှဲအပ်ထားခဲ့လေသည်။

သူက ဆန်စက်ဝင်းထဲမှာ စက်ပိုင်ကိုယ်စားလှယ်နေသော အိမ်သို့ ပြောင်းရွှေ့သောအခါ မြနန်းရှင်ဒေဝီရုပ်တုကိုပါ တစ်ပါတည်း သယ်ဆောင်သွားပြီး အခန်းတစ်ခုဖြင့် သီးသန့်ထားလေသည်။

ထိုအဖြစ်အပျက်များ ပြီးသွားပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ နီမောင်ရှိသော ဇမ္ဗူကျော်ဆန်စက်သို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။

မြနှင်းဖြူပင်ဖြစ်သည်။

သူမနှင့်အတူ အစားအသောက် အဝတ်အထည်များ ထည့်ယူလာသော ခြင်းတစ်လုံးလည်း ပါလာသည်။

နီမောင်က မမျှော်လင့်ပဲ မြနှင်းဖြူကို တွေ့ရတော့ အံ့ဩသွားလေသည်။

“ဟင် . . . မြနှင်းဖြူပါလား”

“အစ်ကိုက သစ်စက်မှာ မလုပ်တော့ဘူးလား”





“သစ်စက်မှာ ဦးဇန်ကောင်းတို့ရှိပါတယ် . . ကျွန်တော်က ဒီမှာတာဝန်ယူနေရတယ် . . မြနှင်းဖြူ ဘာအတွက်လာတာလဲဟင်”

“အစ်ကို့ကို လာကန်တော့တာပါ”

“မဟုတ်တာဗျာ မြနှင်းဖြူနဲ့ ကျွန်တော်က သက်တူရွယ်တူလောက်ပဲ ရှိကြမှာပါ”

“ကျွန်မက အသက်အရွယ်ကို ကန်တော့တာမှ မဟုတ်တာ ကျေးဇူးကို ကန်တော့ဖို့လာတာပါ”

“ဒီလိုဆိုရင် အဘဦးဇန်ကောင်းကိုပါ အခေါ်ခိုင်းလိုက်ဦးမယ် ခဏစောင့်နော်”

နီမောင်က ရှက်ကိုးရှက်ကန်း ဖြစ်နေသောကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

“နေပါစေအစ်ကိုရယ် ပြီးမှ အဘကို သပ်သပ်သွားကန်တော့ပါ့မယ်”

ဟုပြောသဖြင့် ကုလားထိုင်ပေါ်မှာ ဝင်ထိုင်ပေးရသည်။ မြနှင်းဖြူက ကြမ်းပြင်ပေါ်မှာထိုင်ပြီး ကန်တော့လေသည်။

“ကျွန်မနဲ့ ကျွန်မတို့ မိသားစုတွေရဲ့ အရှက်နဲ့သိက္ခာကို ပတ်ဝန်းကျင် တံတွေးခွက်က ဆယ်တင်ပေးခဲ့တဲ့ အစ်ကို့ရဲ့ကျေးဇူးကို ကျွန်မကန်တော့ပါတယ်”

ဟုလည်းပြောသည်။

နီမောင်က ဘာပြန်ပြောရမှန်းမသိပဲ မြနှင်းဖြူကို ကြည့်နေသည်။ ပြီးမှ ကုလားထိုင်ပေါ် ထိုင်ခိုင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့က ဘာမျှော်လင့်ချက်မျိုးမှ မထားပဲ စေတနာနဲ့ ဝင်ပြီး အကူအညီပေးခဲ့ကြတာပါ၊ မြနှင်းဖြူက အခုလို လာကန်တော့တော့ စိတ်ထဲမှာ တစ်မျိုးပါပဲ. . ."

မြနှင်းဖြူက တစ်ချက်ပြုံးနေပြီးမှ မေးသည်။

"ကျွန်မဒီလိုလာခဲ့တာ သိချင်တာလေးတွေလည်း ရှိလို့ပါ"

"ဘာများလည်းဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်မကို အကူအညီပေးတာ စေတနာအပြင် တခြားအကြောင်းတွေလည်း ရှိသေးတယ်ဆိုတာ သိချင်တာပါ. ."

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မြနှင်းဖြူကို မမြင်ဖူးခင်ကတည်းက သိနေသလိုပါပဲ"

"ဟင် ဘယ်လိုသိတာလဲဟင်"

"မယ်တော်မြနန်းရှင်ဒေဝီက ပြောပြတာပါ. .၊ သူက မြနှင်းဖြူဟာ ကျွန်တော်ရဲ့ ဘဝလက်တွဲဖော် ဖူးစာဖက်တစ်ယောက်လို့ ပြောပြပါတယ်"

မြနှင်းဖြူက ဦးခေါင်းတစ်ချက် ငုံ့သွားပြီးမှ မေးသည်။

"ဒီတော့ အစ်ကိုသဘောကရော. ."

"ကျွန်တော်သဘောကလည်း မြနှင်းဖြူကို မြင်တော့ မယ်တော်ပြောတဲ့အတိုင်းဖြစ်ရင် ကောင်းမှာပဲလို့ တွေးမိပါတယ်၊ ဒါပေမယ့် စတွေ့တဲ့အချိန်က မြနှင်းဖြူက ထွန်းအောင်





ဖေနဲ့ စေ့စပ်ပွဲတောင် လုပ်နေကြပြီဆိုတော့ စိတ်လျှော့ထားလိုက်ရပါတယ်"

"မှန်ပါတယ် ကျွန်မဘဝမှာ လူယုတ်မာတစ်ယောက်ကြောင့် အမည်းစက်တစ်ခု ထင်ခဲ့ရပါတယ်၊ အခုလိုဖြစ်သွားပြီးတော့ရော ဘယ်လိုသဘောထားသေးလဲဟင်"

ပွင့်ပွင့်လင်းလင်းပင် မေးသည်။

"မြနှင်းဖြူအတွက် စိတ်မကောင်းပါဘူး၊ တစ်ဖက်ကလည်း ဝမ်းသာမိပါတယ်"

"ဘယ်လိုကြောင့်လည်းဟင်"

"ကျွန်တော့်အတွက် မျှော်လင့်ချက်ကလေး ပြန်ရလာလို့ပါ"

"မယ်တော်ပြောခဲ့တဲ့အတိုင်း ကျွန်မနဲ့ ပတ်သက်ပြီးတော့ရော အစ်ကိုက လက်ခံပေးနိုင်လို့လား"

"လက်မခံနိုင်စရာမရှိပါဘူး၊ ဘာကြောင့်လည်းဆိုတော့ မြနှင်းဖြူကို စတွေ့ကတည်းက ကိုယ်ရဲ့ဖူးစာဖက်တစ်ယောက်လို စွဲလန်းနှစ်သက်နေမိခဲ့လို့ပါပဲ"

"ဒီစကားကရော အမှန်ပြောနေတာ ဟုတ်ရဲ့လား"

"ရင်ထဲကရှိတာတွေကို ဖွင့်ပြောနေတာပါ. ."

"ဒီလိုဆိုရင်. . ကျွန်မမေးတာကို မှန်မှန်ဖြေမလားဟင်"

"မေးလေ. ."

"ကျွန်မကိုချစ်တယ်ဆိုတာ မြနန်းရှင်ဒေဝီကပြောလို့



www.burmeseclassic.com

www.burmeseclassic.com



လား ဒါမှမဟုတ် ရင်ထဲကပါလို့လား"

"နှစ်မျိုးစလုံးကြောင့်ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်. . . မြနှင်းဖြူ သဘောကရောဟင်. ."

"ကျွန်မကတော့ မြနန်းရှင်ဒေဝီက တိုက်တွန်းခဲ့လို့ မဟုတ်ပါဘူး၊ အစ်ကို့ကို စတွေ့ကတည်းက ဘဝတလျှောက်လုံး အားကိုးထိုက်တဲ့လူတစ်ယောက်အနေနဲ့ စိတ်ဝင်စားခဲ့မိပါတယ်. .၊ အစ်ကိုက ဖွင့်ပြောလာတော့ ကိုယ်မျှော်လင့်ထားသလို ဖြစ်လာရတော့ ဝမ်းသာရတာပေါ့၊ အစ်ကို့မေတ္တာကို ကျွန်မလက်ခံပေးပါမယ်"

ဟု ကြည်လင်သောအပြုံးဖြင့် ပြောလိုက်ရာ နီမောင့်ခမျာ အကျေနပ်ပြီး ကျေနပ်သွားလေတော့သည်။

"ဝမ်းသာလိုက်တာ မြရယ်. . . အခုမှပဲ စိတ်အေးရတော့မယ်"

ဟုပြောပြီ မြနှင်းဖြူထိုင်နေသော ကုလားထိုင်ဘက်သို့ ပြောင်းထိုင်ကာ သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ကိုယ့်အဖြစ်က ဘာနဲ့တူသလဲဆိုတော့ ရေထဲကျသွားလို့ ပြန်မရနိုင်တော့တဲ့ ကိုယ်မြတ်နိုးတဲ့ ပစ္စည်းကို မမျှော်လင့်ပဲ ပြန်ရလို့ ဝမ်းသာရသလိုပါပဲ၊ ဖူးစာရှင်ကိုတွေ့တဲ့အချိန်မှာ သူတစ်ပါးနဲ့ လက်ထပ်တော့မယ့် အချိန်ဖြစ်နေလို့ ခံစားရသေးတယ်. . . အခုမှပဲ. . ."

ယခုတော့လည်း သူတို့နှစ်ဦးအတွက် ဘဝခရီးလမ်း





ရှေ့ရေးက ဖြောင့်ဖြူးသာယာလျက်ပင် ရှိနေတော့သည်။

တကယ်တော့ အချစ်သည် နွေဦးရာသီနှင့်ပင်တူသည်။ အချစ်ကို ပိုင်ဆိုင်ခွင့်ရခြင်းကြောင့် သာယာလှပသော နွေဦးရာသီ ရောက်ရသကဲ့သို့ ခံစားကြရပေသည်။

သာယာတဲ့ ရာသီဥတုကိုရောက်လာရင် အချိန်သတ်မှတ်တဲ့ ပြက္ခဒိန်မျိုး မလိုအပ်တော့ပါဘူး။

ချစ်ခြင်းမေတ္တာနဲ့ ပျော်မွေ့ခွင့်ရသူတွေအတွက် အချိန်ကာလဆိုတာ အနှောင့်အယှက် တစ်ခုလိုပါပဲ. . .။

မေတ္တာနှင့် အခြေခံသော ချစ်ခြင်းမေတ္တာသည် အချိန်ကာလတို့ကပင် ကောင်းချီးသြဘာ ပေးတတ်ကြပေသည်။

သစ္စာဖြင့် အခြေခံသော စစ်မှန်သည့် ချစ်ခြင်းမေတ္တာရှိကြသူများအဖို့ မည်သည့်အနှောင့်အယှက် အတားအဆီးကိုမှ စိုးရိမ်ကြောင့်ကျနေစရာ မလိုပါချေ။

ယခုတော့ နီမောင်နှင့် မြနှင်းဖြူတို့ ချစ်သူနှစ်ဦးအတွက်လည်း အတားအဆီး အနှောက်အယှက်ကင်းပြီး အချိန်ကာလမလိုသော ချစ်ခရီးလမ်းကို ဖြတ်သန်းကြရတော့မည် ဖြစ်ပေသည်။

တကယ်ဆိုလျှင် ကျွန်ုပ်ရေးသားသောဝတ္ထုရှည်မှာ ဤနေရာတွင် အဆုံးသတ်ရမည် ဖြစ်သော်လည်း ပြောစရာတစ်ခုတော့ ကျန်ပါသေးသည်။

အခြားမဟုတ်ပေ။

"မြနန်းရှင်ဒေဝီ" နှင့်ပတ်သက်သည့် ထူးခြားဆန်းကြယ်လှသည့် ဂမ္ဘီရအကြောင်းအရာများ ကျန်နေပါသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်အုပ်တွင် ဆက်လက်ရေးသားပါမည့်အကြောင်း လေးစားစွာပန် ကြားအပ်ပါသည်။

ဤနေရာတွင် ယခုကျွန်ုပ်ရေးသားသော (မြန်နန်းရှင် ဒေဝီ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။”

အနိယာဟောန္တု သုခိအတ္တာနံ ပရိဟရန္တု

## တြိစတ္တ (ခ)

စာပြီးချိန်...... ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ(၁၅)ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၁)နာရီ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com

